မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၅၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr.Jimmy Carter ဦးဆောင်ပြီး ဖင်လန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr.Martti Ahtisaari၊ နော်ဝေ နိုင်ငံဝန်ကြီးချုပ်ဟောင်း Dr.Gro Harlem Brundtland တို့ ပါဝင်သော ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပြောကြား

ယင်းတို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆွေတော်တို့ အနေဖြင့် ယခုကဲ့သို့ ကမ္ဘာ့လူသားများ၏ အကျိုးကိုရှေးရှုပြီး လိုက်လံကူညီ ဆောင်ရွက်ပေးနေသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိတို့ နိုင်ငံအတွင်း လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများလည်း ကြုံတွေ့ရပါကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းနီးပါး သေနတ်သံများ ချုပ်ငြိမ်းသွားပြီး နယ်စပ်ဒေသအများအပြားတွင် ငြိမ်းချမ်းရေးအသီးအပွင့်များ ကို ခံစားနေရပြီဖြစ်ပါကြောင်း၊ မကြာမီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အပစ်အခတ်များရပ်စဲသော်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်း ရေးရရှိရန် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် ကျန်ရှိနေပါသေး ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အဆွေတော်တို့၏အတွေ့အကြုံ များ၊ အကြံဉာဏ်များကို မျှဝေပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးဆိုင်ရာများ၊ ရခိုင် ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်ပဋိပက္ခအား ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ *စာမျက်နှာ ၃ ကော်လံ ၄* ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် **Mr.Jimmy Carter** အား နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံသံအမတ်ကြီးနှင့် မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

စာမျက်နှာ ➤ ၃

ခရီးသွားရာသီကြိုတင်ပြင်ဆင်မှုများ၌ ဟိုတယ်ခန်းနှစ်ထပ် ကြိုတင်ယူထားမှုများကြုံနိုင်

သတင်း-ခင်လေးမြင့်အောင်
ဓာတ်ပုံ-ခင်ရတနာ

ရန်ကုန် စက်တင်ဘာ ၂၅

ခရီးသွားရာသီအကြိုကာလရောက်ရှိလာနေပြီး ခရီးသွားလုပ်ငန်းများ ကြိုတင်ပြင်ဆင်နေကြသော်လည်း အဓိကစိန်ခေါ်မှုမှာ ဟိုတယ်အခန်းရရှိနိုင်မှု မလုံလောက် ခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းအေဂျင်စီများထံမှ သိရသည်။

"ခရီးသည်တွေက ဒီနှစ်အဝင် များမယ်ဆိုတာသိကြလို့ အများစုက အေဂျင်စီတွေကလည်း Booking ယူကြသလို ကိုယ်တိုင်လည်း ဟိုတယ် တွေမှာ Booking ယူကြတယ်။ ကျွန်တော်တို့အတွက် ခရီးသွားရာသီ မှာ ကြုံရတဲ့အခက်အခဲက Double Booking ပြဿနာဖြစ်နေရပါတယ်။ အဲဒီအခက်အခဲအတွက် ကျွန်တော်တို့ ခရီးသွားအေဂျင်စီတွေနဲ့ ဟိုတယ်တွေ နားလည်မှုတစ်ခုတော့ ယူကြမှရပါ

လိမ့်မယ်။ ခရီးသွား ရာသီမစခင်က တည်းက ဟိုတယ် Booking တွေ အကုန် Full ဖြစ်နေပါပြီ"ဟု Motor Travelling Agency ၏ မန်နေဂျင်း ဒါရိုက်တာ ကိုအောင်မျိုးက ပြောကြား သည်။

ဟိုတယ်အများစုကလည်း နိုင်ငံ တကာခရီးသွားများပိုမိုတည်းခိုမှုမြင့် တက်စေရန် အွန်လိုင်း Booking စနစ်များ အကောင်အထည်ဖော်ထား ခြင်းကြောင့် တိုက်ရိုက်အခန်းမှာယူ သူများပြားလျက်ရှိပြီး ခရီးသွားများက လည်း အခန်းအခက်အခဲသိရှိကြရန် ဟိုတယ်နှစ်ခုထက်မက ကြိုတင် Booking လုပ်ထားခြင်းကြောင့် Canceling Order မြင့်တက်လာပါက ခရီးသွားလုပ်ငန်းကို ထိခိုက်နိုင်စေ ကြောင်း ဟိုတယ်လုပ်ငန်းရှင် ကိုဂရေ ဟမ်ထွန်းက ပြောကြားသည်။

"ကျွန်မတို့ Chatrium Hotel အနေနဲ့ကတော့ လာမယ့်ခရီးသွား ရာသီအတွက်Booking တွေ ပြည့်နေ ပါပြီ။ Double Booking မဖြစ်စေဖို့ *စာမျက်နှာ ၃ ကော်လံ ၂* ✻

ယနေ့ မာတိကာ

- ပါကစ္စတန်၌ အားပြင်း ငလျင်လှုပ်၊ အနည်းဆုံး ၃၇၂ ဦးသေဆုံး — စာ - ၄
- နိုင်ငံရေးနှင့် မီဒီယာ (ဆောင်းပါး) — စာ - ၆
- မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး မန္တလေးတွင် ကျင်းပမည် — စာ - ၁၃
- မန်ယူတို့ အနိုင်ရလဒ်ကို ပုံဖော်နိုင်ပါ့မလား — စာ - ၁၄



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခရီးသွားလုပ်ငန်းနှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းစို့

ကမ္ဘာ့နိုင်ငံအသီးသီးက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ကြရာတွင် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် မီးခိုးမထွက်သော ခရီးသွားစီးပွားရေးသို့ ဦးတည်လုပ်ဆောင်နေပြီဖြစ်သည်။ တွင်းထွက်သယံဇာတတို့မည်သည် ထုတ်ယူပါများလျှင် ကုန်ဆုံးသွားတတ်သည့် သဘောရှိသည်။ ခရီးသွားလုပ်ငန်းတို့မည်သည်ကား ဝန်ဆောင်မှုကောင်းလျှင် ကောင်းသလောက် အကျိုးစီးပွားဖြစ်ထွန်းနိုင်သည်။ နိုင်ငံအများအပြားက မိမိတို့နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်လည်ပတ်စေရန် အကောင်းဆုံးသော ဝန်ဆောင်မှုများ၊ အကောင်းဆုံးသော ဆွဲဆောင်မှုများဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အရှိန်မြှင့်တင်လျက်ရှိနေချိန်ဖြစ်သည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေဒေါ်လာသန်းပေါင်းများစွာရရှိနေသော နိုင်ငံအများအပြားရှိသည်။

ဤသို့ခရီးသွားလုပ်ငန်းကို ဆွဲဆောင်ရန်ကား ရေမြေတောတောင် သဘာဝအရင်းအမြစ်များသည် အဓိကအရေးကြီးကဏ္ဍတွင်ရှိနေသည်။ နိုင်ငံတိုင်း နိုင်ငံတိုင်းက သဘာဝအရင်းအမြစ်များ မပျက်သုဉ်းစေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန် ပိုမိုလိုအပ်လာသည်။ ကမ္ဘာပေါ်တွင် သစ်ခုတ်ခြင်း၊ သတ္တုတူးဖော်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်သည် တဖြည်းဖြည်း ပျက်စီးယိုယွင်းလာသည်။ ထို့ကြောင့် စက်တင်ဘာ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ကာ “ကျွန်ုပ်တို့အနာဂတ်ကို ကာကွယ်ဖို့ ခရီးသွားလုပ်ငန်းနှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းစို့ Tourism & Water : Protecting our Common Future” ဟူသော ဆောင်ပုဒ်ဖြင့် တိုက်တွန်းထားသည်။ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးအောင် လုပ်ကိုင်ကြရမည်ဖြစ်သကဲ့သို့ ရေအရင်းအမြစ်များ မပျက်စီးရေး ထိန်းသိမ်းသွားကြရန် အသိပေးတိုက်တွန်းထားခြင်းဖြစ်သည်။ ဤကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို အကြောင်းပြုပြီး လူတိုင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးပြုမိစေရန်လည်း ဖြစ်သည်။ အမှန်အားဖြင့် ခရီးသွားလုပ်ငန်းဆိုသည်မှာလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်နေသည်ကို အထင်အရှားတွေ့ရပေသည်။ ကောင်းမွန်သာယာသော ပင်လယ်ကမ်းခြေအလှများ၊ အပန်းဖြေစခန်းများ အစဉ်ရှင်သန်ထွန်းကားနေရန်ကား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့်လုပ်ငန်းကို မလွှဲမသွေလုပ်ကိုင်ကြရမည်သာဖြစ်သည်။ ပတ်ဝန်းကျင်ကောင်းမှသာလျှင် ခရီးသွားများ အများအပြားလာရောက်ကာ ခရီးသွားလုပ်ငန်းမှာလည်း ရှင်သန်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါသည်။ သို့အတွက် လူတိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အစဉ်သတိပြု ကာကွယ်စောင့်ရှောက်သွားကြရန် တာဝန်ရှိပေကြောင်း။ ။

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီး၌ အထူးအထွက်တိုး ကြံစိုက်ခင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀၀ စိုက်ကွင်းများ ဖြစ်ထွန်းအောင်မြင်

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုင်တိုင် (၁၅၆)အနီးရှိ ကြံမျိုးသန့် မျိုးပွား ဧက ၂၀ စိုက်ခင်း မိုင်တိုင်(၁၀၇) အနီးရှိ ပုလဲသွယ်စပ်မျိုးမိုးစပါး ဧက ၂၀၀၀ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် စပါးသိုလှောင်ရုံနှင့် ကြိတ်ခွဲစက်ရုံတို့ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားမှာကြားရာတွင် ပဲခူးတိုင်းဒေသကြီးသည် နိုင်ငံတော်အတွက် အဓိကအားထားရသည့် စပါးသီးနှံစိုက်ဧကသိန်း ၃၀ ကျော် စိုက်ပျိုးသည့်နည်းတူ သကြားစက်များကိုလည်း ပုဂ္ဂလိကနှင့် နိုင်ငံပိုင်ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံထားသော နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ပြီးဖြစ်သည့် လယ်မြေများ၌စပါးသီးနှံကို ပုလဲသွယ်စပ်မျိုးဖြင့် တိုးချဲ့စိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးခြင်းနည်းလမ်းများဖြင့် စပါးအထွက်နှုန်းကို လက်ရှိထက် နှစ်ဆပိုမိုထွက်ရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားသို့ ဆန်တင်ပို့ရန် အခွင့်အလမ်းအကောင်းဆုံး ရှိနေကြောင်း၊ စပါးများကို ခေတ်မီဆန်စက်များ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အရည်အသွေးကောင်းပြီး နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးရရှိစေမည်ဖြစ်ကြောင်း၊ ဆန်စပါး၊ ကြံအပါအဝင် သီးနှံအမယ်အလိုက် စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများအား မျိုးစေ့ထုတ်သည်မှ ခေတ်မီဆန်စက်များထူထောင်ပြီး ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သည့် စနစ်ကို ပြောင်းလဲပေးမှသာ ရင်းနှီးမြှုပ်နှံသူများနှင့် တောင်သူများအတွက် ထိရောက်သော အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုကို အရှိန်မြှင့်တင်ပြီး ပုဂ္ဂလိကကဏ္ဍမှ လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ရန် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့မှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများကို အဘက်ဘက်မှ ကူညီရိုင်းပင်း ရပ်တည် အားပေးကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ရရှိလာသည့် အကျိုးအမြတ်များကို တစ်ရာသီပြီး တစ်ရာသီ၊ တစ်ဆင့်ပြီးတစ်ဆင့် ရေရှည်အကျိုးစီးပွား မျှော်မှန်းပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ လယ်သမားများ၏ အကျိုးစီးပွားကို တစ်ပြိုင်တည်း ဖော်ဆောင်ပေးရမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျက်စီးနေသည့် တံတားငယ်လေး အမြန်ပြုပြင်ပေးစေလို

ထင်သာမြင်သာပြုပြင်စရာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ ပင်ဝယ်ကျေးရွာအုပ်စု ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၅/၁၅၅)သည် ပျက်စီးယိုယွင်းနေသည်။ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးသည် အထက်မြန်မာပြည်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းကို ဆက်သွယ်ပေးထားသည့် အလွန်အရေးပါသော မော်တော်ကားလမ်းမကြီး ဖြစ်သည်။

လမ်းများ၊ တံတားများကောင်းမွန်လာပါက ခရီးသွား ပြည်သူများအတွက် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပြီး မိမိသွားလိုသည့် ခရီးကိုလည်း အချိန်မီ ရောက်ရှိမည်ဖြစ်သဖြင့် မော်တော်ကားလမ်းမကြီးဘေးရှိ ကျေးလက်ဒေသများမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဤသို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည့် အချိန်တွင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ အင်းတော်-နန့်စီးအောင် မော်တော်ကား လမ်းပိုင်းကိုလည်း ပြုပြင်ရန်လိုအပ်နေကြောင်း၊ မော်လူး-ပင်ဝယ်ကြားရှိ တံတားအမှတ် (၅/၁၅၅) ပျက်စီးယိုယွင်းနေသည်ကို မြင်တွေ့ရသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ဖြစ်ကြောင်း၊ တံတားကိုဖြတ်သန်းမောင်းနှင်နေကြသည့် မော်တော်ယာဉ်ကြီးများမှာလည်း တံတားကျိုးကျမည့်အန္တရာယ်နှင့် အချိန်မရွေး တွေ့ကြုံနိုင်ကြောင်း၊ အချိန်ကြာမြင့်လာသည်နှင့်အမျှ တံတား၏ အခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်သဖြင့် အမြန် ပြုပြင်ပေးစေလိုကြောင်း ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးတွင် ဖြတ်သန်းမောင်းနှင်နေကြသည့် ယာဉ်မောင်းများ ပြောဆိုကြသည်ကို ကြားသိရသဖြင့် ထင်သာမြင်သာ ပြုပြင်နိုင်ရေး တင်ပြလိုက်ရပေသည်။

နီတိုး

ညောင်တုန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့ ကမ်းနားလမ်း(ပန်းလှိုင်မြစ်ဘက်ခြမ်း)၌ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ တာဝကျေးရွာရှိ တာဝ-ပါလှဲ့-ကုက္ကိုလ်ဝတာ မိုင်တိုင် (၀/၁+၁၀၀)နှင့် မိုင်တိုင် (၀/၅ - ၀/၆)တို့၌ ရေကာတာကြံ့ခိုင်ရေးသဲအိတ်ဖို့နေမှုတို့ကို လှည့်လည်စစ်ဆေးပြီး ထောက်ပံ့ငွေများ၊ အချိုရည်နှင့် မုန့်များပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု၊ ကျောင်းအစည်းအဝေးခန်းမ ပြင်ဆင်မွမ်းမံနေမှုနှင့် တာကွေ့ကျေးရွာ၌ လျှပ်စစ်မီးရရှိရေး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

DUAL TECH Vocational Training Centre
15 % Discount
City & Guilds(UK) Engineering Diploma Courses
- Mechanical
- Electrical
- Electronic
- Air-Con & Refrigeration
- Double Diploma in (EP & EC)
- Civil (Construction)
- M & E (MP & EP)
Air-Con & Refri; DUAL TECH
Centre 1 →
Centre 2 →
Centre 3 →
Yankin; (01) 855 0596, 73020803. Insein; 420 313719, 73243776.

" ကင်ဆာကိုအောင်နိုင်သူများ "

မြန်မာနိုင်ငံဆရာဝန်အသင်း၊ သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့မှ ကျင်းပမည့် Panel Discussion on "Against All Odds" Survivors of Cancer (ကင်ဆာကိုအောင်နိုင်သူများ) ပွဲကို ၂၈-၉-၂၀၁၃ (စနေနေ့) နံနက် ၉း၀၀ မှ ၁၂း၀၀ နာရီ အထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၊ အမှတ် ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လူဇင်ဘတ်နိုင်ငံသံအမတ်ကြီးနှင့် မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦး သိန်း စိန်ထံ လူဇင်ဘတ်နိုင်ငံ သံ အမတ် ကြီး မစ္စတာ မတ်ခ်သေးလ်က နိုင်ငံတော် သမ္မတ အိမ်တော် သံတမန် ဆောင်ဧည့် ခန်း မ၌ ၎င်း၏ သံအမတ် ခန့် အပ် လွှာ ကို ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဗန်ကောက်မြို့အခြေစိုက် လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာ မတ်ခ်သေးလ်သည် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ပေးအပ်ခဲ့

ထို့အတူ နံနက် ၁၁ နာရီခွဲတွင် မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူပြီးဖြစ်သော မစ္စတာ ချီမီဒေါ်ချ် ဘတ်ဒူးမရားသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို နိုင်ငံတော်သမ္မတထံ ပေးအပ်ခဲ့သည်။

သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

▲ *ရှေ့ဖုံးမှ*

စေတနာရှင်များနှင့်ပူးပေါင်း၍ ပညာရေး၊ ကျန်းမာရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ နေထိုင်စားသောက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးစုနှစ်စုအကြား အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေး၊ ထာဝရရင်ကြားစေ့ရေးတို့အတွက် ဖြေရှင်းဆောင်ရွက်နေမှုများ၊ ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသား မကျန်ရှိရအောင် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းအား ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နီပေါဖယ်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးခိုင်အား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးရဲမြင့်အောင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

◆ *ကျောဖုံးမှ*

လေးမှတ်စီ၊ ဇေယျာရွှေမြေက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ မြဝတီက နှစ်ပွဲရှုံး၊ အမှတ်မရသေးပေ။

အမှတ်မရသေး

အုပ်စု(ဂ)၌ ကမ္ဘောဇက နှစ်ပွဲနိုင် ခြောက်မှတ်၊ မကွေးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ဆောက်သမ်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ GFA က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးဘဲ အုပ်စု(ဃ)၌ ရတနာပုံက နှစ်ပွဲနိုင် ခြောက်မှတ်၊ ရန်ကုန်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ချင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်၊ ရခိုင်က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ဇွဲကပင်၊ ကမ္ဘောဇနှင့် ရတနာပုံတို့မှာ အုပ်စုတက်သွားမည် ဖြစ်သည်။

စာပေမြင့်မှ လူမျိုးတင့်မည်

✳ *ရှေ့ဖုံးမှ*

အတွက် အထူးဂရုပြုပြီး Booking လုပ်ထားတဲ့ ခရီးသည်တွေကို deposit ယူတာမျိုး၊ ကြိုပြီး Confirm လုပ်တာမျိုးတွေ ဆောင်ရွက်နေပါတယ်။

ပူးပေါင်းဆောင်ရွက်

ခရီးသွားများခါစ ကျွန်မတို့နိုင်ငံအတွက် အခုလို Double Booking ပြဿနာက အရေးကြီးပါတယ်။ ဥပမာပေးရရင် တစ်ညကို ဒေါ်လာ ၁၀၀ သုံးနိုင်တဲ့ နိုင်ငံခြားသားတစ်ယောက်အတွက် သူသတ်မှတ်တဲ့ တည်းခိုနှုန်းထား၊ လိုချင်တဲ့ Facility ကို မရရင် မလာတော့ဘူးဆိုတာမျိုး မဖြစ်စေချင်ပါဘူး။ ကျွန်မတို့ ဟိုတယ်တွေနဲ့ Agency တွေ ပူးပေါင်းဆောင်ရွက်ပြီး ညှိနှိုင်းလို့ Double Booking ပြဿနာကို ဖြေရှင်းသင့်တယ်”ဟု Chatrium Hotel ၏ ဈေးကွက်နှင့်ဆက်ဆံရေး မန်နေဂျာ မထရေဇာက ပြောပြသည်။

မျှော်မှန်းထား

ယခုနှစ်အတွက် ခရီးသွားရာသီ၌ ခရီးသည် ၁ ဒသမ ၈ သန်းအထိ ဝင်ရောက်လာနိုင်ရန် နိုင်ငံတော်အစိုးရနှင့်ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက မျှော်မှန်းထားပြီး UNWTO ၏ တွက်ချက်မှုအရ မြန်မာနိုင်ငံသည် အာရှတိုက်၏ ခရီးသည်ဝင်ရောက်မှု အဆင့်၌ ၅၂ ရာခိုင်နှုန်းခန့်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကြိုတင်စစ်ဆေး

“ကျွန်မတို့ခရီးသည်တွေအတွက် အခန်းနေရာမှာယူမှုကို တစ်နှစ်အကြာကတည်းက ကြိုတင်မှာယူမှု ပြုလုပ်ခဲ့ပါတယ်။ လာမယ့် ဒီဇင်ဘာမှာ လာရောက်ဖို့ ရှိနေပြီး ခရီးသည်ရောက်ရှိဖို့ တစ်လအလိုမှာ အခန်းခ deposit သွင်းမယ်လို့ ပြောထားပါတယ်။ ခရီးသည်တွေပိုမိုဝင်ရောက်နိုင်ပေမယ့် ရင်ဆိုင်ရမယ့် အခက်အခဲက အခန်းခနှုန်းထားနဲ့ ရနိုင်မယ့်အဆင့်အတန်း ဖြစ်ပါတယ်။ ခရီးသည်ဝင်ရောက်နိုင်သေးပေမယ့် အခန်း Booking ရဖို့ ခက်ခဲနေမယ်ဆိုရင်တော့ ဟိုတယ်/ခရီးရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝဖို့ ခက်ခဲပါလိမ့်မယ်။ အမှန်က ဟိုတယ်တွေ မလုံလောက်တာ မဟုတ်ပါဘူး။ Double Booking တွေ ဖြစ်နေတတ်လို့ အချိန်မီ ကြိုတင်ပြီး စစ်ဆေးထားသင့်တယ်”ဟု New Motion ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ခန့်မှန်း

လက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသားဝင်ရောက်မှု အရေအတွက်မှာ တစ်နေ့ ပျမ်းမျှ ၂၀၀၀ ဝင်ရောက်နေပြီး ခရီးသွားရာသီကာလစတင်ပါက တစ်နေ့လျှင် ၅၀၀၀ အထိ ဝင်ရောက်နိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

မြန်မာနပန်းအားကစားအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် Government to Government အစီအစဉ်အရ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြမြခိုင် ခေါင်းဆောင်သော နည်းပြတစ်ဦး၊ ကစားသမားရှစ်ဦး စုစုပေါင်း ၁၀ ဦးပါဝင်သော မြန်မာနပန်းအားကစားအဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

နေပြည်တော် ဇေယျာသီရိကုန်တိုက် ဝါကျွတ်အကြိုဈေးရောင်းပွဲတော်

ဇေယျာသီရိကုန်တိုက်၊ ဝါကျွတ်အကြိုဈေးရောင်းပွဲတော်ကြီးကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၄၊ ၅၊ ၆ ရက်များတွင် နေပြည်တော်ရှိ ဇေယျာသီရိကုန်တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါနေ့ရက်များတွင်

- သရုပ်ဆောင်ပြိုင်ပွဲ
- သီချင်းဆိုပြိုင်ပွဲ
- Mr & Miss ဇေယျာသီရိရွေးချယ်ပွဲ
- Super Stars Model Agency ၏ ဖျော်ဖြေရေးအစီအစဉ်များ
- အခြားအနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များစွာအား ထည့်သွင်းကျင်းပသွားမည် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူကြီးမင်းတို့၏ ကုန်ပစ္စည်းများအား အရောင်းမြှင့်တင်ခြင်းများ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချဆောင်ရွက်သွားလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်ဆောင်ရွက်သွားနိုင်ပါသည်။

ဖုန်း-၀၉-၅၁၉၉၅၄၂၊ ၀၉-၄၅၀၀၅၅၅၃၀
၀၆၇-၄၁၆၆၂၀ (၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅) လိုင်းခွဲ-၁၀၀၁၊ ၁၀၀၆

Organized by media cycle

နိုင်ငံတကာသတင်း

ပါကစ္စတန်၌ အားပြင်းငလျင်လှုပ်၊ အနည်းဆုံး ၃၇၂ ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန်ပြည်နယ် အနောက်တောင်ပိုင်း၌ အားပြင်းငလျင်တစ်ခု လှုပ်ခဲ့ရာ ၃၇၂ ဦး သေဆုံးခဲ့ပြီဟု သတင်းရရှိကြောင်း၊ ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အဆိုပါ အားပြင်းငလျင်သည် စက်တင်ဘာ ၂၄ ရက် နေ့ခင်းပိုင်းအချိန် အော့ဝါရန် အရှေ့မြောက်ဘက် မြေအောက်အနက် ၁၃ မိုင်၌ လှုပ်ခတ် ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိဗေဒ စူးစမ်းလေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။

နေအိမ်ပေါင်း မြောက်မြားစွာ ပျက်စီးသွားပြီး လူထောင်ပေါင်းများစွာတို့ တစ်ညလုံး ဟင်းလင်းပြင်၌ အချိန်ကုန်ခဲ့ရသည်ဟု ဆိုသည်။

ငလျင်လှုပ်အပြီး ဂါဝါဒါ ဆိပ်ကမ်းအနီးတွင် သေးငယ်သော ကျွန်းငယ်တစ်ခုဖြစ်ပေါ်လာသည်ဟုလည်း သိရသည်။အဆိုပါကျွန်းငယ်မှာ အမြင့်ကိုးမီတာ၊ အလျားမီတာ ၁၀၀ ရှိသည်ဟုဆိုသည်။ ၎င်းကျွန်းငယ်ကို ကြည့်ရှုသူလူများစွာတို့ စုဝေးရောက်လာကြသည်။ ဘာလိုချီစတန်ပြည်နယ်သည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးပြည်နယ်ဖြစ်ပြီး လူဦးရေမှာမူ အနည်းဆုံးပြည်နယ်လည်းဖြစ်သည်။ အဆိုပါဒေသသည် ငလျင်လှုပ်ခတ်မှုအများဆုံးကြုံတွေ့ရသော ဒေသဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလက အီရန်အရှေ့တောင်ပိုင်းကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၇ ဒသမ ၈ အဆင့်ရှိ ငလျင်ကြောင့် အနည်းဆုံး လူ ၃၅ ဦး သေဆုံးခဲ့ရသည်ဟု သိရသည်။ **(ဆင်ဟွာ)**

ဂျက်တိုက်လေယာဉ်ဟောင်းတစ်စင်းကို မောင်းသူမဲ့ဂျက်လေယာဉ်အဖြစ် စမ်းသပ်ပျံသန်း

နယူးယောက် စက်တင်ဘာ ၂၅

အသုံးမပြုတော့သည့် ဂျက်တိုက်လေယာဉ်များကို မောင်းသူမဲ့ဒရုန်းဂျက်တိုက်လေယာဉ်များ အဖြစ် ဘိုးရင်းကုမ္ပဏီကြီးက ပြောင်းလဲတီထွင်ထုတ်လုပ်မည်ဖြစ်ကာ ထိုသို့ မောင်းသူမဲ့ ဂျက်တိုက်လေယာဉ် တစ်စင်း တီထွင်စမ်းသပ်ပျံသန်းခဲ့ကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၄ ရက်က ဖော်ပြသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက F-16 တိုက်လေယာဉ်တစ်စင်းကို မောင်းသူမဲ့ ဂျက်လေယာဉ်အဖြစ် တီထွင်ကာ မြေပြင်မှ အမေရိကန်လေယာဉ်မှူးနှစ်ဦး ပဲ့ထိန်းမောင်းနှင်ခဲ့သည်။ ဖလော်ရီဒါအခြေစိုက်စခန်းမှ မက္ကဆီကိုပင်လယ်ကွေ့ဆီသို့ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်ဟုဆိုသည်။

ယခု ဆန်းသစ်ပြောင်းလဲခြင်းသည် နောက်ဆုံးတစ်နေ့တွင် သင်တန်းဆင်း လေယာဉ်မှူးများပဲ့ထိန်းမောင်းနှင်ရာတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ပစ်ခတ်ရာတွင်လည်း လေ့ကျင့်မှု ဖြစ်စေနိုင်မည်ဟု ဘိုးရင်းက အကြံပြု ပြောကြားသည်။

ယခုစမ်းသပ် မောင်းသူမဲ့ဂျက်တိုက်လေယာဉ်မှာ အရီဇိုးနားတပ်စခန်းတွင် ၁၅ နှစ်ကြာမသုံးဘဲ သိမ်းထားသည့် ဂျက်လေယာဉ်ဟောင်း တစ်စင်းဖြစ်ပြီး မောင်းသူမဲ့ဂျက်တိုက်လေယာဉ်အဖြစ် တီထွင်ဆန်းသစ်ပြောင်းလဲကာ စမ်းသပ်မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆီးရီးယားအရေး အိုဘားမားဆွေးနွေး

ဂျီနီဗာ စက်တင်ဘာ ၂၅

ဓာတုလက်နက်များ ပေးအပ်ရန် ငြင်းဆန်ခဲ့လျှင် ဆီးရီးယားအရေးတွင် ပိုမို၍စိတ်ချရသည့် အကျိုးဆက်များ ဖန်တီးနိုင်ရေး ကုလသမဂ္ဂသို့အမေရိကန်သမ္မတအိုဘားမားက မေတ္တာရပ်ခံသလို ရုရှားနှင့်အီရန်နိုင်ငံတို့အနေဖြင့်လည်း ဆီးရီးယားသမ္မတ ဘရှာအဲလ်အာဆတ်ကို ထောက်ပံ့နေမှုများ အဆုံးသတ်ရန် တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၂၄ ရက်က ဖော်ပြသည်။

ထို့ပြင် တစ်ချိန်တည်း၌ပင် အိုဘားမားက ဆီးရီးယားဓာတုလက်နက် အရေးတွင် လက်ရှိသဘောတူညီမှုသည် နှစ်နှစ်ခွဲကြာဖြစ်ပွားနေသည့် ပြည်တွင်းစစ်မီးငြိမ်းသွားဖို့ ပိုမိုသည့် သံတမန်ရေးကြိုးစားအားထုတ်မှုသာ ဖြစ်သင့်ကြောင်း၊ ယခုလိုခံယူချက်သည်လည်း တူရကီ၊ ဂျော်ဒန်နှင့် ပြင်သစ်စသည့် နိုင်ငံ့ခေါင်းဆောင်များ၏ ထောက်ခံဆန္ဒသဘောထားများဖြစ်ကြောင်း ပြောကြားသည်။

"ဆီးရီးယားဒေသတွင်းမှ နေ၍ဒါမှမဟုတ် ပြင်ပပါဝါများမှနေ၍ စစ်ရေးဆင်နွှဲခြင်းက တာရှည်မြဲမည့် ငြိမ်းချမ်းရေးကို ရရှိစေနိုင်မယ်လို့ ကျွန်တော် မယုံကြည်လက်မခံပါဘူး" ဟု ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့ခေါင်းဆောင်များသို့ သမ္မတအိုဘားမားက ပြောကြားခဲ့သည်။ ဆီးရီးယားတွင် ဩဂုတ် ၂၁ ရက်က ဓာတုလက်နက်သုံးတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်ပိုင်း စစ်ရေးအားဖြင့် အရေးယူမည်ဆိုခြင်းကို ရုရှားအထောက်အပံ့ဖြင့် ဓာတုလက်နက်များပေးအပ်မည်ဟု ဆီးရီးယားအစိုးရက သဘောတူလက်ခံခဲ့ခြင်းကြောင့် အိုဘားမားအစိုးရ ခြေတစ်လှမ်းဆုတ်ကာ သံတမန်ရေး ကြိုးစားအားထုတ်မှုစားပွဲဝိုင်းဆီသို့ ရောက်ရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုတွင် ပြည်သူ ၁၄၀၀ ကျော်သေဆုံးခဲ့သည်။ **(ရိုက်တာ)**

ဘရာဇီးသမ္မတ ကုလသမဂ္ဂတွင် မိန့်ခွန်းပြောကြားစဉ် အမေရိကန်ထောက်လှမ်းရေးကို အပြင်းအထန်ထိုးနှက်

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၂၅

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဖွင့်အမှာစကားပြောကြားရသူ ဘရာဇီးသမ္မတ ဒဲလ်မာရိုဆပ်က မိမိ၏အီးမေးလ် ထောက်လှမ်းခံရခြင်းအပါအဝင် သူလျှိုထောက်လှမ်းမှုများကြောင့် အမေရိကန်နိုင်ငံသည် လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်စော်ကားခြင်းဖြစ်သည်ဟု စွပ်စွဲထိုးနှက်ခဲ့ကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၂၄ ရက်က ဖော်ပြသည်။

ဘရာဇီးနိုင်ငံအား အမေရိကန်အမျိုးသားအေဂျင်စီက ထောက်လှမ်းနေခြင်းသတင်းထွက်ပေါ်၍ အောက်တိုဘာလအတွင်း နိုင်ငံတော်အဆင့်အလည်အပတ်ခရီးစဉ်ကို ဖျက်သိမ်းပစ်ကာ သမ္မတရိုဆပ်ကကျေနပ်မှုမရှိကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ပြသခဲ့သည်။

သမ္မတရိုဆပ်၏ ပြင်းထန်ပြောင်မြောက်သည့်ကြားရမြဲမဟုတ်သော ယခုမိန့်ခွန်းတွင် ဘရာဇီးနိုင်ငံအချုပ်အခြာအာဏာကို ထိပါးစော်ကားခြင်းဖြစ်သည်ဟု အမေရိကန်ထောက်လှမ်းရေးအား ပြင်းပြင်းထန်ထန်တိုက်ခိုက်ပြီး လုံးဝလက်ခံနိုင်စရာမရှိကြောင်းလည်းဆိုသည်။

"ဒီလို ကလိမ်စေ့ငြမ်းဆင်လုပ်ရပ်တွေဟာ လူတွေနဲ့ အခြားတိုင်းပြည် အရေးအရာများအတွက်တော့ နိုင်ငံတကာ ဥပဒေချိုးဖောက်ခြင်း တစ်ရပ်ပါ။ နိုင်ငံများအကြား အစိုးရဆက်ဆံရေးကို စော်ကားခြင်းပါ။ အထူးသဖြင့် မိတ်ဖက်နိုင်ငံများချင်း နောက်ကျော ဓားနဲ့ထိုးသလိုပါပဲ"ဟူ၍ ရိုဆပ်က ပြောကြားသည်။

ထို့ပြင် သမ္မတရိုဆပ်က အင်တာနက် ထိန်းချုပ်နိုင်မှုအတွက် နိုင်ငံတကာ ကန့်သတ်မှုဘောင်တစ်ရပ်ကိုလည်း အဆိုပြုခဲ့ပြီး ဘရာဇီးနိုင်ငံအနေဖြင့်လည်း ဆက်သွယ်မှုများ တရားမဝင် ကြားဖြတ်ဖမ်းယူခြင်းရန်မှ ကာကွယ်ရန် ဥပဒေနှင့်နည်းပညာများ ချမှတ် ဖော်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုသည်။ **(ရိုက်တာ)**

နိုင်ရိုဘီဈေးတိုက်ခိုက်မှု အမေရိကန်များပါနိုင်

နိုင်ရိုဘီ စက်တင်ဘာ ၂၅

ကင်ညာနိုင်ငံ နိုင်ရိုဘီအဆင့်မြင့်ဈေးကြီး တိုက်ခိုက်ရေးသမားများတွင် အမေရိကန်နိုင်ငံသားများ ပါ မပါ သေချာစွာအဖြေရှာရန် ကင်ညာတာဝန်ရှိသူများနှင့် အမေရိကန်တာဝန်ရှိသူများ ဆွေးနွေးလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၅ ရက်က ဖော်ပြသည်။

နိုင်ရိုဘီမြို့ရှိ Westgate ဈေးကြီးကို သေနတ်ပစ်ခတ်ဝင်စီး၍ အများအပြားသေဆုံးခဲ့သည့် လူမဆန်သတ်ဖြတ်မှု၌ လက်နက်ကိုင်အကြမ်းဖက်သမားများတွင် အမေရိကန်နိုင်ငံသားအနည်းအကျဉ်းပါဝင်သည်ဟု သတင်းထွက်နေသည်။ ယင်းသတင်းမှန် မမှန်တိကျမကျကိုကင်ညာအာဏာပိုင်များနှင့် အတူပူးပေါင်းအဖြေရှာနေသည်ဟု အမေရိကန်တာဝန်ရှိသူများကဆိုသည်။ **(ဘီဘီစီ)**

နျူကလီးယားအရေးဆွေးနွေးရန် အီရန်အသင့်ပြင်

တီဟီရန် စက်တင်ဘာ ၂၅

အီရန်နိုင်ငံ၏ နျူကလီးယားစီမံကိန်းများအရေး ဆွေးနွေးမှုများပြုလုပ်ရန်ပြင်ဆင်နေသည်ဟု အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ပြောကြားကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၂၅ ရက်က ဖော်ပြသည်။

အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများအရေးကိုလည်း ကုလသမဂ္ဂအထွေထွေညီလာခံနှစ်ပတ်လည်အစည်းအဝေးပွဲ၌ သမ္မတရိုဟာနီက ထည့်သွင်းပြောကြားသွားသည်။

ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်များသဘောတူညီချက်ကိုလည်း ကြိုဆိုကြောင်းနှင့် ယင်းသို့ဓာတုလက်နက်များ အသုံးပြုခြင်းကို မိမိအနေဖြင့် ရှုတ်ချကြောင်း ရိုဟာနီက ဆိုသည်။ **(ဘီဘီစီ)**

ဂရိစီးပွားရေးတိုးတက်မှုနှင့် ဥရောပနိုင်ငံများ

မောင်မဟာ

ယူရိုဇုန်စီးပွားရေးအကျပ်အတည်းကို ဖြစ်စေခဲ့တဲ့ ဂရိနိုင်ငံရဲ့ စီးပွားရေးဟာ ၂၀၁၃ ခုနှစ်အကုန်မှာ ဘတ်ဂျက်ပိုလျှံငွေရရှိနိုင်တဲ့အထိ တိုးတက်လာမယ်လို့ ဂရိနိုင်ငံအာဏာပိုင်တွေနဲ့ ဥရောပခေါင်းဆောင်တွေက သုံးသပ်မျှော်မှန်းနေကြပါတယ်။ ဂရိနိုင်ငံရဲ့ ငွေကြေးနဲ့စီးပွားရေးအခက်အခဲကို ဖြေရှင်းပေးနိုင်ရေးအတွက် ဥရောပခေါင်းဆောင်တွေဝိုင်းဝန်းကြိုးစားခဲ့တာဟာ အတိုင်းအတာတစ်ခုအထိအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အကျိုးဆက်တစ်ခုအဖြစ် ရှုမြင်နေကြပါတယ်။

ဂရိနိုင်ငံဟာ ၂၀၁၃ ခုနှစ်အကုန်မှာ ဘတ်ဂျက်ပိုငွေပြမှု ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိလာမယ်လို့ ဂရိအာဏာပိုင်တွေက မျှော်မှန်းထားပါတယ်။ ဒါ့အပြင် ဂရိနိုင်ငံရဲ့ စီးပွားရေးတိုးတက်ကောင်းမွန်စေဖို့အတွက် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းတွေက ဝိုင်းဝန်းကူညီခဲ့ကြတာလည်း အခုအချိန်မှာ အကျိုးသက်ရောက်မှုရှိလာတယ်လို့ ဆိုပါတယ်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ဥရောပဗဟိုဘဏ်နဲ့ ဥရောပသမဂ္ဂတို့ကလည်း ဂရိနိုင်ငံရဲ့ စီးပွားရေးဟာ ပြန်လည်ဦးမော့ လာတော့မယ်လို့ သုံးသပ်နေခဲ့ကြပါတယ်။

ဂရိနိုင်ငံဟာကမ္ဘာ့စီးပွားရေးမှာ ၄၂ နိုင်ငံမြောက် အင်အားအကြီးဆုံး ရပ်တည်နေတဲ့ နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့နိုင်ငံပေါင်း ၂၇ နိုင်ငံမှာ ၁၃နိုင်ငံမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။

ဂရိနိုင်ငံဟာ ဝန်ဆောင်မှုလုပ်ငန်း ၈၅ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း ၁၂ ရာခိုင်နှုန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းက ၃ ရာခိုင်နှုန်းလောက် လုပ်ကိုင်လည်ပတ်နေတဲ့ နိုင်ငံဖြစ်ပြီး ခရီးသွားလုပ်ငန်းကလည်း ဝင်ငွေအများအပြားရရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဂရိနိုင်ငံကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်လာရောက်မှုဟာ ဥရောပသမဂ္ဂနိုင်ငံတွေမှာတော့ သတ္တမမြောက်အများဆုံးဖြစ်ပြီး ကမ္ဘာပေါ်မှာတော့ ခရီးသွားဧည့်သည် လာရောက်မှု အများဆုံးနိုင်ငံတွေထဲမှာ ၁၆ နိုင်ငံမြောက်နိုင်ငံလည်း ဖြစ်ပါတယ်။ ဂရိနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနဲ့ ငါးလုပ်ငန်းတွေမှာ ဂျီဒီပီ ၃ ရာခိုင်နှုန်း၊ သတ္တုနဲ့အခြေခံအဆောက်အအုံလုပ်ငန်းတွေက ၁၂ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းက ၄ ရာခိုင်နှုန်းနဲ့ ခရီးသွားလုပ်ငန်းက ၂၃ ရာခိုင်နှုန်းအသီးသီးရှိနေပါတယ်။

အဲဒီလို ကဏ္ဍအသီးသီးမှာ တိုးတက်မှုနှုန်းတွေရှိလာတာမို့ ၂၀၁၃ ခုနှစ်ကုန်မှာတော့ တစ်နိုင်ငံလုံး စီးပွားရေးတိုးတက် လာမယ်လို့ ဆိုနေတာဖြစ်ပါတယ်။

ဒါပေမယ့် ဂရိနိုင်ငံရဲ့ အလုပ်လက်မဲ့နှုန်းဟာ ၂၇ ဒသမ ၁ ရာခိုင်နှုန်းအထိရှိနေဆဲဖြစ်တာမို့ တဖြည်းဖြည်းလျှော့ချသွား-ရမှာ ဖြစ်ပြီး ဥရောပနိုင်ငံတွေလည်း ရိုက်ခတ်မှုလျော့နည်းသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတကာသတင်း

အီရန် နျူကလီးယားခြောက်နိုင်ငံဆွေးနွေးမည်

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် ယခုသီတင်းပတ်အတွင်း ကုလသမဂ္ဂ၌ အဓိကအင်အားကြီးခြောက်နိုင်ငံနှင့် အီရန်နျူကလီးယားအစီအစဉ်ကိစ္စ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း အမေရိကန်နှင့် အီးယူတာဝန်ရှိသူများကပြောကြားသည်။ ယင်းတွေ့ဆုံပွဲတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက် ဇာရစ်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲကို နယူးယောက်မြို့၌ ကုလသမဂ္ဂအထွေထွေညီလာခံ၏ သီးခြားဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။ အီရန်နျူကလီးယားညှိနှိုင်းရေးမှူးသည် လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံဖြစ်သည့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှားနှင့်အမေရိကန်တို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ဂျာမနီလည်း တက်ရောက်နိုင်သည်။

မွတ်စလင်ညီအစ်ကိုတော်လှုပ်ရှားမှု အီဂျစ်ပိတ်ပင်

မွတ်စလင်ညီအစ်ကိုတော်များ တက်ကြွလှုပ်ရှားမှုအားလုံးကို အီဂျစ်တရားရုံးက ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ မွတ်စလင်ညီအစ်ကိုတော်များ တက်ကြွလှုပ်ရှားမှုနှင့် ပတ်သက်ပြီး တက်ကြွလှုပ်ရှားခြင်း၊ အစိုးရမဟုတ်သောအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မည်သည့်အဖွဲ့မျှ ဖွဲ့စည်းလှုပ်ရှားခွင့်ပြုကြောင်း ကိုင်ရိုမြို့တရားရုံးတစ်ရုံးက အမိန့်ချမှတ်ပိတ်ပင်လိုက်သည်။ မွတ်စလင်ညီအစ်ကိုတော်များ၏ ရန်ပုံငွေနှင့် ပိုင်ဆိုင်မှုများကိုပါ သိမ်းဆည်းသွားရန် အီဂျစ်တရားရုံးက ကြားဖြတ်အစိုးရကို အမိန့်ထုတ်လိုက်သည်။ ဇူလိုင် ၃ ရက် သမ္မတမော်စီ ဖြုတ်ချပြီးကတည်းက စစ်တပ်က အဆိုပါအဖွဲ့ကို ဖြိုခွင်းခဲ့ခြင်း ဖြစ်သည်။

အက်ပဲလ်အိုင်ဖုန်းသစ်ရောင်းချမှု သုံးရက်အတွင်း ကိုးသန်းရှိ

အက်ပဲလ်ကုမ္ပဏီက သုံးရက်အတွင်း ၄င်း၏ အိုင်ဖုန်းအမျိုးအစားသစ်ရောင်းချမှုမှာ ကိုးသန်းရှိကြောင်း စက်တင်ဘာ ၂၄ ရက်တွင် သတင်းဖော်ပြသည်။ အိုင်ဖုန်း 5S နှင့် အိုင်ဖုန်း 5C အမျိုးအစားသစ် နှစ်မျိုးရောင်းချမှုမှာ သုံးရက်အတွင်း အလုံးကိုးသန်း ရောင်းချခဲ့ရကြောင်း ၄င်းကုမ္ပဏီကပြောကြားသည်။ ယင်းစံချိန်မှာ ယခင်အိုင်ဖုန်းအသစ်များ ရောင်းချမှုထက် စံချိန်တင်ခဲ့သည်။ အိုင်ဖုန်း 5S သည် ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သောကြောင့် ရောင်းအား မြင့်တက်ခဲ့သည်ဟု ကုမ္ပဏီက ပြောကြားသည်။

မြင့်မောင်စိုး-စုစည်းသည်

အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများတည်ရှိနိုင်ဟု နာဆာ၏ ကျူရီရိုစီတီယာဉ်မှ သတင်းပို့

အင်္ဂါဂြိုဟ်မျက်နှာပြင်ကိုလေ့လာရန် နာဆာမှ လွှတ်တင်ထားသော ကျူရီရိုစီတီ လေ့လာရေးယာဉ်မှ သတင်းအချက်အလက်ပေးပို့မှုအရ သက်ရှိများ တည်ရှိနိုင်မှု အလားအလာရှိပြီး မီသိန်းဓာတ်ငွေ့တည်ရှိမှု မတွေ့ရှိရကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များက သုတေသနပညာရှင်များ၏ လေ့လာမှုတွင်မူ အင်္ဂါဂြိုဟ်မျက်နှာပြင်လေထုအတွင်း၌ မီသိန်းကဲ့သို့သော ဓာတ်ငွေ့များရောနှောစုဖွဲ့ဖြစ်ပေါ်နေသဖြင့် အင်္ဂါဂြိုဟ်ပေါ်တွင်ဇီဝအရင်းအမြစ်ကဲ့သို့ အရာဝတ္ထုများဖြစ်တည်မနေနိုင်ဟု ယူဆခဲ့ကြသည်။

ကျူရီရိုစီတီလေ့လာရေးယာဉ်သည်အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ၂၀၁၂ ခုနှစ် ဩဂုတ်လကတည်းက ရောက်ရှိနေခြင်းဖြစ်ပြီး လေ့လာမှုများ ပြုလုပ်နေခြင်းဖြစ်သည်။ ကျူရီရိုစီတီယာဉ်သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှ ၂၀၁၃ခုနှစ် ဇွန်လအထိ မီသိန်းနှင့် ပတ်သက်ပြီး ခြောက်ကြိမ်ခန့် လေ့လာမှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။

အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်တွင် သက်ရှိများတည်ရှိနိုင်မှုအနေအထားမှာ ဖြစ်နိုင်ခြေရှိကြောင်း၊ ကျူရီရိုစီတီယာဉ်က လေ့လာမှုဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နှစ်အတန်ကြာက သိရှိခဲ့သော မီသိန်းဓာတ်ငွေ့ဖြစ်တည်မှုမှာ အထောက်အထားရှာတွေ့မှုမရှိကြောင်း နာဆာမှ အာကာသသိပ္ပံသုတေသနပညာရှင် ခရစ်ဝက်စတာက ပြောကြားသည်။

ကျူရီရိုစီတီယာဉ်မှ ပေးပို့သော အချက်အလက်များနှင့် ဓာတ်ခွဲခန်းအချက်အလက်များအရ အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိများရှိနိုင်ခြေအချက်မှာ မိမိတို့အတွက် ထူးခြားသော သိရှိမှုပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အာကာဟိန်း-ရေးသည်

စောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများ ၂၀၅၀ ပြည့်နှစ်တွင် သုံးဆခန့်ပိုများလာနိုင်

ကူညီစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုအရေအတွက်မှာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် လက်ရှိထက် သုံးဆနီးပါး ဖြစ်လာဖွယ်ရှိကြောင်း လေ့လာသူများက ဆိုထားသည်။ လတ်တလောကာလ၌ ကူညီစောင့်ရှောက်မှုခံယူရန် လိုအပ်သူအရေအတွက် ၁၀၁ သန်းခန့်ရှိနေသည်ဟု ဆိုသော်လည်း နိုင်ငံတကာအယ်ဇိုင်းမားရောဂါတိုက်ဖျက်ရေး အစီရင်ခံစာအရ စောင့်ရှောက်မှုခံယူရန် လိုအပ်သူဦးရေမှာ ၂၇၇ သန်းထိ တိုးလာဖွယ်ရှိကြောင်း သိရသည်။

စောင့်ရှောက်မှုခံယူရန် လိုအပ်သူအများစုမှာ ဦးနှောက်ထိခိုက်မှု ရောဂါရှင်များဖြစ်သည်။ ၄င်းအခြေအနေသည် ကမ္ဘာ့အယ်ဇိုင်းမားကပ်ရောဂါတစ်ခုသို့ ဆိုက်ရောက်နိုင်သည်ဟု အစီရင်ခံစာက သတိပေးထားသည်။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော နိုင်ငံများသည် ဆိုးဆိုးရွားရွားရိုက်ခတ်လာနိုင်ပြီး ယခုကတည်းက ကာကွယ်ရေးအစီအစဉ်များ စတင်ရေးဆွဲရမည်ဖြစ်ကြောင်း အစီရင်ခံစာတင်သွင်းသူက ဆိုသည်။

ဦးနှောက်ထိခိုက်မှု ရောဂါများထဲတွင် အယ်ဇိုင်းမားရောဂါသည် အဖြစ်များဆုံးဖြစ်ပြီး ၄င်း၏ရောဂါလက္ခဏာများမှာ မှတ်ဉာဏ်လျော့ပါးခြင်း၊ စိတ်နေစိတ်ထားများ ပြောင်းလဲခြင်း၊ နားလည်လက်ခံမှုနှင့် တုံ့ပြန်မှုတို့တွင် ပြဿနာများ ဖြစ်ပေါ်ခြင်းတို့ဖြစ်ကြသည်။

ကမ္ဘာတစ်ဝန်းတွင် ဦးနှောက်ထိခိုက်မှု ရောဂါရှင် ဦးရေ ၃၅ သန်းကျော်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်။

ရောဂါရှင် ထက်ဝက်ကျော်မှာ ဝင်ငွေနည်းတိုင်းပြည်များနှင့် ဝင်ငွေအလယ်အလတ်ရှိ တိုင်းပြည်များမှ ဖြစ်ကြသည်ဟု ဆိုသည်။

အစီရင်ခံစာအရ အသက် ၆၀ နှင့်အထက် လူ ၁၀ ဦးတွင် တစ်ဦးနှုန်းမှာ ရေရှည်စောင့်ရှောက်မှု လိုအပ်နေကြောင်း၊ ဆိုလိုသည်မှာ တစ်ကိုယ်ရေသန့်ရှင်းပေးမှု အစားအစာတိုက်ကျွေးမှု၊ သန့်ရှင်းရေးလုပ်ပေးမှုတို့ကဲ့သို့သော နေ့စဉ်စောင့်ရှောက်မှု လိုအပ်နေသည်ဟု ဆိုသည်။ ယူနိုက်တက်ကင်းဒမ်းရှိ အယ်ဇိုင်းမားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ ပြောခွင့်ရသူတစ်ဦးက "ဦးနှောက်ထိခိုက်မှုရောဂါဟာ ယနေ့ ကမ္ဘာမှာ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံးသော ကျန်းမာရေးပြဿနာပါ"ဟု သတိပေးထားသည်။ "ယူနိုက်တက်ကင်းဒမ်းအစိုးရရဲ့ ယခုနှစ်ဂျီ-၈ထိပ်သီးစည်းဝေးပွဲဟာ ဦးနှောက်ထိခိုက်မှုရောဂါ ပြဿနာအရေးကို ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ပူးပေါင်းဖြေရှင်းဖို့ လှုံ့ဆော်ဖို့ရန်အခွင့်အရေးတစ်ခုဖြစ်လာမှာပါ။ နိုင်ငံရေးခေါင်းဆောင်တွေကို တလိပ်လိပ်ကြီးထွားလာနေတဲ့ ကမ္ဘာ့ကျန်းမာရေးအခက်အခဲကြီးကိုရှောင်ရှားဖို့မီးမောင်းထိုးပြဖို့ လိုပါတယ်" ဟု ၄င်းကဖြည့်စွက်ပြောကြားသွားသည်။

နေခြည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နိုင်ငံရေးနှင့် မီဒီယာ

မင်းဗထူး

စတုတ္ထမဏ္ဍိုင်

စတုတ္ထမဏ္ဍိုင်အကြောင်းအစချီမိမှတော့ သောမတ်စ်ကာလိုင်ကပဲ စပြောရတော့မှာပါပဲ။ ၁၉ ရာစုသမိုင်းပညာရှင်နဲ့ စကော့လူမျိုးတွေးခေါ်ရှင် သောမတ်စ်ကာလိုင်က "သူရဲကောင်းများနှင့် သူရဲကောင်းဆည်းကပ်မှု" အမည်ရှိ စာအုပ်မှာ စတုတ္ထမဏ္ဍိုင်အကြောင်း စာနယ်ဇင်းကို ရည်ညွှန်းသော အယူအဆဖြင့် ၁၈၄၁ ခုနှစ်က အစောဆုံး သုံးနှုန်းခဲ့တယ်လို့ ဖတ်ရှုလေ့လာရဖူးပါတယ်။ သူကလည်း လွှတ်တော်အမတ်တစ်ဦးဖြစ်တဲ့ အက်မွန်ဘတ်ခ်က ၁၇၈၇ ခုနှစ် ဗြိတိသျှပါလီမန်အစည်းအဝေးတစ်ခုမှာ လွှတ်တော်အတွင်း စာနယ်ဇင်းအတွက် နေရာတစ်နေရာသတ်မှတ်ပေးခြင်းနဲ့ ဆက်စပ်ပြီး ပြောခဲ့တဲ့စကားကို ပြန်လည်ရည်ညွှန်းခဲ့တာပဲဖြစ်ပါတယ်။

အက်မွန်ဘတ်ခ်က "ပါလီမန်မှာ မဏ္ဍိုင်သုံးရပ်ရှိတယ်၊ ဒါပေမယ့် ဟိုနားက သတင်းထောက်များအခန်းက သူတို့ထက်ပိုအရေးကြီးတဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်။ တင်စားပြီးပြောတာလည်းမဟုတ်ဘူး၊ ရယ်စရာပြောတာလည်း မဟုတ်ပါဘူး။ ရိုးရိုးရှင်းရှင်းပဲ ပြောတာပါ။ စာရေးသားခြင်းက ဖြစ်ပေါ်လာတဲ့ ပုံနှိပ်ခြင်းဆိုတာဟာ ကျွန်တော်မကြာခဏ ပြောခဲ့သလို ဒီမိုကရေစီနဲ့ ညီမျှတယ်။ စာရေးသားခြင်းကိုသာ အမျိုးမျိုးတီထွင်ပြီး လုပ်သွားကြပါ။ ဒီမိုကရေစီက မလွဲဧကန်ရှိလာရမှာပဲ။ တစ်တိုင်းပြည်လုံးကို ဘယ်သူက စကားပြောနိုင်သလဲ။ ပြောနိုင်ရင် ဩဇာရှိမှာပဲ။ အုပ်ချုပ်ရေးမှာပဲ ဖြစ်ဖြစ်၊ ဥပဒေပြုရေးဖြစ်ဖြစ် လုပ်ပိုင်ခွင့်အားလုံးမှာ ထာဝရမပြောင်းလဲနိုင်တဲ့ အင်အားဖြစ်လာမယ်။ ရာထူးအဆင့်အတန်း အခွန်ဘဏ္ဍာငွေနဲ့ တခြား နှမ်းဖြူးစရာတွေက ဘာမျှအရေးမကြီးပါဘူး။ တကယ်အရေးကြီးလိုအပ်တာက တခြားလူတွေ နားထောင်ချင်အောင်ပြောနိုင်တဲ့ ပါးစပ်တစ်ပေါက်ရှိဖို့ပါပဲ။ ဒီ့အပြင် ဘာမျှ မလိုပါဘူး" လို့ပြောခဲ့ကြောင်း ဖော်ပြထားပါတယ်။

၁၈ ရာစုကုန်ခါနီး ဘတ်ခ်တို့ခေတ်က ဗြိတိသျှပါလီမန်မှာ အစဉ်အလာအရ ပါဝင်သော မဏ္ဍိုင်ကြီးသုံးရပ်က ခရစ်ယာန်ဘုန်းကြီးများ၊ သူကောင်းမျိုးနဲ့ အခြေခံပြည်သူလူထုတို့ဖြစ်ကြပါတယ်။ သမိုင်းပညာရှင် ကာလိုင်ဟာ လူထုနိုးကြားလာမှုနဲ့ ဆက်စပ်ပြီး စတုတ္ထမဏ္ဍိုင်အကြောင်းကို အတော်ကလေး ပြောပြချင်ပုံရခဲ့ပါတယ်။ သူ့ရဲ့ ၁၈၃၇ ခုနှစ်ထုတ် "ပြင်သစ်တော်လှန်ရေး" သမိုင်းသုံးအုပ်တွဲစာအုပ်မှာ စတုတ္ထမဏ္ဍိုင်အကြောင်းတစ်ချက်တော့ ထည့်သွင်း ဖော်ပြခဲ့ပါသေးတယ်။ "စတုတ္ထမဏ္ဍိုင်အဖြစ် စွမ်းဆောင်ရည်ရှိသော အယ်ဒီတာများပေါ်ထွန်းလာခဲ့ကြသဖြင့် လူထုလှုပ်ရှားမှုများကို ဆပွားတိုးစေခဲ့သည်။ ချုပ်တည်းမထားတော့သဖြင့် မရေမတွက်နိုင်လောက်အောင် လူအင်အားကြီးထွားလာခဲ့သည်။"ဟု ရေးသားထားပါတယ်။ ထိုစဉ်က ပြင်သစ်နိုင်ငံရဲ့မဏ္ဍိုင်သုံးရပ်ကတော့ ဘုရားကျောင်းများ၊ မှူးမျိုးမတ်နွယ်များနဲ့ နိုင်ငံသားများပဲ ဖြစ်ကြပါတယ်။

ဘတ်ခ်အပြင် စတုတ္ထမဏ္ဍိုင် အသုံးအနှုန်းကို တီထွင်ခဲ့ကြသူ အနည်းဆုံး အခြားနှစ်ဦးလည်း ရှိပါသေးတယ်။ ဗြိတိသျှနိုင်ငံရေးသမား ဟင်နရီဘရောက်ဟမ်က ၁၈၂၃/၂၄ ခုနှစ်ခန့်က စတုတ္ထမဏ္ဍိုင်အကြောင်း ပါလီမန်မှာတစ်ကြိမ် ပြောကြားခဲ့ပါတယ်။ သမိုင်းပညာရှင် သောမတ်စ်မက်ကောလေးကလည်း ၁၈၂၈ ခုနှစ်၊ "ဟော်လမ်ဖွဲ့စည်းပုံသမိုင်း"စာအုပ်တွင် တစ်ကြိမ်ဖော်ပြခဲ့ဖူးကြောင်းသိရပါတယ်။ ကာလိုင်က စာနယ်ဇင်းကို စတုတ္ထမဏ္ဍိုင်အဖြစ် လူအများလက်ခံလာအောင် မတင်ပြနိုင်သေးမီ စောစောပိုင်း စာရေးဆရာတချို့က စတုတ္ထမဏ္ဍိုင်ကို ရှေ့နေများ၊ ဘုရင်မများရဲ့ကြင်ရာတော်များ၊ အလုပ်သမားသမဂ္ဂများ(သို့မဟုတ်) ပစ္စည်းမဲ့ လူတန်းစားများအတွက် ရည်ညွှန်းပြီး သုံးစွဲခဲ့ကြတာကိုလည်း ဖတ်ရှုလေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ထိုစဉ်တုန်းက စတုတ္ထမဏ္ဍိုင်ကို နိုင်ငံမှာ အတည်တကျရှိပြီးသားဖြစ်နေတဲ့ မဏ္ဍိုင်သုံးရပ်နဲ့ ဆက်စပ်ရည်ညွှန်းဖို့အတွက် အသုံးပြုခဲ့ကြတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

စတုတ္ထမဏ္ဍိုင်ဟူသော အသုံးအနှုန်းရဲ့အစဟာ တစ်သမတ်တည်း အပြောင်းအလဲမရှိဘဲ ဖြစ်ပေါ်လာခဲ့တာမဟုတ်တဲ့အပြင် ဘယ်တုန်းကမှ ဥပဒေပြဋ္ဌာန်းပြီး ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ထားခြင်းလည်း မရှိစေကာမူ၊ ယခုအခါမှာတော့ ကမ္ဘာတစ်ဝန်းလုံးရှိ ဒီမိုကရေစီနိုင်ငံများမှာ မီဒီယာကို အခြေခံကျသော ဘုံသဘောထားအယူအဆဖြင့် စတုတ္ထမဏ္ဍိုင်ဟု ရည်ညွှန်းပြောဆိုလျက်ရှိနေကြပြီဖြစ်ပါတယ်။ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို မဏ္ဍိုင်ကြီးသုံးရပ်က အပြန်အလှန်ထိန်းကျောင်းသုံးစွဲရာမှာ ညီညွတ်မျှတစေရန်အတွက် ပြည်သူလူထုရဲ့ သဘောထား ထင်မြင်ချက်ဟာ နောက်ဆုံးနဲ့ အရေးအကြီးဆုံး စစ်ဆေးအကဲဖြတ်ချက်ပဲဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးများမှာ ပွင့်လင်းမြင်သာမှုရှိပြီး ရိုးသားဖြောင့်မတ်သော စနစ်ကောင်းများတည်ရှိစေရေးနဲ့ အာဏာအလွဲသုံးစားပြုလုပ်တာ၊ အကျင့်ပျက်ခြစားတာတို့လို ကိစ္စများပေါ်ပေါက်လာတဲ့အခါ ပြည်သူလူထုကို သတိပေးခေါင်းလောင်းထိုးဖို့ တာဝန်ဟာ မီဒီယာရဲ့တာဝန်ပါပဲ။ မီဒီယာဟာ ပြည်သူလူထုရဲ့ သဘောထားထင်မြင်ချက်ကို ပုံသွင်းပေးနိုင်တာကြောင့် သူ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တည်ရှိနေသော မဏ္ဍိုင်ကြီးများကဲ့သို့ပဲ တန်းတူအရေးကြီးတယ်လို့ တန်ဖိုးထားတဲ့အနေနဲ့ စတုတ္ထမဏ္ဍိုင် အယူအဆဖြစ်ပေါ်လာတယ်လို့ယုံကြည်ရပါတယ်။ လွတ်လပ်သော စာနယ်ဇင်း(သို့မဟုတ်) လွတ်လပ်သော မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် ရည်ညွှန်းကြတဲ့ အခြားအကြောင်းပြချက် တစ်ခုကတော့ ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ရာမှာ ဗဟိုချက်တစ်ခုသဖွယ်ဖြစ်နေလို့ပါပဲ။

၁၉၅၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ပေါ့တာစတီးဝပ်က ရေးလ်တက္ကသိုလ် ဥပဒေကျောင်းသား ကျောင်းသူများကို စကားပြောခဲ့ရာမှာ "လွတ်လပ်သောစာနယ်ဇင်းဟာ အာဏာပိုင်များကို စေ့စေ့စပ်စပ် စိစစ်နိုင်ဖို့အတွက် ကျွမ်းကျင်သူများနဲ့ ဖွဲ့စည်းထားနိုင်တဲ့အတွက် တရားဝင်ခက်မသုံးဖြာ မဏ္ဍိုင်ကြီးသုံးရပ်တို့ရဲ့ အပြင်ဘက်က ထပ်ဆောင်းထားသော စတုတ္ထအဖွဲ့အစည်းဖြစ်တယ်"လို့ ဖော်ပြခဲ့ပါတယ်။ သူရဲ့ပြောကြားချက်ဟာ အမေရိကန်နိုင်ငံတစ်ဝန်းလုံးမှာ ပျံ့နှံ့သွားခဲ့ပြီး ယခင်က စတုတ္ထခက်မ (The fourth bran-

> **တစ်တိုင်းပြည်လုံးကို ဘယ်သူက စကားပြောနိုင်သလဲ။ ပြောနိုင်ရင် ဩဇာရှိမှာပဲ။ အုပ်ချုပ်ရေးမှာပဲ ဖြစ်ဖြစ်၊ ဥပဒေပြုရေးဖြစ်ဖြစ် လုပ်ပိုင်ခွင့်အားလုံးမှာ ထာဝရမပြောင်းလဲနိုင်တဲ့ အင်အားဖြစ်လာမယ်။ ရာထူးအဆင့်အတန်း အခွန်ဘဏ္ဍာငွေနဲ့ တခြားနှမ်းဖြူးစရာတွေက ဘာမျှအရေးမကြီးပါဘူး။ တကယ်အရေးကြီးလိုအပ်တာက တခြားလူတွေ နားထောင်ချင်အောင်ပြောနိုင်တဲ့ ပါးစပ်တစ်ပေါက်ရှိဖို့ပါပဲ။ ဒီ့အပြင် ဘာမျှ မလိုပါဘူး**

ch) ဟူသော အသုံးအနှုန်းအစား ဒီမိုကရေစီ၏ စတုတ္ထမဏ္ဍိုင်(သို့မဟုတ်) စတုတ္ထပရဝဏ် (The fourth estate)ဟူ၍ဖြစ်လာရကြောင်း လေ့လာသိရှိရပါတယ်။ စတုတ္ထခက်မသည် အာဏာပိုင်ခက်မသုံးဖြာနှင့် မလွတ်ကင်းဟုယူသော် ရနိုင်ပြီး စတုတ္ထမဏ္ဍိုင်ဟု သုံးနှုန်းခြင်းအားဖြင့် စာနယ်ဇင်းရဲ့ လွတ်လပ်မှုနှင့် ဩဇာကြီးမှုတို့ကို ပိုမိုအလေးဂရုပြုရာ ရောက်တယ်လို့ ယူဆနိုင်ပါတယ်။

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီအရေးအတွက် အခရာကျသော တာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် မီဒီယာဟာ ကျကျနန အမှီအခိုကင်းဖို့လိုပါတယ်။ အစိုးရကိုယ်တိုင်ကသော်လည်းကောင်း၊ အင်အားကြီးမားသော ပုဂ္ဂလိက အကျိုးစီးပွားများကသော်လည်းကောင်း မီဒီယာကို လွှမ်းမိုးခြယ်လှယ်ခြင်းမှကင်းလွတ်စေရပါမယ်။ မီဒီယာတွေကိုယ်တိုင်ကလည်း အစိုးရဘက်ကိုသော်လည်းကောင်း၊ အတိုက်အခံဘက်ကိုသော်လည်းကောင်း ဘက်လိုက်မှုကင်းရှင်းရမှာဖြစ်သလို ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ကိုယ်ပိုင်ခံစားချက် အစွဲအလမ်းအမျိုးမျိုးနဲ့ အဂတိတရားအမျိုးမျိုးမှလည်း ကင်းရှင်းမှသာ တည့်မတ်မှန်ကန်တဲ့မဏ္ဍိုင်တစ်ခု ဖြစ်နိုင်ပါလိမ့်မယ်။ နိုင်ငံတော်အစိုးရဟာ လွှမ်းမိုးခြယ်လှယ်ခြင်းကို ကန့်သတ်နိုင်ရန်အတွက် နိုင်ငံပိုင်မီဒီယာတချို့ကို အများပြည်သူဘဏ္ဍာ ရန်ပုံငွေနဲ့ လည်ပတ်တဲ့ မီဒီယာအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ရန် ကြိုးပမ်းနေခြင်းဟာ ဒီရည်ရွယ်ချက်ကြောင့် ဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာကို နိုင်ငံသားအစုအဖွဲ့ကိုယ်စားပြုသူများနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ လွတ်လပ်သော ကောင်စီတစ်ခုက တာဝန်ယူသွားမှာဖြစ်တဲ့အတွက် ပုဂ္ဂလိက မီဒီယာများကဲ့သို့ပဲ လွတ်လွတ်လပ်လပ် လှုပ်ရှားဆောင်ရွက်ခွင့်ရရှိနိုင်မှာဖြစ်ပါတယ်။ အင်အားကြီးမားသောပုဂ္ဂလိက အကျိုးစီးပွားများရဲ့ လွှမ်းမိုးခြယ်လှယ်ခြင်းကိုတော့ မီဒီယာပိုင်ဆိုင်မှုများ စုစည်းခြင်းကို ကန့်သတ်သော နည်းလမ်းဖြင့်ဖြစ်စေ၊ အခြားသော စည်းမျဉ်းစည်းကမ်းများဖြင့်ဖြစ်စေ ထိန်းညှိပေးဖို့ လိုအပ်ပါတယ်။ မီဒီယာတွေအားလုံးရဲ့ ကိုယ်ပိုင်ကျင့်ဝတ် သိက္ခာပိုင်းကိုတော့ အများပြည်သူနဲ့ မီဒီယာတွေကိုယ်တိုင်ပါဝင်တဲ့ ကောင်စီအဖွဲ့အစည်းနဲ့ပဲ ထိန်းညှိပွဲပြင် မြှင့်တင်သွားရမှာဖြစ်ပါတယ်။ ဒါတွေမလုပ်ဘဲနဲ့တော့ မီဒီယာဟာ ဒီမိုကရေစီတည်ဆောက်ရေးမှာ ပါဝင်တဲ့ သူတို့ရဲ့အခန်းကဏ္ဍကို ဘယ်လိုမှဘက်မလိုက်ဘဲ ထိထိရောက်ရောက်လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒီနေရာမှာ အလျဉ်းသင့်လို့ ၁၉၅၂ ခုနှစ်ထုတ် ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့ "သတင်းစာလောက" စာအုပ်မှ အချက်အလက်တချို့ကို ကောက်နုတ်၍ ရည်ညွှန်းလိုပါတယ်။ စာမျက်နှာ ၅၃/၅၄ မှာ-"ပထမအချက်တွင် **ဒီမိုကရေစီအောင်မြင်ရန် အခြေခံဖြစ်သော လူထုအသိဉာဏ်ရရေးမှာ လူထုကို အမြင်မှန်ပေးသည့် သတင်းစာများအပေါ်တည်သည်။** သတင်းစာလုပ်ငန်းသည် အမြတ်အစွန်းလည်း ဖြစ်ထွန်းရမည်၊ **လူထုကိုလည်း ပညာပေးရမည်။** ဒုတိယအချက်၌ **လူထုကို တိုင်းပြည်၌ အသုံးဝင်သော လူများဖြစ်လာနိုင်အောင် ပညာသင်ပေးရာတွင် ငွေကြေးတတ်နိုင်မှ ပညာရစေရန် မဟုတ်ဘဲ သတင်းစာမှတစ်ဆင့် ပညာကို ဖြန့်ဖြူးပေးနိုင်စေရန်** ဖြစ်သည်။ တတိယအချက်မှာ လူတို့အား **မိမိပတ်ဝန်းကျင်၌ မိမိတာဝန်ကို စိတ်ပါစွာ ဆောင်ရွက်လိုသည့်စိတ်**မျိုးမွေးလာအောင် သတင်းစာက လှုံ့ဆော်ပေးရမည်။ ထိုရည်ရွယ်ချက်များ အောင်မြင်စေရန် သတင်းစာကို တာဝန်ရှိသောလူအများပိုင်သည့် လက်နက်တစ်ခုဖြစ်လာအောင် မည်သို့ဖန်တီးရမည်ကို ဆွေးနွေးဦးအံ့"ဟု ဖော်ပြထားပါတယ်။

ဆရာမကြီးဒေါ်ခင်မျိုးချစ်က"သတင်းစာကို တာဝန်ရှိသော လူအများပိုင်" ဖြစ်လာစေရန် ကမ္ဘာအရပ်ရပ်မှ အယူအဆတချို့နဲ့ နည်းလမ်းများကို ဆွေးနွေးဖော်ပြခဲ့ပြီးနောက် ဗြိတိသျှနိုင်ငံသား စာနယ်ဇင်းပညာရှင်နှင့် စစ်ဆန့်ကျင်ရေးသမား ကင်စလေမာတင်ရဲ့ အယူအဆကို မီးမောင်းထိုးပြခဲ့ပါတယ်။ စာမျက်နှာ ၆၇/၆၈ တွင် "လူထုပိုင်သတင်းစာဟူ၍ ဖြစ်ပေါ်လာရေးနှင့်ပတ်သက်၍ အချေအတင် စောဒကတက်ချက်တို့ကို ချုံး၍ကြည့်သော် အမြတ်အလို့ငှာ တာဝန်မဲ့သူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က အုပ်ချုပ်ထုတ်ဝေသည့် စနစ်အစား သတင်းစာတို့ကို တာဝန်သိ၍ လွတ်လပ်သော အဖွဲ့အစည်းတို့ကအများပိုင်သဘောနှင့် တည်ထောင်သောစနစ်ကိုလိုက်နာလျှင် သတင်းစာလွတ်လပ်ခွင့်မထိခိုက်နိုင်ဟူ၍ ကင်စလေမာတင်က ယူဆသည်။ ထိုသတင်းစာမျိုး၌ နိုင်ငံတော်ချုပ်ချယ်မှုမှ ကင်းနေကျအတိုင်း ကင်းမည်။ ဝေဖန်မှု၌ လွတ်လပ်နေသည့် အချိုးအတိုင်း လွတ်လပ်မည်။ သတင်းယူရာ၌ အပြိုင်အဆိုင်ယူနိုင်သည့် သဘောမှာလည်း ယနေ့လက်ရှိသတင်းစာများနည်းတူ ယူနိုင်မည်။ ထိုသတင်းစာမျိုးမှာ အမြတ်အလို့ငှာထုတ်ဝေခြင်းမဟုတ်သောကြောင့် လည်းကောင်း၊ အမြတ်အတွက်သာ အစုအသင်းဖွဲ့ထားခြင်း မဟုတ်သောကြောင့်လည်းကောင်း အမျိုးအစားလည်းစုံလိမ့်မည်။ ပြည်သူအကြိုက်ကိုသာလိုက်လိုသော ဉာဉ်လည်းကင်းမည်။ ပြည်သူအများနှင့်ဆိုင်ရာကိစ္စတို့ကို ဆွေးနွေးရန်လည်း ဖြစ်နိုင်မည်"ဟု ဖော်ပြထားပါတယ်။

ယခုအခါ နှစ်ပေါင်း ၆၀ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ မြို့ပြနဲ့ကျေးလက်၊ ပြည်နယ် ပြည်မ နယ်စပ်ဒေသပါမကျန် ပြည်သူလူထု အသိပညာ ကွာဟချက်ကို ကျဉ်းမြောင်းနိုင်သမျှ ကျဉ်းမြောင်းသွားစေရန် **လူထုပညာပေးရေး** ရည်ရွယ်ချက်ဖြင့် ယူနက်စကိုရဲ့ အကူအညီရယူပြီး ရေးဆွဲထားတဲ့ **အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းသည် အများပြည်သူအကျိုးစီးပွားလော၊ သီးသန့်အကျိုးစီးပွားလော၊** ပြည်သူလူထုကြီးက ဆက်စပ်တွေးတောစဉ်းစားနိုင်ရန်အတွက် တင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ လူထုပညာပေးရေးလုပ်ငန်းများမှာ ဒီ့ထက်ပိုမိုလျင်မြန်ပြီးထိရောက်တဲ့ ယန္တရားရှိနေသေးတယ်ဆိုရင်လည်း ကျွန်တော်က နာခံဖို့အဆင်သင့်ပါပဲ။ နောက်ဆုံးပြောချင်တာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်မှာ မီဒီယာကဘယ်လိုအရေးကြီးတဲ့ပေးဝေမှုတွေ လုပ်ဆောင်ပေးနိုင်သလဲ ဆိုတာကတော့ အများပြည်သူက ဘယ်လောက်ထိ ကျယ်ကျယ်ပြန့်ပြန့်အသိအမှတ်ပြုလက်ခံနိုင်သလဲ ဆိုတဲ့အချက်နဲ့ သတင်းသမားများ၊ အယ်ဒီတာများ၊ ထုတ်ဝေသူများရဲ့ အမှီအခိုကင်းမှု၊ စာနယ်ဇင်းအတတ်ပညာကျွယ်ဝမှုနဲ့ အများပြည်သူအကျိုးစီးပွားဦးစားပေးမှုတို့အပေါ်မှာသာ တည်နေကြောင်းပါခင်ဗျား။

စာဖတ်သူအားလုံးကို ကျေးဇူးတင်ပါတယ်။

စဉ့်ကူးမြို့၌ လေပြင်းတိုက်၊ မိုးသည်းထန်စွာရွာ သစ်ပင်၊ ဓာတ်တိုင်နှင့် တယ်လီဖုန်းတိုင်များ ပြိုလဲ

စဉ့်ကူး စက်တင်ဘာ ၂၅

စဉ့်ကူးမြို့တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၂ နာရီက လေပြင်းများ တိုက်ခတ်ပြီး မိုးများသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

ထိုသို့လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ခြင်း၊ မြို့တွင်း လမ်းဘေးဝဲယာသစ်ပင်ကြီးများပြိုလဲခြင်း၊ လျှပ်စစ်မီးတိုင်၊ တယ်လီဖုန်းတိုင်နှင့် ဘုရားအုတ်တံတိုင်းများ ပြိုလဲပျက်စီးမှုများ(**ယာပုံ**)နှင့် စဉ့်ကူး-လက်ပန်လှ သွယ်တန်းစိုက်ထူထားသော တယ်လီဖုန်းကွန်ကရစ်တိုင် ငါးတိုင်ပြိုလဲမှုများဖြစ်ခဲ့ရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းဆောင်ရွက်ကြပြီး လျှပ်စစ်မီးတိုင်နှင့် တယ်လီဖုန်းတိုင်များကို ချက်ချင်း စိုက်ထူလဲလှယ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(၄၃၃)**

မိုးမရွာဘဲ နွားနှစ်ကောင်မိုးကြိုးပစ်

ညောင်ဦး စက်တင်ဘာ ၂၅

ညောင်ဦးမြို့နယ် အထက်ညဉ့်ကျေးရွာတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၄ နာရီက နွားနှစ်ကောင်မိုးကြိုးပစ်ခံရမှုတစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါ နွားနှစ်ကောင်သည် ညောင်ဦးမြို့နယ် အထက်ညဉ့်ကျေးရွာနေ တောင်သူ ဦးဝါမိုး၏ နွားနှစ်ကောင်ဖြစ်ပြီး အခင်းဖြစ်ပွားသည့်နေရာတွင် နွားလေးကောင်ချည်ထားခဲ့ရာမှ နှစ်ကောင်သာမိုးကြိုးပစ်ခံရသည်။ မိုးကြိုးပစ်ခံရပြီးနောက် တန်းပြီးလဲကျမသွားဘဲ နွားနှစ်ကောင်သည် ဗိုက်ကြီးများ ပြည့်ဖောင်းကားပြီးမှ လဲကျသေဆုံးသွားကြောင်း သိရှိရသည်။ **ကျော်နွေ(ညောင်ဦး)**

လူကို လူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

(၃၄)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

(၃၄)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ (34th ASEAN Meeting of Senior Official on Drug Matters, ASOD) အစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Kandawgyi Palace ဟိုတယ်(မင်္ဂလာ)ခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ဗဟိုအဖွဲ့ဝင်များ၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပြင်ပအဖွဲ့အစည်းများဖြစ်သော အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့(DEA)၊ သြစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့(AFP)နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)တို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးညဏ်လင်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးညီလာခံမှ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများအတွင်း မူးယစ်ဆေးဝါးကင်းစင်ရမည်ဟု ကြေညာစာတမ်းရေးထိုးနိုင်ခဲ့သလို

အာဆီယံခေါင်းဆောင်များနှင့် အဖွဲ့ဝင်နိုင်ငံများအနေနှင့်လည်း ရည်မှန်းချက်ပန်းတိုင်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ ကြေညာစာတမ်း၏ အကျိုးဆက်အနေနှင့် မူးယစ်ဆေးဝါးများဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှစ်ခုကို ၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ တစ်ကြိမ်နှင့် မကြာသေးမီကပင် ဘရူနိုင်းနိုင်ငံ၌ တစ်ကြိမ် စဉ်ဆက်မပြတ် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်အတူ တစ်ပြိုင်တည်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ထုတ်လုပ်မှုလျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း ရှင်းပြလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများသည် ဘိန်းစိုက်ရာဒေသတွင် နေထိုင်ကြသော ပြည်သူများ၏ဆင်းရဲမွဲတေမှုနှင့် ထိုအရပ်ဒေသရှိ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှု အခြေအနေများအပေါ် မူတည်ပါကြောင်း၊ ဘိန်းစိုက်ပျိုးရာဒေသရှိ ဒေသခံပြည်သူများနှင့် ဘိန်းစိုက်တောင်သူများ၏ ကျန်းမာရေးနှင့် ပညာရည်မြင့်မားရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လူနေမှုဘဝမြင့်တင်နိုင်ရေးတို့အတွက် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)တို့နှင့် ပူးပေါင်းပြီး အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် မတ်လတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် (Commission on Norcotic Drugs, CND) အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းပြသနိုင်ခဲ့ပါကြောင်း၊ နိုင်ငံအတွင်း မူးယစ်ဆန့်ကျင်ရေး လှုံ့ဆော်ပွဲများ ဆက်လက်ကျင်းပဆောင်ရွက်လျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် ဘိန်းစိုက်ပျိုးဧရိယာ ၂၃၇၇၀ ဒသမ ၂၂ ဟက်တာနှင့် ၂၀၁၃ ခုနှစ်၌ ယခုအချိန်ထိ ဘိန်းစိုက်ပျိုးဧရိယာ ၁၂၂၅၇ ဒသမ ၄၆ ဟက်တာအား ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် သုံးစွဲမှုနှင့်ထုတ်လုပ်မှုလျှော့ချရေးနှစ်ခုအကြား ချိန်ခွင်လျှာမရှိမှသာ မူးယစ်ဆေးဝါးပပျောက်ရေးမူဝါဒသည် ထိရောက်အောင်မြင်မှုရှိမည် ဖြစ်ပါကြောင်း၊ အချိန်ကာလ သတ်မှတ်ချက်များအရ အာဆီယံနိုင်ငံများ၏ မူးယစ်ဆေးဝါးကင်းစင်ရမည်ဟူသော ရည်မှန်းချက်သို့ ရောက်ရန် နှစ်နှစ်ပင်မကျန်ရှိတော့ပါကြောင်း၊ အာဆီယံ၏ အဓိကအခန်းကဏ္ဍများတွင် ASOD သည် တာဝန်တစ်ရပ်အနေဖြင့်လည်း ပါဝင်ပါသဖြင့် ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကဏ္ဍအလိုက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ တားဆီးနှိမ်နင်းရေးအဖွဲ့များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ဒေသတွင်းဆိုင်ရာစီမံကိန်းနှင့် သုတေသနဆိုင်ရာအချက်အလက်ဖလှယ်ရေးတို့အား အားဖြည့်ဆောင်ရွက်သင့်ပါကြောင်း၊ အစည်းအဝေးမှ ရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိများ အစည်းအဝေးအား စက်တင်ဘာ ၂၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပိုင်ရှင်မဲ့မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

တာချီလိတ် စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စံဖူးကျေးရွာအခြေစိုက်စခန်း တပ်မတော်စစ်ကြောင်းမှ လှုပ်ရှားနယ်မြေအတွင်း စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ရေတိုက်စား၍ ပေါ်နေသော အိမ်သုတ်ဆေးထည့်သည့် ပလတ်စတစ်ပုံးဟောင်းတစ်ပုံးကို တွေ့ရှိသဖြင့် တူးဖော်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ အထုပ် ၂၄ ထုပ် စုစုပေါင်းဆေးပြား ၄၈၀၀၀၊ အလေးချိန် ၄ ဒသမ ၈ ကီလို၊ ကာလတန်ဖိုး ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၉၆၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ တပ်မတော်စစ်ကြောင်းမှ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်(မူးယစ်)မှ ရဲအုပ်လှလွင်ဦးစီးအဖွဲ့၊ ဝမ်ပုံနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်စန်းယုနိုင်ဦးစီးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ရဲအုပ်လှလွင်က သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/၀၁၅)

ပြည်တွင်းသတင်း

ရပ်မိရပ်ဖများနှင့်တွေ့ဆုံပွဲ ဇေယျာသီရိမြို့နယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် ညနေ ၅ နာရီက ရွှေတွင်းကုန်းမြို့မရဲစခန်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း၊ ရွှေတွင်းကုန်းမြို့မစခန်းမှူး ဒုရဲမှူး ဘိုးဟန်၊ ဒုတိယစခန်းမှူး ရဲအုပ်သောင်းထိုက်ဦး၊ ရွှေတွင်းကုန်း၊ ဗောဓိမြိုင်၊ ပြည်စံအောင်၊ သိုက်ချောင်း၊ သာစည်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆိုင်ကယ်ကယ်ရီဂိတ်မှူးများ၊ ဈေးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် လူတိုင်းကိုယ်စီပါဝင်ဆောင်ရွက်ရေး၊ မမှန်မကန် ကောလာဟလသတင်းများကို ချေဖျက်ရေး၊ ကျေးရွာရပ်ကွက်အတွင်း မသင်္ကာဖွယ်စိမ်းများဝင်ရောက်ပါက သတင်းပေးပို့ရေးကို ရဲတပ်ဖွဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးနေသော်လည်း ရပ်ရွာပြည်သူအချို့မှာ စည်းကမ်းဥပဒေများကို သိရှိလိုက်နာကျင့်သုံးမှု အားနည်းပြီးနီးစပ်ရာ ပြည်သူများသို့ အသိပညာပေးကာ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ရွှေတွင်းကုန်းမြို့မရဲစခန်းမှူးနှင့် ဒုစခန်းမှူးတို့က မှုခင်းပိုင်းနှင့် လုံခြုံရေးပိုင်းဆိုင်ရာများဆွေးနွေးခြင်း၊ တက်ရောက်လာသည့် ရပ်မိရပ်ဖများက ဆွေးနွေးမေးမြန်း ဖြေကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော်ရှိ ဈေးအသီးသီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး တစ်ပြိုင်တည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

မီးဘေးအန္တရာယ်သည် အချိန်အခါမရွေးဖြစ်ပွားနိုင်ပြီး မလိုလားအပ်ဘဲ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ လမ်းညွှန်မှုဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးများတွင် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲများကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲမှ ၉ နာရီခွဲအထိ တစ်ပြိုင်တည်းကျင်းပခဲ့သည်။

တက်ရောက်

ထို့နောက် အခမ်းအနားတွင် သက်ဆိုင်ရာ မီးသတ်ဦးစီးအရာရှိများက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောဆွေးနွေးခဲ့ကြပြီး မီးသတ်ဆေးဘူးများ အသုံးပြုပုံနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့ကြကာ ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ ခန္တီးခရိုင်၊ သစ်တောဦးစီးဌာန ဟုမ္မလင်းမြို့နယ်ရှိ ကျွန်း၊ အင်၊ ကညင်၊ သစ်၊ ခွဲသားနှင့် အခြားပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ ၁၆-၇-၂၀၁၃ရက်စွဲပါ စာအမှတ် [၄၁၁၁-၁၂/ထ(က)၄]နှင့် ၆-၈-၂၀၁၃ ရက်စွဲပါ စာအမှတ် [၄၉၉၁-၉၂/ထ(က)၄]ဖြင့် ခွင့်ပြုချက်အရ အောက်ပါအစီအစဉ်အတိုင်း မျက်မြင်အခြေအနေအရ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

နေရာ - ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဟုမ္မလင်းမြို့
နေ့ရက် - ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ ရက်
အချိန် - နံနက် ၁၀ နာရီ

၂။ လေလံလျှောက်လွှာများအား တစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)ဖြင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး မော်လိုက်၊ ခန္တီးခရိုင်နှင့် ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဟုမ္မလင်းမြို့တွင် ဝယ်ယူရရှိနိုင်ပါကြောင်း။

ခရိုင်သစ်တောဦးစီးဌာန
မော်လိုက်၊ ခန္တီးခရိုင်၊ မော်လိုက်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကြည်အေး-ဒေါ်မြအေးတို့၏သား မောင်မျိုးဇော်အောင်(ခ)စမျိုးဇော်အောင် ၁၂/မရက(နိုင်)၁၃၈၅၁၅သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

မောင်မျိုးဇော်အောင်(ခ)စမျိုးဇော်အောင်

ဖခင်အမည်မှန်

အထက(၃)လှိုင်၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်မင်းဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဇော် ၁၂/လမန(နိုင်)၁၂၉၄၀၂ ဖြစ်ပါသည်။

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်နိုင်ငံ သမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr. Jimmy Carter ဦးဆောင်ပြီး ဖင်လန်နိုင်ငံသမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr.Martti Ahtisaari၊ နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Dr.Gro Harlem Brundtland တို့ပါဝင်သော ဗြိတိန်နိုင်ငံလန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများ၊ သမ္မတရွေးကောက်ပုံစနစ်၊ တိုင်းရင်းသားနှင့် အမျိုးသမီးများ လွှတ်တော်ကိုယ်စားလှယ်နှင့် နိုင်ငံတော်အရေးတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ ရွေးကောက်ပွဲတွင် လေ့လာရေးအဖွဲ့ခွင့်ပြု/မပြုနှင့် အခြားနိုင်ငံ ရွေးကောက်ပွဲများသို့ သွားရောက်လေ့လာမှုအခြေအနေများ၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူအများ နွားနို့ပေါ်များစွာသောက်သုံးနိုင်စေရေး နို့စားနွားမွေးမြူရေးလုပ်ငန်း ပိုမိုတိုးချဲ့လုပ်ကိုင်

နေပြည်တော် စက်တင်ဘာ ၂၅

အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်များကို သောက်သုံးခြင်းဖြင့် လိုအပ်သော အာဟာရဓာတ်များ မရရှိနိုင်ကြောင်း၊ သန့်ရှင်းလတ်ဆတ်ရောဂါကင်းသည့်နို့များကိုသာ နေ့စဉ်သောက်သုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာအတွက် လိုအပ်သည့်ကယ်စီယမ်၊ ဗီတာမင်နှင့် အာဟာရဓာတ်များကို ရရှိစေနိုင်ကြောင်း၊ ပြည်သူအများ နွားနို့ပေါ်များစွာသောက်သုံးနိုင်စေရန်အတွက် နို့စားနွားမွေးမြူရေး လုပ်ငန်းအား ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး နွားနို့ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးလုပ်ကိုင်သွားရန် လိုအပ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံဦးနယ်မြေ ကျီတော်ကုန်းရပ်ကွက်ရှိ ဝင်းမေတ္တာ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိစဉ် ပြောကြားပြီး ခြံအတွင်း နို့စားနွားမွေးမြူထားရှိမှု၊ နို့ချက်စက်ရုံနှင့် နွားစာမြက် နေပီယာစိုက်ပျိုးထားမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ နွားမွေးမြူရေးခြံတွင် နို့စားနွား အကောင်ရေ ၄၀၀ ကျော် မွေးမြူထားပြီး အသင့်သောက်နို့ဘူး၊ ဒိန်ချဉ်နှင့် နို့ဆီများထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ သာစည်မြို့နယ် ရွာကြီးရွာရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးရွာအတွင်း လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိပြီးဖြစ်၍ ကျေးရွာအုပ်စုအတွင်းရှိ ရွာများကို ရွာချင်းဆက်ကျေးလက်လမ်းများ ဖောက်လုပ်သွားရန်လိုအပ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် မိသားစုဝင်ငွေ တိုးတက်ရရှိရေးအတွက် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ဆိတ်များမွေးမြူသွားကြရန် လိုအပ်ကြောင်း၊ ကျေးလက်ဘဏ်များ ထူထောင်၍ ငွေကြေးစိုက်ထုတ်ပေးပြီး ကျေးလက်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ကျေးလက်လူငယ်များနှင့် ချိတ်ဆက်ကာ တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိနိုင်သည့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားကြရန်မှာကြားပြီး မွေး/ရေ ကျေးလက်လူငယ်ဝတ်စုံများ ပေးအပ်ကာ စိုက်ပျိုးရေးနှင့်သောက်သုံးရေအတွက် အသုံးပြုနေသော မင်းလှကန်ကို စစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာရှိ နို့စားနွားမွေးမြူရေးခြံ၊ နို့ပေးနွားမခြံ၊ နို့ညှစ်ခြံ၊ နွားငယ်လေးခြံ၊ နွားစာစင်းစက်နှင့် အစာစပ်ရုံ၊ နေပီယာမြက်စိုက်ခင်းတို့နှင့် ပျော်ဘွယ်မြို့နယ် ကင်းတားရွာရှိ ဇီဝကမွေးမြူရေးခြံ၌ ဒေသနွားများ မျိုးထိန်းမွေးမြူထားမှုကို ကြည့်ရှုအားပေးကာ ဒေသခံရွာသူ ရွာသားများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနွားများအား မေထုန်မဲ့နည်းဖြင့် မျိုးမြင့်သားစပ်ခြင်းဖြင့် နို့ထွက်နှုန်း ပိုမိုကောင်းမွန်လာစေမှာ ဖြစ်ကြောင်း၊ ထို့အပြင် မျိုးမြင့်ဒေသကြက်နှင့် ဘဲများ မွေးမြူသွားခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် စားဝတ်နေရေးပြေလည်စေပြီး အပိုဝင်ငွေလည်း ရရှိလာမှာဖြစ်ကြောင်း ပြောကြားပြီး ဒေသခံရွာသူ ရွာသားများ၏ ပညာရေးကဏ္ဍ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးနှင့်ကျေးလက်လမ်းဖောက်လုပ်ရေးတို့ကို ပံ့ပိုးဖြည့်ဆည်းကာ နိုင်ငံတော်သမ္မတ၏လက်ဆောင် ဆိုလာမီးအိမ်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့ (World School Milk Day) အခမ်းအနားကို ယနေ့တွင် နေပြည်တော် လယ်ဝေးမြို့နယ် စမတောင် ပရဟိတလူငယ်သင်တန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နှစ်စဉ် စက်တင်ဘာလရဲ့ နောက်ဆုံးပတ် ဗုဒ္ဓဟူးနေ့ကို ‘ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့’ အဖြစ် သတ်မှတ်ခဲ့တဲ့အတွက် ဤအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာနနှင့်အတူ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ Tetra Pak ကုမ္ပဏီနှင့် CP Meiji Company တို့ပူးပေါင်း၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးများ၊ ချင်းနှင့် ကယားပြည်နယ်တို့ရှိ မူလတန်းကျောင်းသား ကျောင်းသူ ၆၅၀၀၀ တို့အား ကျောင်းတက်ရက်တိုင်း နို့တိုက်ကျွေးလျက် ရှိပါကြောင်း၊ အခြား တိုင်းဒေသကြီး/ပြည်နယ်အချို့တွင်လည်း နို့တိုက်ကျွေးရေး အခမ်းအနားများ ကျင်းပလျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံ၌ ကျောင်းများ နို့တိုက်ကျွေးရေးကို ၁၉၆၄ ခုနှစ်မှ စတင်ခဲ့ရာ ယနေ့အချိန်မှာ ကမ္ဘာ့အဆင့်မီ အရပ်အမောင်းရရှိလာပါကြောင်း၊ နွားနို့ဟာကျန်းမာဖွံ့ဖြိုးဖို့ မရှိမဖြစ်လိုအပ်တဲ့ သကြားဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်နှင့် အင်ဇိုင်းဓာတ်များ ပါဝင်သလို အမိုင်နိုအက်စစ် ၁၈ မျိုးလည်းပါဝင်လို့ အပြည့်စုံဆုံး အာဟာရ တစ်ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူတစ်ယောက် တစ်နှစ် နွားနို့သောက်သုံးမှုနှုန်းဟာ ၁၀၀ ကီလိုဂရမ်အထက်ရှိပြီး ၂၀၁၂-၂၀၁၃ခုနှစ် စာရင်းအရ မြန်မာနိုင်ငံမှာ လူတစ်ယောက် တစ်နှစ်သောက်သုံးတဲ့ နို့နှင့်နို့ထွက်ပစ္စည်းပမာဏဟာ ၂၈ ဒသမ ၂ ကီလိုဂရမ်သာရှိတဲ့အတွက် ပိုမိုစားသုံးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဒေသဆိုင်ရာညှိနှိုင်းကွပ်ကဲရေးမှူး Dr. Thanawat Tiensen က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုရရှိသူ ၁၀ ဦးအား ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စမတောင်လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးကြပြီး **(အပေါ်ဝဲပုံ)** ကျောင်း၌မွေးမြူရန် နို့ပေးနွားမ ငါးကောင်၊ ကျေးရွာအတွက် နို့စားနွားမ ငါးကောင်နှင့် တိရစ္ဆာန်အစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ဒေါက်တာမောင်မောင်သိမ်း၊ ဦးစိုးတင့်၊ ဦးဘုန်းဆွေနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ထိုင်းနိုင်ငံမှ Assistant Chief, Policy Advisor to Prime Minister,Mr.Chuloneng Yakate ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးတွင် အထူးလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး မူဝါဒဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့အကြား သုံးပွင့်ဆိုင်ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို သုံးသပ်ပြီး ထားဝယ်အထူးစီးပွားရေးဇုန်တွင် ပြန်လည်နေရာချထားရေးလုပ်ငန်းဆိုင်ရာ အခြေအနေများကို ဆွေးနွေးကြသည်။

ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ မြန်မာ-ဂျပန်နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားပြီး ပထမအကြိမ် မြန်မာ-ထိုင်း- ဂျပန် သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ ထပ်မံထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တိုင်တန်းချက်များလက်ခံခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်း၍ ကော်မရှင်ရုံးကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း အမှတ်(၂၇)တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရပါက အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါသည်-

(က) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း/လက်ကိုင်ဖုန်း-ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)၊

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက်ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

၃။ အထူးသဖြင့် တိုင်တန်းချက်များ ရေရာသေချာစေရေးအတွက် တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲလျက် ဥက္ကဋ္ဌ(သို့မဟုတ်) အတွင်းရေးမှူး၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လာရောက်၍ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ ကော်မရှင်အနေဖြင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အထက်ဖော်ပြပါ အပိုဒ် ၂ (က)၊ (ခ)၊ (ဂ)နှင့် ၃ တို့တွင် ဖော်ပြပါရှိသည့် အချက်များကို ပြည့်စုံစွာဖော်ပြရန် လိုအပ်ပါသည်။

၅။ တရားရုံးတစ်ရပ်ရပ်သို့ အမှုဖွင့်တိုင်တန်းထားပြီး အမှုများ၊ တရားရုံးတစ်ရပ်ရပ်က စစ်ဆေးဆဲအမှုများနှင့် တရားရုံးတစ်ရပ်ရပ်က ဆုံးဖြတ်ချက်ချမှတ်ထားပြီးသော အမှုများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များသည် ဤကြော်ငြာစာတွင် အကျုံးဝင်ခြင်းမရှိပါ။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လက်ခံရရှိသော တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းမည် ဖြစ်ပါသည်။

၇။ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖောက်ဖျက်ခံရသည်မှာ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ကော်မရှင်အနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ပြည်တွင်းသတင်း

နေပြည်တော်ကို နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု တောတောင်ရေမြေ ရာသီဥတုအပေါ် မူတည်၍ အမြဲသန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်သော Green City ဖြစ်အောင် တည်ဆောက်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၁၃ခုနှစ် မိုးရာသီကာလအတွက် နေပြည်တော်ဝန်ထမ်းအိမ်ရာများတွင် တိုက်အလိုက်နှင့် တစ်ဦးချင်းအကောင်းဆုံးစိုက်ပျိုးရေး ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ဝန်ထမ်းအိမ်ရာများတွင် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၂၀၁၃ ခုနှစ် မိုးရာသီကာလ ဝန်ထမ်းအိမ်ရာများတွင် အကောင်းဆုံး ကြိုးပမ်းစိုက်ပျိုးခဲ့ကြသော တိုက်အလိုက် ၁၆ တိုက်နှင့် တစ်ဦးချင်း ၂၀တို့ကို စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြု ပစ္စည်းများ၊ ငွေသားဆုနှင့် ဆုဖလားများအပါအဝင် ကျပ်သိန်း ၁၀၀ ဖိုးခန့် ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

နေပြည်တော်ကို နိုင်ငံတကာ မြို့တော်များ၏ တည်ဆောက်ပုံ Grand City နှင့်မတူဘဲ နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု တောတောင်ရေမြေ ရာသီဥတုအပေါ်မူတည်၍ အမြဲတမ်းသန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်သော Green City ဖြစ်အောင် စီမံတည်ဆောက်လျက်ရှိကြောင်း၊ နေပြည်တော်အတွင်း အပန်းဖြေနေရာများတည်ဆောက်ခြင်း၊ ရပ်ကွက်များအလိုက် ပန်းခြံများ တည်ဆောက်ခြင်း၊ လမ်းဘေး ဝဲ/ယာများတွင် Road Side Garden များ၊ လမ်းလယ်ကျွန်းများတွင် သစ်ပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ လမ်းဆုံအဝိုင်းများ တည်ဆောက်၍ ပန်းအလှဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့နေထိုင်ရာ တိုက်ခန်းအိမ်ရာများ၏ပတ်ဝန်းကျင်တွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးအတွက် သီးပင်၊ စားပင်၊

ပန်းအလှပင်နှင့် ရာသီသီးနှံပင်များ အင်တိုက်အားတိုက် စိုက်ပျိုးခဲ့ကြသည့်အတွက် မြို့တော်တည်ဆောက်လျက်ရှိသည့် ရည်ရွယ်ချက်နှင့်အညီ အကောင်အထည်ပေါ်လာခဲ့ပြီ ဖြစ်ကြောင်း။

ယခုကဲ့သို့ ဝန်ထမ်းမိသားစုများမှ အင်တိုက်အားတိုက် စိုက်ပျိုးခဲ့သည့်အတွက် ဝန်ထမ်းမိသားစုများအနေဖြင့်-

- ပတ်ဝန်းကျင် နေရာလပ်မရှိအောင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိအိမ်ရာဝန်းကျင်တွင် ချုံနွယ်များမရှိ၍ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပနေပြီး လုံခြုံမှုရှိခြင်း၊
- မိမိလိုအပ်သော အချိန်တွင် လတ်ဆတ်သော သီးပင်၊စားပင်များအား အလွယ်တကူခူးဆွတ် စားသုံးနိုင်ခြင်း၊
- ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ သုံးစွဲမှုကင်းဝေးသော အသီးအနှံများကို စားသုံးကြရခြင်း၊
- သီးပင်၊စားပင်များကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊

နေပြည်တော်ရှိ ဝန်ထမ်းများမှ မိမိတို့ အိမ်ရာပတ်ဝန်းကျင်တွင် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများကို နေရာလပ်မရှိအောင် စိုက်ပျိုးခြင်းဖြင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြေသည့် မြို့တော် Green City ဖြစ်ပေါ်လာအောင် တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မအထိ စိုက်ပျိုးသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က တိုက်အလိုက် ပထမဆုရရှိသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ တိုက်အမှတ် (A-3) မှ တိုက်တာဝန်ခံနှင့်တစ်ဦးချင်း ပထမဆုရရှိသူ တိုက်အမှတ်(၂၃၇၀) မှ ဦးကျော်သိန်း ရုံးအုပ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အား ဆုများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက တိုက်အလိုက် ဒုတိယဆုရရှိသည့် စီးပွား/ကူးသန်းဝန်ကြီးဌာန တိုက်အမှတ် (၅၂) မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း ဒုတိယဆုရရှိသူ တိုက်အမှတ် (A-5) မှ ဦးမြင့်ရွှေ ဦးစီးအရာရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက တိုက်အလိုက် တတိယဆုရရှိသည့် ဘဏ္ဍာရေးဝန်ကြီးဌာန တိုက်အမှတ်(၂၃၂၅)မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း တတိယဆုရရှိသူ တိုက်အမှတ်(၂၃၂၅)မှ ဒေါ်ဗန်ရဲမ်ဇုန် အငယ်တန်းစာရေး ဘဏ္ဍာရေးဝန်ကြီးဌာနတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးချန်မောင်က တိုက်အလိုက် စတုတ္ထဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန တိုက်အမှတ် (၄၃၂၀) မှ တိုက်တာဝန်ခံနှင့် တစ်ဦးချင်း စတုတ္ထဆုရရှိသူ တိုက်အမှတ် (၃၃၃၈)မှ ဦးမျိုးမြင့်အောင် ရဲအုပ် ပြည်ထဲရေးဝန်ကြီးဌာန တို့အား လည်းကောင်း၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဦးဖုန်းဇော်ဟန်တို့က တိုက်အလိုက် ပဉ္စမဆု၊ ဆဋ္ဌမဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယခုကျင်းပသည့် စိုက်ပျိုးရေး အကောင်းဆုံးဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် တိုက်အလိုက်နှင့်တစ်ဦးချင်း ပထမမှ တတိယအထိ ဆုရရှိသူများအား ဆုဖလားများအပြင် ငွေသားနှင့်စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို လည်းကောင်း၊ တိုက်အလိုက်နှင့် တစ်ဦးချင်း စတုတ္ထဆု၊ ပဉ္စမဆု၊ ဆဋ္ဌမဆုနှင့်နှစ်သိမ့်ဆုများအတွက် ငွေသားနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ယနေ့ချီးမြှင့်သည့်ဆုနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သော ရေစုပ်မော်တာ၊ ရေပိုက်၊ ဆေးဖျန်းပုံး၊ မြေဩဇာ၊ မျိုးစေ့များ၊ ရေဖျန်းကရား၊ ပေါက်ပြား၊ ဂေါ်ပြား၊ တူရွင်းပြား၊ ခက်ရင်း၊ ထွန်ခြစ်၊ ကိုင်းခုတ်ဓား၊ ကိုင်းဖြတ်ကတ်ကြေး၊ လက်အိတ်၊ ပျိုးဗန်း၊ ပျိုးအိတ်၊ ပန်းအိုး၊ အမိုးလိုပ်အစိမ်းနှင့် စိုက်ပျိုးရေးစာအုပ်တို့၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၁၀၀ ကျော် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်ရာ၌ ပါဝင်ကျူးလွန်သူများကို တည်ဆဲဥပဒေအရ အရေးယူနိုင်ရန်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ဇေယျာသီရိမြို့နယ် အတွင်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေပြည်တော် သတင်းစာတိုက်အတွက် မြေသိမ်းဆည်းခဲ့စဉ်က ပါသွားသော တောင်သူများနှင့် နစ်နာကြေးပေးလျော်စဉ် ကျန်ရှိခဲ့သော တောင်သူများအား မြေယာလျော်ကြေးပေးအပ်ရေးအဖွဲ့မှ စိစစ်ပြီး နစ်နာကြေးများပေးချေခြင်းကို ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၁၀ ရက် မွန်းလွဲ ၂ နာရီအထိ သတင်းစာတိုက်၌ နစ်နာကြေးပေးချေရန် ကျန်ရှိသူ တောင်သူ ၄၁ ဦးနှင့် သက်ဆိုင်သည့် လယ်ယာမြေ ၁၁၇ ဒသမ ၉၉ ဧကအနက် တောင်သူ ၂၇ ဦးသို့ ယာမြေ ၆၀ ဒသမ ၈၀၅ ဧကအတွက် နစ်နာကြေးငွေကျပ် ၁၅၂ သိန်းကျော်ကို ထုတ်ပေးခဲ့ပြီး ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှ နစ်နာကြေးပေးရန် ကျန်ရှိသူ တောင်သူ ၂၈ ဦးနှင့်သက်ဆိုင်သည့် ယာမြေ ၁၁၉ ဒသမ ၃၅ ဧကအနက် တောင်သူ ငါးဦးသို့ ယာမြေ ၁၆ ဒသမ ၃၅ ဧကအတွက် နစ်နာကြေးငွေကျပ်သိန်း ၄၀ ကျော်ကို ထုတ်ပေးခဲ့ပြီး ကျန်တောင်သူများကိုလည်း ဆက်လက်ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် စက်တင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ခေတ်အေးကျေးရွာအုပ်စုအတွင်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာတိုက်ပိုင် အကွက်ကြီးအမှတ် ကြေးတိုင်(၄/၅)၊ ၁၆၆ ဧကခန့်အတွင်းသို့ ဝင်းလှိုင်ဦးဆောင်သည့် တောင်သူ ၂၀ ခန့်က ကျွဲ/နွားထွန်များဖြင့် ဝင်ရောက်ကျူးကျော်ထွန်ယက်ခြင်း၊ စက်တင်ဘာလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဝဲကြီးကျေးရွာမှ ထွန်းထွန်း၊ ဝင်းလှိုင်၊ ဒေါ်ခင်အေးနှင့် ဒေါ်ဝင်းကြည်တို့ဦးဆောင်သော အဖွဲ့များက ကျွဲ၊ နွားထွန်များဖြင့် ဝင်ရောက်ကျူးကျော်ထွန်ယက်ခြင်း၊ ယူကလစ်ပင် ၈၉ ပင်ကို ခုတ်လှဲဖျက်ဆီးခဲ့ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်က တရားလိုပြုလုပ်၍ ဝင်းလှိုင်ပါ အမှုတွင် ဆက်စပ်ပါဝင်ကျူးလွန်သူအားလုံးတို့အပေါ် ရွှေတွင်းကုန်းမြို့မရဲစခန်း၌ (ပ)၆၁/၁၃၊ (ပ)၆၂/၁၃၊ (ပ)၁၀၄/၁၃၊ (ပ)၁၀၅/၁၃၊ ပပက ၆(၁) တို့ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များသည် တာဝန်ချိန်ရဲဝတ်စုံဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဝဲကြီးကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ဆယ်အိမ်မှူးများဖြစ်ကြသော ဦးဝင်းဇော်၊ ဦးစိုးအောင်နှင့် ဦးဌေးဝင်း၊ ရပ်မိရပ်ဖ ဦးဝင်းစိန်နှင့် အတူဝင်ရောက်ဖမ်းဆီးရာ ဇော်လတ် (ဝဲကြီးကျေးရွာ NLD ပါတီရပ်/ကျေးစည်းရုံးရေးမှူး)နှင့် မိသားစုများက “ဓားပြ” “သူခိုး”ဟု အော်ဟစ်ခြင်း၊ “မီး” “မီး”ဟု အော်ဟစ်ခြင်း၊ ဇော်လတ်၏ဇနီး မမာသင်းက ဝတ်ဆင်ထားသောထဘီကိုချွတ်၍“မုဒိမ်းကျင့်သည်”ဟု လီဆယ်အော်ဟစ်ခြင်းတို့ကြောင့် ကျေးရွာသူ ကျေးရွာသား ၃၀၀ခန့်တို့က တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ပြေးဝင်လာရာ ရဲတပ်ဖွဲ့ ခေါင်းဆောင်ဖြစ်သူက ပြစ်မှုတရားခံများအား လာရောက်ဖမ်းဆီးခြင်းဖြစ်ကြောင်း ရှင်းပြသော်လည်း ဝဲကြီးကျေးရွာနေ အောင်ကျော်မိုး၊ စန်းလွင်၊ သက်နိုင်၊ စိုးမြင့်နှင့် ထွန်းလတ်ပါ ငါးဦးတို့ဦးဆောင်၍ အကြမ်းဖက်လိုသော ရွာသူ ရွာသားများက ရဲ တပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်နှက်ခဲ့ရာ တပ်ဖွဲ့ဝင် ခုနစ်ဦးတို့တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ခန္ဓာကိုယ် ပြင်းထန်ဒဏ်ရာများ၊ ဖူးရောင်သွေးထွက်နာကျင်ဒဏ်ရာများ ရရှိခဲ့သည်။ ထို့ပြင် ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များကို ကျေးရွာအပြင်သို့ မထွက်နိုင်အောင် ဝိုင်းဝန်းပိတ်ဆို့ထားခဲ့သည်။

စက်တင်ဘာလ ၁၉ ရက် နံနက် ၅ နာရီခွဲခန့်တွင် နေပြည်တော် ကောင်စီနယ်မြေ ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါဝဲကြီးကျေးရွာသို့ ထပ်မံဝင်ရောက်၍ ဥပဒေမဲ့ဆောင်ရွက်ခဲ့သည့် ကျေးရွာသူကျေးရွာသားများက မတရားပိတ်ဆို့ ထိန်းသိမ်းထားသော ရဲတပ်ဖွဲ့ဝင်များနှင့် ဒဏ်ရာရသူ ရဲတပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ထုတ်ခဲ့သည်။ ထို့နောက် ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်များအား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ ဖမ်းဆီးရေးဆောင်ရွက်ခဲ့စဉ် **ဥပဒေမဲ့စွာဖြင့်** တာဝန်ချိန်ဝတ်စုံဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များဖြစ်မှန်းသိလျက် အကြမ်းဖက်လိုသူ ကျေးရွာသူကျေးရွာသားများကို ဦးဆောင်ခဲ့သူများဖြစ်သည့် အောင်ကျော်မိုး၊ စန်းလွင်၊ သက်နိုင်၊ စိုးမြင့်၊ ထွန်းလတ်နှင့်ဇော်လတ်ပါ လေးဦးတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိစဉ် ၄င်းတို့သည် ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ထွက်ပြေးတိမ်းရှောင်နေသည့် ဇော်လတ်ပါ ၁၀ ဦးအား တည်ဆဲဥပဒေနှင့်အညီ အရေးယူနိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလိုလားသည့် ပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံတွင် အဖမ်းခံရသော မြန်မာနိုင်ငံသားအလုပ်သမားများအတွက် မြန်မာနိုင်ငံသံရုံး၏အကူအညီများလိုအပ်နေ

ကွာလာလမ်ပူ စက်တင်ဘာ ၂၅

စက်တင်ဘာ ၃ ရက်က မြန်မာနိုင်ငံသားအလုပ်သမားတစ်ဦးမှာ အလုပ်မှအပြန် ဟန်တွား (HANGTUAH) ရထားဘူတာရုံတွင် ပူဒူး (PUDU) ရဲများက ဖမ်းဆီးခဲ့ပြီး ၄င်း၏ပတ်စ်ပို့စာအုပ်မှာ မဟာနန်း(မြန်မာဆိုင်) လုပ်ငန်းစုနှင့် ပါမစ်တင်လျှောက်ထားခဲ့ကာ နှစ်နှစ်နီးပါးရှိနေကြောင်း သိရပြီး ယခုအချိန်အထိပြန်လည်မရရှိသေးကြောင်း၊ ၄င်းမှာ အဖမ်းခံနေရစဉ်အတွင်း မြန်မာအလုပ်သမားအဖွဲ့ (MMRC)သို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း မလေးရှားနိုင်ငံ မြန်မာအလုပ်သမားအဖွဲ့ MMRC မှ ကိုလတ်၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

စိစစ်ဆောင်ရွက်

မလေးရှားနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှာ ယခုအခါ ပြင်ပနိုင်ငံများမှ လာရောက်အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားများအား နေထိုင်ခွင့်အထောက်အထားများနှင့် စပ်လျဉ်းပြီး အမှားမခံဘဲ ကြပ်မတ်စိစစ်ဆောင်ရွက်လျက်ရှိနေကြောင်းနှင့် မိမိတို့ မြန်မာနိုင်ငံသားများအတွက် မြန်မာနိုင်ငံသံရုံး၏အကူအညီများ လိုအပ်နေသည်ဟု မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။ **စိုးဝင်း(SP)**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၅

စက်တင်ဘာ ၂၈ ရက်သည် “World Rabies Day” ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ဖြစ်သည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE) နှင့်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပူးပေါင်း၍ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါတားဆီးတိုက်ဖျက်ရန်နှင့် ခွေးရူးရောဂါကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကွက်ပြည့် ခွေးရူးရောဂါကာကွယ်ဆေးထိုး ပထမအဆင့်စီမံချက်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်မှစတင်၍တစ်ပြိုင်နက် ခွေးရူးရောဂါကာကွယ်ဆေးကို အထက်ဖော်ပြပါ တိုင်းဒေသကြီးအသီးသီးတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတိရစ္ဆာန် ဆေးကုဆရာဝန်များအသင်း ပူးပေါင်း၍ ခွေး၊ ကြောင်များတွင် အခမဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။ ခွေးရူးရောဂါကာကွယ်ဆေးထိုး ဒုတိယအဆင့်စီမံချက်ကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ မြို့နယ်အသီးသီးရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ခွေး၊ ကြောင်များ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ဝဲကြီးကျေးရွာ ကျေးရွာသူ ကျေးရွာသားများအား တွေ့ရစဉ်။
(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှု ၇၀ ရာခိုင်နှုန်းပြီးစီး

မြစ်ငယ် စက်တင်ဘာ ၂၅

ကမ္ဘာပေါ်တွင် ပထမဆုံး ကျောက်စိမ်းဖြင့် တည်ထားအပ်သည့် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး **(ယာပုံ)** တည်ဆောက်မှုမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်မြတ်ကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာ၊ မြင်းမှူးကျေးရွာ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းအနီးတွင် တည်ထားလျက်ရှိခြင်းဖြစ်သည်။

စက်တင်ဘာ ၂၄ ရက် ညနေ ၄ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၄ ဦးတို့က ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး ပြီးစီးမှုအခြေအနေများကို ကြည့်ရှုလေ့လာကြရာ အေးအေးခိုင် ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး ဘုရားဒါယကာ ဦးစိုးနိုင်က စေတီတော်မြတ်ကြီးတည်ဆောက်ပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီးကလည်း ယခုစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သလို ကမ္ဘာပေါ်တွင်လည်း မည်သည့်နိုင်ငံများမှာမှ မရှိကြောင်း၊ ထို့ပြင် ကျောက်စိမ်းသည် တရုတ်လူမျိုးများ မြတ်နိုးနှစ်သက်ရာ ရတနာဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံမှလည်း ယခုစေတီတော်မြတ်ကြီး တည်ဆောက်ပြီးစီးပါက အမြန်ဆုံးလာရောက် ဖူးမြော်နိုင်ကြောင်းကို ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စစ်ကိုင်း- မြစ်ငယ်ဖြတ်လမ်းဘေးအနီး ဆင်ရွာ၊ မြင်းမှူးကျေးရွာတွင် တည်ထားလျက်ရှိသော ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးသည် အေးအေးခိုင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အနောက်ဘက်တွင် တည်ရှိနေခြင်းကြောင့် ခရီးသွားများဖူးမြော်နိုင်ကြသည်။ ယခုအခါ စေတီတော် မြတ်ကြီးပြီးစီး တည်ဆောက်မှုမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မောင်မောင်စိုး(မြစ်ငယ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်းသည် စက်တင်ဘာ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ Royal Reward Resort၌ ပြင်ဦးလွင်မြို့မှ ဟိုတယ်လုပ်ငန်းရှင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် လည်းကောင်း၊ သီပေါ၊ နမ့်ခမ်းတို့၌ ဟိုတယ်လုပ်ငန်းရှင်များနှင့်လည်းကောင်း တွေ့ဆုံသည်။ ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၁ရက်တွင် မူဆယ်မြို့ရှိ နယ်စပ်ကုန်သွယ်ရေး အစည်းအဝေးခန်းမ၌ ခရီးသွားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။ စက်တင်ဘာ ၂၃ ရက်တွင် လားရှိုးမြို့ လားရှိုးမိုတယ် အစည်းအဝေးခန်းမ၌ ဟိုတယ်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ အားတွေ့ဆုံ၍ အနာဂတ်ခရီးသွားလုပ်ငန်းရည်မှန်းချက်များကို ဆွေးနွေးသည်။

စက်တင်ဘာ ၂၄ရက်တွင် ဟိုတယ် ပြင်ဦးလွင် အစည်းအဝေးခန်းမ၌ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းမှတ်စုတို

မန္တလေး စက်တင်ဘာ ၂၅

❒ ADB(Asia Development Bank)အာရှဘဏ်ငွေအကူအညီဖြင့် မိတ္ထီလာမြို့တွင် ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၉လုံး၊ မြင်းခြံမြို့တွင် ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၉ လုံး၊ ဝမ်းတွင်းမြို့တွင် ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ ၁၂ လုံး၊ ဓာတ်အားလိုင်းအတွက် ABC Cabel ၂၂၈ ကီလိုမီတာနှင့် ဒစ်ဂျစ်တယ်မီတာ ၅၅၀၀၀ လုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

❒ အိန္ဒိယနိုင်ငံမှ ပံ့ပိုးထားသည့် ထွန်စက်ကြီး အစီး ၃၀၊ လက်တွန်းထွန် စက်အစီး ၃၀၊ ရိတ်သိမ်းခြွေလှေ့စက်အစီး ၂၀ ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများကို သက်သာသော ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

❒ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ဓာတ်အားတရားမဝင်ထုတ်ယူသုံးစွဲခြင်းမရှိစေရန် မီတာစစ်ဆေးရေး အဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တရားမဝင်သုံးစွဲမှု ၃၂၆ မှုအတွက် ဒဏ်ကြေး/နစ်နာကြေး ငွေကျပ် ၂၆၉၉၇၈၂၄၆၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၇၇၇ မှုအတွက် ဒဏ်ကြေး/နစ်နာကြေး ၁၆၂၀၄၈၉-၄၈ ကျပ်၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ၈၉ မှုအတွက် ၇၃၀၅၀၃၈ ကျပ်ရရှိခဲ့ကြောင်း သိရသည်။

အေးမြ(မန္တလေး)

မီးရှူးတိုင်သယ်ယူခြင်း အစမ်းလေ့ကျင့်မှုနှင့် ဂုဏ်ပြုတွေ့ဆုံပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား၏ မီးရှူးတိုင် သယ်ယူခြင်း စမ်းသပ်လေ့ကျင့်မှုကို စက်တင်ဘာ ၂၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ရာ မီးရှူးတိုင်သယ်ဆောင်ရန် သတ်မှတ်ထားသော အရည်အချင်းမှာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိပြီး မီးရှူးတိုင် သယ်ယူရန်ဆန္ဒပြု လျှောက်ထားသူများကိုသာ အသုံးပြုသွားမည်ဖြစ်၍ စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီအရောက် အားကစားလေ့ကျင့်ရေးစခန်း နေပြည်တော် (Gold Camp)သို့ သတင်းပို့ကြရမည်ဖြစ်သည်။

ရန်ကုန်မှလာရောက်မည့်အားကစားသမားဟောင်းကြီးများအတွက် မော်တော်ယာဉ်စီစဉ်ပေးမည်ဖြစ်ပြီး စက်တင်ဘာ ၂၉ရက် နံနက် ၆နာရီတွင် စတင်ထွက်ခွာမည်ဖြစ်၍ အား/ကာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီးရုံးသို့ အချိန်မီရောက်ရှိ သတင်းပေးပို့ရမည်ဖြစ်ပြီး နေထိုင်သွားလာစားသောက်မှုများအတွက် အားကစားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မီးရှူးတိုင်သယ်ယူမှုလေ့ကျင့်ပြီးစက်တင်ဘာ ၃၀ ရက်နံနက်ပိုင်းတွင် အားကစားသမားဟောင်းကြီးများကို ဂုဏ်ပြုတွေ့ဆုံပွဲ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရထားစီးခရီးသည်များဘေးအန္တရာယ်ကင်းဝေးစေရေး ပြုပြင်မှုများလိုအပ်

အင်းတော် စက်တင်ဘာ ၂၅

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်ဘူတာနှင့်ဆည်ရွာဘူတာကြား မိုင်တိုင်အမှတ် ၅၈၄/ ၁၅၊ တံတားအမှတ် ၄၂၈ နန်းကင်ရွာအနီး နန်းကင်ချောင်းကူးတံတား ရေပေါက်မှ ဇလီဖားတုံး ၁၃ တုံးသာ ကွာဝေးသောနေရာတွင် သံလမ်းဆက်မူလီများ ပြုတ်ထွက်နေသဖြင့် တာဝန်သိပြည်သူတစ်ဦးက သက်ဆိုင်ရာသို့ စက်တင်ဘာ ၃ ရက်က အကြောင်းကြားခဲ့ရာ မူလီများကို လာရောက်၍ လက်ဖြင့်ကျပ်ထားခဲ့ကြောင်း သိရသည်။

သို့သော် စက်တင်ဘာ ၂၄ ရက် ညနေပိုင်းက ဒုတိယအကြိမ် သံလမ်းဆက်မူလီများမှာ ပြုတ်ထွက်နေသည်ကို ထပ်မံတွေ့ရှိရသဖြင့် **(ယာပုံ)**မီးရထားများနှင့် ခရီးသွားပြည်သူများ အန္တရာယ်များနှင့်မကြုံတွေ့နိုင်ရေးအတွက် အမြန်ဆုံးပြုပြင်ပေးသင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ကိုမင်း(အင်းတော်)

ယနေ့မိုးလေဝသ

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ **မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၂၀၁၃ ခုနှစ်“ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့”

“World Rabies Day”

(၂၈-၉-၂၀၁၃)

ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးမည်

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၅

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၄ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်(၄၅)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ အဆိုများတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၅

ပထမအကြိမ် ချင်းပြည်နယ် လွှတ်တော် ဆဋ္ဌမအစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၄ရက် နံနက် ၁၀ နာရီခွဲက ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်နှင့် လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခုပြင်ဆင်ရန် အဆိုတင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒသမနေ့)သတင်းတိုများ

မန္တလေး စက်တင်ဘာ ၂၅

ပြည်ကြီးတံခွန်မြို့နယ် ဒိစပိတ်ချောင်းအား ဇူလိုင် ၁၆ ရက်အထိ အရှည်ပေ ၁၂၀၀ တူးဖော်ပေးခဲ့ပြီးဖြစ်၍ ကျန်ရှိသည့်အပိုင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း အပြီးဆက်လက်ဆောင်ရွက်ပေးသွားမည်။

ပုသိမ်ကြီးမြို့နယ် အုန်းချောရွာဈေးအား ဈေးသူဈေးသားများ၏ဆန္ဒနှင့်အညီ ခေတ်မီဈေးသစ်ကြီးအဖြစ် ဆောက်လုပ်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသွားမည်။

တိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှု အခြေအနေမပေးပါက မြေအောက်ရေကို ထုတ်ယူသုံးစွဲနိုင်ရန် စက်ရေတွင်းပေါင်း ၃၉၂၄ တွင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉၀ ဒသမ ၁၃၃ သန်း လျာထားပြီး လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ဆိတ်မွေးမြူရေး ချေးငွေအဖြစ် မြို့နယ်တစ်မြို့နယ်၊ ကျေးရွာ နှစ်ရွာ၊ အိမ်ထောင်စု ၇၃ စု တစ်အိမ်ထောင်လျှင် ၁၀ ကောင်၊ တစ်ကောင်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၂၁၉ သိန်း စတင်ထုတ်ချေးသွားမည်။

စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာ တိုက်နယ်ဆေးရုံတစ်ရုံကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်သည်။

စဉ့်ကိုင်မြို့နယ် သည်တည်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ပေ (၆၀×၃၀) အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သစ်၊ ရွှေကာအခြေခံပညာမူလတန်းလွန်ကျောင်း ပေ(၉၀×၃၀) အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ်နှင့်စောရဲကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ပေ (၆၀× ၃၀) အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီးဖြစ်သည်။

မလှိုင်မြို့နယ် နှောကန်တိုက်နယ် နှောကန်ရွာကြီးသည် လူဦးရေများ၍ လမ်းပန်းဆက်သွယ်မှု ဝေးလံခက်ခဲသောကြောင့် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ရန် စက်တင်ဘာ ၄ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည်။

ဒီစီအီး(မန္တလေး)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

ခါကာဘိုရာဇီတောင်ထိပ်အမြင့်ပေကို မြန်မာတောင်တက်သမားများ လာမည့်နှစ်တွင် တက်ရောက်တိုင်းတာမည်

မောင်စိန်လွင် (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှတွင် အမြင့်ဆုံး တောင်တစ်တောင်အဖြစ် သတ်မှတ်ထားကြသော မြန်မာနိုင်ငံ ဧရာဝတီမြစ်၏ အခြေခံ အသက်သွေးကြောဖြစ်သည့် ခါကာဘိုရာဇီတောင်ထိပ်ကို မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းမှ တောင်တက်သမားများ တိကျခိုင်မာသည့် တောင်အမြင့်ကို တက်ရောက်တိုင်းတာနိုင်ရန် ၂၀၁၄ ခုနှစ် ဧပြီ၌ စတင်အကောင်အထည်ဖော် စီစဉ်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ တောင်တက်အသင်း နာယက ဦးတေဇက ပြောကြားသည်။

ကိုနမားဂျွန်ဆင်

၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်က အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံးတောင်ဖြစ်သည့် ခါကာဘိုရာဇီတောင်ထိပ်ကို မြန်မာနိုင်ငံမှတောင်တက်သမား ကိုနမားဂျွန်ဆင်၊ ဂျပန်လူမျိုး တောင်တက်သမား အိုဇာကီ (Ozaki)နှင့် တောင်တက်အဖွဲ့တို့သည် အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီး မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးအလံများကို စိုက်ထူနိုင်ခဲ့သည်။ ခါကာဘိုရာဇီတောင်ထိပ်ကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည့် တောင်တက်အဖွဲ့တွင် မြန်မာနိုင်ငံသားတစ်ဦးတည်းအနေဖြင့် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သူမှာ ကိုနမားဂျွန်ဆင်ပင်ဖြစ်သည်။

ကိုနမားဂျွန်ဆင်သည် ယခု ဂမ်လန်ရာဇီတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာ-အမေရိကန် နှစ်နိုင်ငံချစ်ကြည်ရေး တောင်တက်အဖွဲ့ကိုလည်း အမြင့်ပေ ၁၆၀၀၀ ရှိ စခန်းထောက် (Base Camp) သို့ လိုက်ပါပို့ဆောင် အားပေးခဲ့ပြီး တောင်ထိပ်သို့ တက်ရောက်နိုင်မည့်လမ်းကို ပြသပေးခဲ့သည်။

"ခါကာဘိုရာဇီတောင်ထိပ်ကို တက်တဲ့အခါ ကျွန်တော်လေ့ကျင့်မှုတွေ မလုပ်တော့ပါဘူး။ အရင်ကလည်း တက်ရောက်ထားတဲ့ အတွေ့အကြုံ ရှိထားတော့ တက်ဖြစ်တာနဲ့ တန်းပြီးတော့ တက်မှာပါ။ ကျွန်တော်က တောင်တက်ရတာကို အလွန်ပျော်ပါတယ်။ ဝါသနာလည်းပါပါတယ်။ ဂမ်လန်ရာဇီတောင်ထိပ်ကို အခုလို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး အမြင့်ပေ တိုင်းတာနိုင်ခဲ့တဲ့အတွက် ကျွန်တော်ဂုဏ်ယူဝမ်းသာပါတယ်"ဟု လာမည့်နှစ်တွင် မြန်မာတောင်တက်အဖွဲ့နှင့်အတူ ခါကာဘိုရာဇီတောင်ထိပ်သို့ ထပ်မံတက်ရောက်မည့် ကိုနမားဂျွန်ဆင်က ပြောပြသည်။

ယနေ့ အရှေ့တောင်အာရှနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံးအဖြစ်သတ်မှတ်ထားသော ခါကာဘိုရာဇီတောင်ထိပ်သည် မှတ်တမ်းများအရ အမြင့်ပေ ၁၉၂၉၆ ပေရှိသည်။

သို့သော် တိကျခိုင်မာသည့် တိုင်းတာမှုအဖြေမှန် မဟုတ်သေးကြောင်း မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်း နာယကက သုံးသပ်ဝေဖန်ပြောကြားခဲ့သည်။

သို့ဖြစ်၍ လာမည့် ၂၀၁၄ ခုနှစ် မေလတွင် ခါကာဘိုရာဇီတောင်ထိပ်၏ အမြင့်ပေကို တိကျခိုင်မာသည့် အဖြေမှန်ထွက်ပေါ်စေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နာယကက အခိုင်အမာပြောကြားသွားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းက ဂမ်လန်ရာဇီတောင်ထိပ်၏ အမြင့်ပေကို ၁၉၂၅၄ ပေအဖြစ်အောင်မြင်စွာ မှတ်တမ်းတင် သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

(မြန်မာ့အလင်း)

အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံတွင် အမြင့်ဆုံးဖြစ်သည့် ခါကာဘိုရာဇီတောင်ကို သဘာဝရှုခင်းအလှများဖြင့် တွေ့ရစဉ်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

e-Yangon လုပ်ငန်းများ အကောင်အထည်ဖော်ရေးစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ e-Yangon လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် e- Government ဖြစ်ပေါ်ရေး အကောင်အထည်ဖော်လျက်ရှိရာ ယင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း တိုင်းဒေသကြီးအတွင်း e-Yangon လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာရေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း e-Yangon အကောင်အထည်ပေါ်လာပါက ICT ပညာရပ်များ အဆင်သင့်ဖြစ်စေရန် ဝန်ထမ်းများအား ကြိုတင်လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ e-Yangon ဆောင်ရွက်နိုင်ပါက အုပ်ချုပ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဆင်ပြေချောမွေ့ခြင်း၊ အသုံးပြုသူများ၏လိုအပ်မှုများကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခြင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုခြင်း၊ အစိုးရအဖွဲ့အပေါ် ဒေသခံပြည်သူများ၏ ယုံကြည်မှုရရှိခြင်းစသည့် အကျိုးတရားများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ရေးတို့အတွက် e-Yangon လျင်မြန်စွာ အကောင်အထည်ပေါ်လာရေး ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးက တိုင်းဒေသကြီးအတွင်း e-Yangon ဖြစ်ပေါ်ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူတို့က e-Yangon အကောင်အထည်ဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မြန်မာ-အမေရိကန်ချစ်ကြည်ရေး ဂမ်လန်ရာဇီ တောင်တက်အဖွဲ့ အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီး ဂုဏ်ပြုစကားပြောကြားသည်။

ဂုဏ်ပြု

ယင်းနောက် တာဝန်ရှိသူများက မြန်မာ-အမေရိကန် တောင်တက်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်များပေးအပ်ကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

"ကျေးဇူးတင်ရှိခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်တွင် (၁၀. ၉. ၁၃) နေ့ နံနက် (၉း၃၀) နာရီအချိန်၌ ကျင်းပပြုလုပ်ခဲ့သော Scania sales showroom & after sales services center (Yangon) အား ဖွင့်လှစ်ခြင်းအခမ်းအနား ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အဖွင့်အမှာစကားချီးမြှင့်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးလှမြင့်၊ Sweden နိုင်ငံသံရုံးမှ Dr.Lisbeth Hellvin Stalgre (Counselor of Embassy of Sweden)၊ Mr.James Armstrong (Managing Director of Scania South East Asia) တို့အားလည်းကောင်း နှင့် အခမ်းအနားသို့ ချီးမြှင့်ပေးကြသော ဌာနဆိုင်ရာအရာရှိများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော စာနယ်ဇင်းသတင်းမီဒီယာများမှ ပုဂ္ဂိုလ်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

Board of Directors

Octagon International Services Co., Ltd

ဖခင် အမည်မှန်
စစ်တွေမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(A)မှ မမီးမီးချော၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၁၁/မပန(နိုင်)၀၃၁၅၇၁ ဖြစ်ပါကြောင်း။
ဦးခင်မောင်အေး

ဖခင် အမည်မှန်
မူဆယ် အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ နန်းယိင်း ဆိုင်နောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းရီဖြစ်ပါကြောင်း။
ဦးစိုင်းရီ

ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်စွမ်တီ ၁၄/မမန(နိုင်)၁၄၃၀၃၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၇၃၀၂၉၀၆၅

ပြည်တွင်းသတင်း

မော်တော်ယာဉ်အပူးဂဏန်းနံပါတ် 9F-8888 ကို ငွေကျပ် ၂၆ သိန်းဖြင့် ဝယ်ယူ

ရန်ကုန် စက်တင်ဘာ ၂၄

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) ရန်ကုန်ရုံးချုပ်ရှိ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနအနေဖြင့် ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်ကစတင်၍ မော်တော်ယာဉ်အပူးဂဏန်းနံပါတ်များနှင့် ရွေးဂဏန်းများကို ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရ ရွေးချယ်ဝယ်ယူခွင့်ပြုခဲ့သည်။

ကောက်ခံရရှိ

ယခု စက်တင်ဘာလအတွင်း အပူးဂဏန်းနံပါတ် 9F-2222 ကို ငွေကျပ် ၁၄ သိန်း၊ 9F-4444 ကို ငွေကျပ် ၁၈ သိန်း၊ 9F-6666 ကို ငွေကျပ် ၂၂ သိန်း၊ 9F-7777 ကို ငွေကျပ် ၂၄ သိန်း၊ 9F-8888အား ငွေကျပ် ၂၆ သိန်းတို့ဖြင့် ယာဉ်ပိုင်ရှင်များက ဝယ်ယူခဲ့ကြပြီး 9F-9999 အား ငွေကျပ် ၂၈ သိန်းဖြင့် ဝယ်ယူရန် အဆိုပြုထားကြောင်း စက်တင်ဘာ ဒုတိယပတ်အတွင်း ရွေးဂဏန်းနှင့် အပူးဂဏန်းများအတွက် ကျပ်သိန်း

ပေါင်း ၈၄၀ ကောက်ခံရရှိကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

နေ့စဉ်ထုတ်ပေး

ကညနမှ ဗီးတက်၊ လိုင်စင်စာအုပ် ၅၀၀ ဝန်းကျင် နေ့စဉ်ထုတ်ပေးလျက်ရှိသော်လည်း အချို့သော ယာဉ်ပိုင်ရှင်များအနေဖြင့် ကညနသို့ ပေးဆောင်ရန်ရှိသည့် အခွန်အခများနှင့် ဗီးတက်လိုင်စင်စာအုပ်များ ရယူဆောင်ရွက်ရန် ဆလွန်းကားမျိုးစုံ ၂၆၈ စီးကျန်ရှိကြောင်း ဌာန၏စာရင်းဇယားများအရ သိရှိရသည်။

(အေးကို-သတင်းစဉ်)

နေပြည်တော်၌ အရင်းမရှုံးနိုင်သော မှိုစိုက်ပျိုးရေးတွင်ကျယ်လာ

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်၌ ဟိုတယ်များနှင့် စားသောက်ဆိုင်ကြီးများ၏ ဝယ်လိုအားကြောင့် မှိုစိုက်ရောင်းချသူများ ပိုမိုများပြားလာကြောင်း ကင်ပွန်းတန်းကျေးရွာမှိုစိုက်သူများက ဆိုသည်။ ဟိုတယ်များမှ မှိုများမှာယူပါက အချိန်မသတ်မှတ်ဘဲ ၄င်းတို့လိုချင်သော အချိန်၌ မှာယူသောအခါ မှိုစိုက်သူများ၊ မှိုကောက်၍ ပြန်ရောင်းသူများသည်အခက်အခဲနှင့် ကြုံတွေ့ရသည်။ မှိုဆိုသည်မှာ ယနေ့ တစ်ပိဿာရှိလျှင် နောက်ရက်၌ ၉၀ ကျပ်သားခန့်သာရှိပြီး တချို့မှိုများပွင့်ကုန်သောကြောင့် မှိုအရောင်းဆိုင်များတွင် မှိုများကို ကြာရှည်မထားနိုင်ဘဲ အမြန် လက်လွှဲရောင်းချရလေ့ရှိသည်။

နေပြည်တော် ပျဉ်းမနား စိုက်မှိုများသည် စပ်ကူးမပ်ကူး ရာသီကူးပြောင်းကာလ၌ ပိုမိုဖြစ်ထွန်းလျက်ရှိသည်။ နေပြည်တော် ပျဉ်းမနား အာဟာရသုခဈေးမှ မှိုမျိုးစေ့အရောင်းဆိုင်မှ ပလိပ်ဒေသမှ မဟာနန္ဒာမှိုမျိုးစေ့များကို တစ်ထုပ်လျှင် ငွေကျပ် ၄၅၀ ဖြင့် ဝယ်ယူရပြီး ၁၀ ပေ×၃ပေ ပေါင်များ၌ မှိုမျိုးစေ့ချပြီး ၁၀ ရက်ဝန်းကျင်အတွင်း မှိုများလှိုင်လှိုင်ထွက်ရှိသဖြင့် မှိုသည် ငွေပေါ်အမြန်ဆုံးသီးနှံဖြစ်သည်။ နေပြည်တော်ဝန်းကျင်၌ ဘဲကုန်း၊ နေပြည်တော် လယ်ဝေး၊ ဧလာနှင့် ကင်ပွန်းတန်းရပ်ကွက်တို့၌ မှိုများ အကြီးအကျယ် စိုက်ပျိုးထားရှိကာ လတ်တလော နေပြည်တော်မှိုဈေး တစ်ပိဿာငွေကျပ် ၂၈၀၀ ဝန်းကျင် ဈေးပေါက်လျက်ရှိကြောင်း အဆိုပါ မှိုစိုက်သူက ဆိုသည်။

ကာရန်ခ

အားကစားအချပ်ပိုကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း ၂၅-၉-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၃၅၀၀-၆၅၂၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၃၂၀၀-၆၅၂၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၂-၁၃၁၉	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၉၆၈-၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁. ၂၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၅၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၁	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၃၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၃၈၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကြွ	တစ်အိတ်	၂၁၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၀၃
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၂၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၃၀-၄၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၃၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပညာသင် ထောက်ပံ့ကြေးများ ထပ်ဆင့်ပေးအပ်

တွံတေး စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က သက်ကြီး/မသန်စွမ်း/ပညာသင်ထောက်ပံ့ကြေး ထပ်ဆင့်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)နှင့် တာဝန်ရှိသူများက အသက် ၇၀ နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းများ၊ စစ်မှုထမ်းဟောင်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ကြေး ငွေကျပ် ၁၅၀၀၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

မျိုးလှိုင်(တွံတေး)

ဦးဗိုလ်ခေါင် (ပဲခူးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) ဦးကိုကို (ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်) ဒေါ်ယဉ်ကြွယ် (တရားလွှတ်တော်ရှေ့နေ)နှင့် အများပြည်သူအားလုံး သိနိုင်စေရန် အထူး ရှင်းလင်းကြေညာချက်

[illegible] (NEWS WATCH WEEKLY) [illegible]

[illegible]

ဦးအောင်စိုး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၁၈၂)

Diploma In International Business Organisation (UK)

Diploma In International Intellectual Property Law (UK)

[illegible]

AUNG SOE & ACE TOP LAW FIRM [illegible]

E-mail: [illegible] Website: www. [illegible]

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

TAXI BB KIA 2009 G grade 1.0 ဆီစားအလွန်သက်သာ ၉၅ သိန်း BLACK။

ဖုန်း-၇၃၁၁၉၆၃၂

မိဘအမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်အိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဆိုင်၊ မိခင်အမည်မှန်မှာ ဒေါ်အီဆော်ဖြစ်ပါကြောင်း။

ငါးခူ၊ ငါးကျည်းငါးသားပေါက်ဝယ်ယူရန် တင်ဒါဖိတ်ခေါ်ခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အကူအညီပေးနိုင်ရန် ငါးခူ/ငါးကျည်းသားပေါက်များ တင်ဒါခေါ်ယူခြင်း

ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများအား တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးဆောင်ရွက်ခြင်းဖြင့် အပိုဝင်ငွေရရှိစေရန်အတွက် တိုင်းရင်းငါးမျိုးများ ကူညီထောက်ပံ့ပေးနိုင်ရန် ငါးခူ/ငါးကျည်းသားပေါက် (၁-၃လက်မအရွယ်)များ လိုအပ်လျက်ရှိပါသည်။

အဆိုပါငါးသားပေါက်များအား ပေးသွင်းရန်စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါနီးစပ်ရာစခန်းများသို့ ပေးသွင်းမည့်ငါးအမျိုးအစား၊ ငါးကောင်ရေနှင့်ဈေးနှုန်းများအား ဖိတ်ခေါ်အပ်ပါသည်။

စခန်းအမည်	လိုအပ်သည့်အရေအတွက်
ပျဉ်းမနားရေဆင်းငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
လှော်ကားငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
သရက်ကုန်းငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ပန်းတနော်ငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ပဲခူးငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ရွှေဘိုငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ညောင်ရွှေငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
သထုံငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ဘားအံငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ပွင့်ဖြူငါးလုပ်ငန်းစခန်း	၁၀၀၀၀၀
ဝိုင်းမော်ငါးလုပ်ငန်းစခန်း	၁၀၀၀၀၀

စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် ညွှန်ကြားရေးမှူး(မွေးမြူရေး)၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်သို့ လျှောက်လွှာများကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၈ရက် ၁၆း၀၀နာရီ(မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုသောအချက်များကို ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ ဖုန်း-၀၆၇-၄၀၈၄၇၆၊ ၀၆၇-၄၁၈၅၃၈ နေပြည်တော်သို့ ဆက်သွယ်မေးမြန်း ရယူနိုင်ပါသည်။

ရက်ပေါင်း ၇၅ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး မန္တလေးတွင် ကျင်းပမည်

မန္တလေး စက်တင်ဘာ ၂၅

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ မန္တလေးလပ်ကီးသောက်ရေသန့်က အဓိကကူညီပံ့ပိုးပြီး ဆရာဒဿစီစဉ်သည့် မြန်မာ-ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို အောက်တိုဘာ ၇ ရက်နှင့် ၈ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

တစ်ရက်လျှင် ပွဲစဉ် ၁၀ ပွဲနှင့် အမျိုးသမီးပြိုင်ပွဲလည်း ပါဝင်မည်ဟု သိရသည်။

အောက်တိုဘာ ၇ ရက်နေ့ တွဲဆိုင်းများမှာ ဖိုးလပြည့် (မြကျည်ဆံ)နှင့် ကြယ်လေး(စစ်ကိုင်း)၊ ရဲမာန်(ကျားဖြူ)နှင့် ဇော်နိုင်ထွေး (ရွှေလက်သီး)၊ သားလူမိုက်(မတ္တရာ)နှင့် ရဲဇော်(ကျားဖြူ)၊ စိန်လုံးချော(စွမ်းကေကေ)နှင့် ရှိုင်းထက်အောင်(အဖြူရောင်)၊ နဂါးမာန်(စဉ့်ကိုင်)နှင့် သားကြီး(မတ္တရာ)၊ ကညောဖိုး(ရွှေကုက္ကိုင်)နှင့် ထွန်းနိုင်ဦး(အဖြူရောင်)၊ ကွဲကြီး(ကျားဖြူ)နှင့် ကြည်ဇေမိုး(စွမ်းကေကေ)၊ အသဲတစ်ပွင့်(မတ္တရာ)နှင့် ဂျီသရီး(ရွှေဖူး)၊ မိုက်ရိုင်း(ရွှေဖူး)နှင့် လှစ်လှစ်လေး(ဝါဆို)၊ နှစ်ထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ သူရရဲအောင်(မြန်မာ)နှင့် ကွိုင်မီချိုင်း(ထိုင်း)တို့ ဖြစ်သည်။



မန္တလေးသား နှစ်ထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ သူရရဲအောင်သည် မန္တလေးလက်ဝှေ့ကျော်ကြီး ကျားသစ်ရဲအောင်၏သားဖြစ်ပြီး ပထမတန်း လက်ဝှေ့ကျော် အောင်အောင်ထွန်း၏ ညီအရင်းဖြစ်သည်။ ပထမနေ့အတွက် စောင့်ကြည့်ရမည့် ပွဲကြီးပွဲကောင်း တစ်ပွဲပင်ဖြစ်ပါသည်။

အောက်တိုဘာ ၈ ရက်တွင် ယှဉ်ပြိုင်မည့် တွဲဆိုင်းများမှာ မာန်(ကျားဖြူ)

နှင့် ကျော်ခိုင်ဖြိုး(ပတ်မစိန်)၊ ဇော်ချစ်အောင် (စွမ်းကေကေ)နှင့် မာန်(စဉ့်ကိုင်)၊ ဘူတာကျား(မတ္တရာ)နှင့် ရှိုးလေး(စစ်ကိုင်း)၊ မင်းနိုင်ထွန်း(စွမ်းကေကေ)နှင့် နေသူဝင်း(ပတ်မစိန်)၊ ၁၂ တောင်ကျား(ကျားဖြူ)နှင့် ဂျက်(မတ္တရာ)၊ မိုးမခ(စွမ်းကေကေ) နှင့် နေရှုဘီ(အဖြူရောင်)၊ စလုကာ(ဝမ်ချိုင်း)နှင့် ဝမ်းစတား(ရွှေဖူး)၊ လေးထပ်ကွမ်း ဒင်္ဂုံရွှေအောင်လံဆုရှင် ရွှေခါးပတ်ချန်ပီယံစောငမန်း(မြန်မာ) နှင့် ထိုင်းနိုင်ငံလက်ရွေးစင် ပါဝိ(ထိုင်း) တို့ပွဲများဖြစ်သည်။ စောငမန်းနှင့်

ပါဝိတို့အတွဲသည် ပရိသတ်အကြိုက်တွေ့မည့် ပွဲတစ်ပွဲဖြစ်သည်။ စောငမန်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမရွေးချယ်ခံထားရပြီး စခန်းသွင်းလေ့ကျင့်နေသည်ဟုလည်း သိရသည်။

ပြိုင်ပွဲနှစ်ရက်လုံးတွင် ဆီးဂိမ်းအမျိုးသမီးမြန်မာ့လက်ရွေးစင် မွေကစားသမား တစ်ရက်နှစ်ပွဲ ပါဝင်မည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကျော်များသည် ဆီးဂိမ်းတွင် မွေအားကစားနည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုပွဲသည် မန္တလေးရတနာပုံရွှေမြို့တော် ရွှေခါးပတ်လုပွဲကြီးဖြစ်သည်ဟု ပွဲစီစဉ်သူ ဆရာဒဿက ပြောကြားသည်။

ရုံဝင်ကြေးများမှာ ငွေကျပ် ၆၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ ဟု သိရှိရပြီး လက်မှတ်များ ကြိုတင်မှာလိုပါက ဖုန်း - ၀၉ - ၄၃၀၇၃၀၉၆၊ ၀၉-၂၅၆၀၇၅၅၄၃ သို့ မှာယူနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ဆက်ဆံရေးအရာရှိ/လုပ်အားပေး လူငယ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ဆက်ဆံရေးအရာရှိ/လုပ်အားပေး လူငယ်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် ဆက်ဆံရေးအရာရှိ/ လုပ်အားပေးလူငယ်သင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမ ၃၇ ဦး၊ မဟာသိပ္ပံမှ အမျိုးသား အမျိုးသမီး ၂၀၊ ပထမနှစ်သင်တန်းမှ အမျိုးသား အမျိုးသမီး ၁၂၄ ဦးဖြင့် စုစုပေါင်း ၁၈၁ ဦး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၂၁ ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၃၀၊ ဟိုတယ်/ခရီးဝန်ကြီးဌာနမှ ဝန်ထမ်း ၇၀ ဖြင့် သင်တန်းသား စုစုပေါင်း ၃၀၂ ဦးနှင့် သင်တန်းကာလအားဖြင့် စက်တင်ဘာ ၂၄ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ(MYASOC)၏ ကြီးကြပ်မှုဖြင့် အားကစားပြိုင်ပွဲများ ကျင်းပမည့် Venue များ၊ Stadium များတွင် တာဝန်ထမ်းဆောင်ရန်၊ အားကစားပြိုင်ပွဲ(Competition)များ ကျင်းပရာတွင် တာဝန်ထမ်းဆောင်ရန်၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဧည့်ခံကြိုဆိုနေရာချထားရေးဆိုင်ရာနေရာများတွင် တာဝန်ထမ်းဆောင်ရန် LO/ VO/ Workforce များ ရွေးချယ်တာဝန်ပေးနိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ခေါင်းဆောင်မှုဘာသာရပ်ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က Myanmar SEA Games Organizing Committee ဘာသာရပ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ ဘာသာရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာဘာသာရပ်အလိုက် သင်တန်းဆရာများကလည်းကောင်း ဟောပြောပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Air Conditioner Split Type(2)HP	၂
၂။	Injet All in-One Photo Printer	၂
၃။	All in one Laser Machine(Canon)	၂
၄။	Desktop Pc	၅
၅။	Color Copier/Laser Printer	၁
၆။	Multifunction Digital Copier	၁

၂။ အိတ်ဖွင့်တင်ဒါများကို ၄-၁၀-၂၀၁၃ ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ၂၇-၉-၂၀၁၃ ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် ၃၆ တွင် ရုံးချိန်အတွင်း စုံစမ်းတင်သွင်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၈၀၅၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၅၉၂၊ အကျယ်အဝန်း ပေ ၄၀×ပေ၆၀ ရှိ ဦးမောင်မြ အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုဝန်ခံသူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင်(LL.B) **ဦးအေးမင်းသူ(LL.B)**
စဉ်-၂၅၁၆၅ **စဉ်-၂၆၁၉၉**
ရှီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်ကိုင်းမြို့နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၇

ဒေါ်စိုးမမကျော် နှင့် **ဒေါ်ထိုက်ထိုက်ဝင့်**
တရားလို **တရားပြိုင်**

စစ်ကိုင်းမြို့၊ ပန်းတောရပ်၊ အိမ်အမှတ် ၈၁ နေ ဒေါ်ထိုက်ထိုက်ဝင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ကျပ်သိန်း ၃၀ (ကျပ်သိန်းသုံးဆယ်) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ ရက် မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝေဠုထွန်း
ဒုတိယမြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ စစ်ကိုင်း



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၇၈၄ နေ ဒေါ်ခင်သိန်းရီ ၅/တမန(နိုင်)၀၀၅၆၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၁၄၊ အလျား ပေ၆၀×အနံ ၈၉ပေ၊ ဧရိယာ ၀ဒသမ ၁၂၃ ဧက၊ စတုရန်းပေ ၅၃၄၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်အမှုသည်မှ အပိုင်ဝယ်ယူရန် တစ်စိတ်တစ်ဒေသ ငွေပေးချေပြီးဖြစ်၍ ၎င်းမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အကယ်၍ ခုနစ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၈၀)
ရုံး-တိုက်အမှတ် ၉/၁၁၊ ပထမထပ်၊ ၁၀၂/E၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅ လမ်း၊ အမှတ် ၅၃(ငါးလွှာ)နေ ဒေါ်ခင်သန်းလွင် ၁၂/မဂတ(နိုင်)၀၁၅၀၉၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းလွင်၏သမီး မစုဝေမွန်(ခ)အမီး ၁၂/မဂတ(နိုင်)၀၉၇၅၈၀ သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ မိဘများအားစိတ်ဆင်းရဲစေသည့်လုပ်ရပ်များ ကျူးလွန်လျက် ၁၁-၁၁-၂၀၁၂ရက်တွင် ၎င်း၏သဘောဆန္ဒအတိုင်း၊ နေအိမ်မှ ဆင်းသွားပါသဖြင့် မစုဝေမွန်အား သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝသည် မိဘများနှင့် လုံးဝသက်ဆိုင်မှုမရှိ၊ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၅၁၄၆၇၅၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒေါ်ခင်သန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး(LL.B) အထက်တန်းရှေ့နေ
အမှတ် ၆၉၃၊ အောင်ဆုပန်လမ်း၊ (၈၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်



ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ် ၄/ဗ-၂၀-ဒီ-၁-၁၊ ဧရိယာ ၀ဒသမ ၀၆၃ဧက၊ မြေကွက်တည်နေရာအမှတ်-၄၊ ဘောဂမြိုင်လမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်ခင်မှီ ပါ-၈ဦး၊ အမည်ပေါက် ဘီ(လ/န ၃၉)မြေအားအမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ် အမှတ်-၆၆၃/၂၃-၇-၁၉၈၅ ဖြင့် ဦးညွန့်ဝေက ဝယ်ယူခဲ့ပြီးအရောင်းအဝယ်စာချုပ်အမှတ်-၈၉၀/၃၀-၈-၁၉၉၀ဖြင့် ဦးမြင့်စိုး၊ ဦးဝင်းထိန်တို့အား ရောင်းချခဲ့ပါသည်။ ထပ်မံ၍ ဦးမြင့်စိုး၊ ဦးဝင်းထိန်တို့ထံမှ အရောင်းအဝယ် စာချုပ်အမှတ် ၉၆၆/၇-၇-၁၉၉၂ ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ချိန်ကြည် ၁၂/လမန(နိုင်)၁၁၃၁၄၉ ကိုယ်စား(GP)ရသူ ဒေါ်ခင်မာလာ ၅/စကန(နိုင်)၀၂၉၇၂၈ က မှတ်ပုံတင်စာချုပ်အဆက်အစပ်များ၊ မြေကွက်ခွဲထားသည့်မြေပုံ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၈၈၈/၄-၆-၂၀၁၃နှင့် ပါ၀ါ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်နှင့် အမှားပြင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံတကာအားကစားသတင်း

စက်တင်ဘာ ၂၆ / ၂၇ ကစားမည့် ဘောလုံးပွဲစဉ်များ (သီဟ)

အီတလီစီးရီးအေ ပွဲစဉ်(၅)

အင်တာမီလန် - **ဖီအိုရင်တီးနား** နံနက် ၁း၁၅ စက်တင်ဘာ ၂၇

စပိန်လာလီဂါ ပွဲစဉ်(၆)

ဘီလ်ဘာအို - ဘက်တစ် နံနက် ၀၀း၃၀ စက်တင်ဘာ ၂၇
ဂီတာဖေး - **ဆဲလ်တာဗီဂို** နံနက် ၂း၃၀ စက်တင်ဘာ ၂၇
ဗီလာရီးရဲလ် - အက်စ်ပန်ညို နံနက် ၂း၃၀ စက်တင်ဘာ ၂၇

ပြင်သစ်လီဂူး ပွဲစဉ်(၇)

မောင့်ပယ်လီယာ - **ရန်းနက်စ်** နံနက် ၁း၃၀ စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၄ / ၂၅ နိုင်ငံတကာ၊ ပြည်တွင်းလိဂ် ရလဒ်များ

လိုင်လီ	၃-၀	အီဗီယန်
မာဆေး	၂-၁	စိန့်အက်တီယန်
အူဒီးနိစ်	၁-၀	ဂျီနိုအာ
ဘာစီလိုနာ	၄-၁	ဆိုစီဒက်
လီဗန်တေး	၁-၁	ဗယ်လာဒိုးလစ်
အက်သလက်တီကို	၂-၁	အိုဆာဆူနာ
မာလာဂါ	၂-၀	အဲလ်မာရီးယား
ဘန်လေ	၂-၁	နော့တင်ဟမ်
ဟားလ်စီးတီး	၁-၀	ဟက်ဒါဖီးလ်
လက်စတာ	၂-၁	ဒါဘီ
မန်စီးတီး	၅-၀	ဝီဂန်
ဆောက်သမ်တန်	၂-၀	ဘရစ္စတိုး
ဆန်းဒါးလန်း	၂-၀	ပီတာဘရော့
ဆွန်ဒန်တောင်း	၀-၂	ချယ်လ်ဆီး
အက်စ်တွန်ဗီလာ	၀-၄	စပါး
ဝက်ဖို့ဒ်	၂-၃	နော့ဝစ်ချ်
ဖူလ်ဟမ်	၂-၁	အဲဗာတန်
ဝက်စ်ဟမ်း	၃-၂	ကာဒစ်

မန်ယူတို့ အနိုင်ရလဒ်ကို ပုံဖော်နိုင်ပါ့မလား

မိုးမြင့်လင်းလက်

ဘောလုံးပွဲစဉ်တွေ ဆက်တိုက်ဆင်နွှဲနေရတဲ့ ပရီမီယာလိဂ်အသင်းတွေဟာ စက်တင်ဘာ ၂၈ ရက်မှာ ပရီမီယာလိဂ်ပွဲစဉ် (၆)ကို ဆက်လက်ယှဉ်ပြိုင်ဖို့ အားခဲကြရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မန်ယူကလွဲပြီး ကျန်တဲ့ထိပ်တန်းအသင်းတွေ အဝေးကွင်းမှာ ကစားရမှာမို့ ပင့်သက်ဖြာရဦးမယ့်ပွဲတွေပဲ ဖြစ်ပါတယ်။

မန်ယူနှင့် ဝက်စ်ဘရွန်း

မန်ယူဟာ ဝက်စ်ဘရွန်းကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့တာချည်း ဖြစ်ပါတယ်။ မန်ယူရဲ့ လက်ရှိကစားအားက ဟန်ချက်မျှနေပြီး တိုက်စစ်ပိုင်းကလည်း ပြိုင်ဘက်ခံစစ်ကို ကျော်ဖြတ်ပြီး ဂိုးရအောင်သွင်းယူနိုင်ကြသူတွေဖြစ်ပါတယ်။ မန်ယူပွဲပန်းတဲ့ဒဏ်ကို ခံစားနေရတာမို့ အဲဒီအားနည်းချက်ကို ဝက်စ်ဘရွန်းတို့ အမိအရဆုပ်ကိုင်ကာ အခွင့်အရေးရယူနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မန်ယူတို့ကတော့ အိုးထရက်ဖို့ဒ်မှာ အခွင့်အရေးပေးမှာ မဟုတ်တဲ့အတွက် အနိုင်ရလဒ်ကို မန်ယူတို့ပဲ သိမ်းပိုက်ပါလိမ့်မယ်။

စပါးနှင့် ချယ်လ်ဆီး

စပါးကွင်းမှာ ချယ်လ်ဆီးတို့ ရတက်ပွေရမယ့် ကိန်းပါပဲ။ ဂါရက်ဘေးလ်မရှိပေမယ့် စပါးဟာ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ခြေစွမ်းပြနိုင်နေပါတယ်။ ချယ်လ်ဆီးဟာ မော်ရင်ဟိုရဲ့ အခင်းအကျင်းနဲ့ ပွဲတိုင်းအမှတ်ရအောင် ရုန်းကန်နေရဆဲဖြစ်ပါတယ်။ အခုပွဲမှာ စပါးတို့ ချယ်လ်ဆီးကို ဖိအားပေးပြီး အနိုင်ယူဖို့ကြိုးစားမှာဖြစ်ပါတယ်။ စုဖွဲ့မှုအားကောင်းတဲ့ စပါးဟာ ချယ်လ်ဆီးအတွက်တော့ ကြီးမားတဲ့ အဟန့်အတားတစ်ရပ်ပါပဲ။

ဗီလာနှင့် မန်စီးတီး

အမှတ်လိုအပ်နေတဲ့ ဗီလာဟာ မန်စီးတီးကို ခြေကုန်ထုတ်ပြီး ချေမှုန်းဖို့ ပြင်ဆင်ပါလိမ့်မယ်။ ဗီလာရဲ့ တိုက်စစ်စွမ်းရည်ဟာ အကောင်းဆုံး ပုံစံမရသေးတာမို့ မန်စီးတီးတို့ အလေးအနက်ထားကစားရင် အခြေအနေကောင်းနိုင်ပါတယ်။ ဒါပေမယ့် ဗီလာဟာ ရလဒ်တွေ ဆိုးရွားနေတာမို့ ဒီပွဲမှာ ဇွဲသည်ကို အကျပ်အတည်းတွေ့အောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် မန်စီးတီးဟာ ဒီပွဲမှာ အမှတ်ရအောင်တော့ အားထုတ်မှာဖြစ်တာမို့ နှစ်သင်းစလုံး ကျေနပ်စရာကောင်းတဲ့ရလဒ်ကို ပိုင်ဆိုင်ရမယ့် အဖြစ်လည်း ကြုံတွေ့ရနိုင်ပါတယ်။

ဆွမ်ဆီးနှင့် အာဆင်နယ်

ဆွမ်ဆီးဟာ အာဆင်နယ်နဲ့ ဆုံတိုင်း အနိုင်ရအောင်ကစားနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဒါ့အပြင် အာဆင်နယ်ရဲ့ အားနည်းချက်ကိုလည်း ကောင်းကောင်းသိရှိထားတာမို့ ဆွမ်ဆီးဟာ အိမ်ကွင်းမှာတော့ ဖိအားပေးကစားပါလိမ့်မယ်။ နှစ်သင်းစလုံး ခြေစွမ်းတက်ရိပ်ပြနေတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့် ပွဲဖြစ်ပြီး နှစ်သင်းစလုံးအတွက် ညီမျှခြင်းဆိုတဲ့ ရလဒ်က အဖြစ်သင့်ဆုံးပါပဲ။

ဖူလ်ဟမ်နှင့် ကာဒစ်ဖ်

ဖူလ်ဟမ်ကွင်းမှာတော့ ကာဒစ်ဖ်တို့ နိုင်ဖို့ခဲယဉ်းတာတော့ အမှန်ပါပဲ။ ဒါပေမယ့် ဒီနှစ်ဘောလုံးရာသီမှာ ကာဒစ်ရဲ့ခြေစွမ်းက ကောင်းမွန်နေတာမို့ အိမ်ရှင်တို့အတွက် မျှော်လင့်ချက်တွေ ဝေဝါးသွားစေနိုင်ပါတယ်။ ကာဒစ်ဟာအသင်းကြီးတွေကို ခြေရည်တူ ကစားနိုင်တဲ့ ခြေစွမ်းရှိတာမို့ ဖူလ်ဟမ်တို့ သတိထားပြီး ကြိုတင်ပြင်ဆင်မှ တော်ကာကျပါလိမ့်မယ်။

အိုင်ယာလန် ယာယီနည်းပြခန့်

အိုင်ယာလန်ဘောလုံးနည်းပြ ဂျီယိုဗန်နီထရာပက်တိုနီ ထွက်သွားပြီးနောက် ယာယီနည်းပြအဖြစ် နိုးလ်ကင်းအားခန့်အပ်လိုက်သည်။ အသက် ၂၁ နှစ်အောက် ဘောလုံးနည်းပြနိုးလ်ကင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲကို ကိုင်တွယ်မည်ဖြစ်သည်။

လာမည့်လတွင် ဂျာမနီနှင့်ပွဲအတွက် အိုင်ယာလန်အသင်း နည်းပြအဖြစ် ကိုင်တွယ်ရမည်ဖြစ်သည်။ အသက် ၅၆ နှစ်ရှိ ကင်းသည် ဒါရီစီးတီး၊ ရှားရော့ရိုးဗာ၊ ဖင်းဟားစ်နှင့် အိုင်ယာလန် အမျိုးသမီးအသင်းတို့ကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ယူရို ၂၀၂၀ အိမ်ရှင်ကျင်းပခွင့်

ယူရို ၂၀၂၀ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အစ္စတန်ဘူလ်သည် အဓိကပြိုင်ဘက်ဖြစ်လာကြောင်း အက်ဖ်အေကပြောသည်။ ယူအီးအက်ဖ်အေအဖွဲ့ဝင် ၃၂ နိုင်ငံက အဆိုပါပြိုင်ပွဲများ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စိတ်ဝင်စားနေသည်။ ဝင်ဘလေနှင့်အပြိုင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ထိပ်ဆုံးမှ ပြေးနေသည်။ အစ္စတန်ဘူလ်သည် ၂၀၂၀ အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပရန် ဂျပန်ကို ရှုံးနိမ့်သွားသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့က ၂၀၂၀ အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့် ရရှိထားသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် နေမျိုးကိုကိုသက် ၉/မရတ(နိုင်)၁၂၇၃၄၅၏ 4 Ticket,AFF,PSC အပါအဝင် ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၁၈၅၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်
ဆောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သူနာပြုသင်တန်းကျောင်းမှ (အလျားပေ ၅၀×အနံပေ ၃၀× အမြင့်ပေ ၄၀) နှစ်ခန်းတွဲ လေးထပ် ဆရာများအိမ်ရာ တည်ဆောက်ခြင်းနှင့် (အလျား ၃၅ ပေ×အနံ ၂၅ ပေ×မျက်နှာကြက်အမြင့် ပေ ၂၀) ကျောင်းအုပ်နှင့် နည်းပြ နှစ်ထပ်နေအိမ်တည်ဆောက်ခြင်း အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၉-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက် - ၂၅-၁၀-၂၀၁၃ ရက်(သောကြာနေ့)
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) ၀၅၇-၂၅၉၁၅ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၅၇-၂၃၀၅၈ (သူနာပြုသင်တန်းကျောင်း)
(ဂ) ၀၅၇-၂၁၁၉၅ (ပြည်နယ်ကျန်းမာရေးဦးစီးဌာန)

တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်

အမည်ပြောင်း

ဦးကြည်သိန်း-ဒေါ်ကြည်ကြည်သာတို့၏သား အလက(၄) တောင်ဥက္ကလာပမြို့နယ်၊ စတုတ္ထတန်း(A)မှ မောင်မင်းမြတ်သူအား မောင်မျိုးမြတ်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးမြတ်ဟိန်း**

မွေးသက္ကရာဇ်အမှန်

ဦးစံတင်၏သား တာချီလိတ် အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝင်းဗိုလ် ၁၃/တခလ(နိုင်)၁၀၀၅၀၂၏မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၁၉၉၇ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နီလာအေးအေးလွင် ၁၂/မရက(နိုင်)၁၃၆၃၄၉၏ မြန်မာနိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၈၉၆၁၀**

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် အမက-၄ ဒုတိယတန်းမှ မသဒ္ဒါစု၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/မလန(နိုင်)၀၉၄၃၉၁ ဖြစ်ပါသည်။
ဦးဇော်လင်း ၉/မလန(နိုင်)၀၉၄၃၉၁

အမည်ပြောင်း

ဦးကျော်မိုးဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ Brillianct Academy of Education ကျောင်းမှ မောင်ခန့်ထူးအောင်အား မောင်ခန့်ထူးကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်ထူးကျော်**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးသူဝင်း ၉/မရတ(နိုင်)၁၀၉၀၃၉၏ မြန်မာနိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၆၂၃၂၈၂

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/1528, Brilliance FRV, Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ G B.5 Good Brothers Co.,Ltd. က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့**

ဖခင်အမည်မှန်

မိတ္ထီလာမြို့ ညောင်ကိုင်း အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်သူရ၏ ဖခင်အမည်မှန်မှာ ဦးထက်နိုင် ၉/မထလ(နိုင်)၃၂၈၈၇၁ ဖြစ်ပါကြောင်း။ **ဦးထက်နိုင်**

ပြည်တွင်းသတင်းနှင့်နယ်သတင်း

မြသလွန်ဘုရားပွဲ ကျင်းပချိန်နီးလာ

မကွေး စက်တင်ဘာ ၂၅

မကွေးမြို့ သမိုင်းဝင်မြသလွန် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကျင်းပရန်ဆောင်ရွက်နေမှုများ ပြီးစီးလုနီးပါးရှိပြီဖြစ်ကြောင်း သိရသည်။ နှစ်စဉ်မပြတ်ကျင်းပလေ့ရှိသော (၂၅၇၇) ကြိမ်မြောက် မြသလွန်ဘုရားပွဲကြီးကို လုံခြုံရေးအစီအစဉ်များဖြင့် ယခင်နှစ်များထက်ပို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်မှာ အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂ရက်အထိကျင်းပမည်ဖြစ်သည်။ ဘုရားပွဲတန်း ဈေးဆိုင်ခန်းများလည်း ပြီးစီးလုနီးပါးရှိပြီး ရန်ကုန်-မန္တလေး မြို့ကြီးများမှ နာမည်ကျော်ဇာတ်ကြီးများနှင့်အတူ ဂီတ ရုပ်ရှင် သရုပ်ဆောင်မှ နာမည်ကြီးများလည်း ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။

မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ တုတ်ထိုးရုပ်သေးပွဲနှင့် အခြားဖျော်ဖြေပွဲများကိုလည်း ခြိမ့်ခြိမ့်သဲကျင်းပမည်ဖြစ်သည်။ ထို့ပြင် ပွဲတော်လာအများပြည်သူများ စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်စေရန်၊ ဗဟုသုတတိုးပွားရင့်သန်လာစေရန် ရည်ရွယ်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အကယ်ဒမီဆုရ မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများကို အခမဲ့ပြသရန် ဆောင်ရွက်လျက်ရှိကြောင်း မြသလွန်ဘုရား ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ကျော်စွာ(မကွေး)

နှစ်ကျိပ်ရှစ်ဆူဘုရားများ ရမည်းသင်းမြို့တွင်းအပူဇော်ခံ ကြွရောက်မည်

ရမည်းသင်း စက်တင်ဘာ ၂၅

ရမည်းသင်းမြို့နယ်တွင် အထင်ကရ ဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းရပ်ကွက်များသို့ အပူဇော်ခံပွဲကို ရန်အောင်မြင်ဘုရားဂေါပကအဖွဲ့က ဦးစီးကာ အောက်တိုဘာ ၁၉ ရက်ညနေ ၄ နာရီတွင် ရန်အောင်မြင်ဘုရားရှေ့မှ စတင်ကာ အပူဇော်ခံကြွရောက်မည်ဖြစ်သည်။

ရန်အောင်မြင် ဘုရားဂန္ဓကုဋိတိုက်အတွင်း အပူဇော်ခံထားရှိသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံလှည့်လည်ပွဲမစမီ တစ်ပတ်အလိုတွင် ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများ အထက်တန်းကျောင်းနှစ်ကျောင်းနှင့် မြို့နယ်ပညာရေးမှူးရုံးမှ မူလတန်းကျောင်းများ၊ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့များ၊ ခရိုင်မြို့နယ်စခန်းများ၊ မြို့ပေါ်ခြောက်အုပ်စု၊ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်နှင့် ပြည်သူ့ဈေးအဖွဲ့နှင့် ပုဂ္ဂလိကအလှူရှင်များက မိမိတို့ မဲကျရာဘုရားများကိုပင့်ဆောင်ပြီး သပ္ပာယ်ကြည်ညိုစဖွယ်ဖြစ်အောင် ဆောင်ရွက်ကြရသည်။

သီတင်းကျွတ်လပြည့်နေ့ ညနေ ၄ နာရီတွင် ရန်အောင်မြင်ဘုရားရှေ့မှစတင်ပြီး နှစ်ကျိပ်ရှစ်ဆူဘုရားများအား ကားပေါ်ပင့်ဆောင်ကာ မြို့တွင်းရပ်ကွက်များသို့ အပူဇော်ခံကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

(ဝ၁၁)

သုံးခွမျိုးသန့်ခြံ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်းပညာဆွေးနွေး

သုံးခွ စက်တင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန(မျိုးစေ့ဌာနခွဲ) သုံးခွမျိုးသန့်ခြံက ပြုလုပ်သည့် တောင်သူပညာပေးဆွေးနွေးပွဲနှင့် မိုးစပါးပထမအကြိမ် အပင်ပွားစည်းချိန်မျိုးကွဲနုတ်ပယ်ခြင်း၊ တောင်သူပညာပေးကွင်းတွင် လက်တွေ့သရုပ်ပြပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဦးစီးဌာန သုံးခွမျိုးသန့်ခြံ အစည်းအဝေးခန်းမနှင့် တောင်သူ ပညာပေးကွင်းတို့၌ ကျင်းပသည်။ **(အောက်ပုံ)**

ရန်ကုန်တိုင်းဒေသကြီး တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းက သုံးခွမြို့နယ်အတွင်း တောင်သူများမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရန် သုံးခွမျိုးသန့်ခြံတွင်စိုက်ပျိုးလျက်ရှိသဖြင့် မျိုးလိုအပ်ချက်များ တောင်းယူနိုင်ပါကြောင်းပြောကြားပြီး တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးထွန်းမြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်း မျိုးသန့် ထုတ်လုပ်နေသော ဌာနကြီးနှစ်ခုရှိရာ မှော်ဘီဆန်စပါးသုတေသနနှင့် သုံးခွမျိုးသန့်ခြံတို့တွင် မိမိဒေသနှင့်ကိုက်ညီသော မျိုးသန့်များကို မိမိမျက်မြင်လာရောက်၍ ဝယ်ယူနိုင်ကြောင်း ပြောကြားသွားသည်။

မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်က ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းစပါးမျိုး၊ ရောဂါဒဏ်ခံနိုင်ရည်ရှိ စပါးမျိုးများဖြစ်စေရန် သုံးနှစ်တစ်ကြိမ်မျိုးစပါးဖလှယ်စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းမလျော့ကျစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး သုံးခွမျိုးသန့်ခြံတာဝန်ခံ ဒေါ်ချိုမာသက်က တောင်သူလယ်သမားများ အရည်အသွေးကောင်းပြီး စပါးအထွက်တိုးစေမည့် မျိုးကောင်းမျိုးစေ့အသုံးပြုခြင်းမှ ရရှိလာသော အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြီး စိုက်ကွင်းအတွင်း မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းနုတ်ရှင်းလင်းခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

(ကြည်စိုးလွင်-သုံးခွ)

ပြည်သူ့စာကြည့်တိုက်ပတ်ဝန်းကျင်၌ WiFi သုံးစွဲသူများဖြင့် စည်ကား

လှိုင်ကော် စက်တင်ဘာ ၂၅

ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကယားပြည်နယ်ရုံး၌ Internet WiFi ထုတ်လွှင့်ပေးလျက်ရှိရာ လာရောက်သုံးစွဲသူများပြားလျက်ရှိပြီး တစ်နေ့လျှင် အနည်းဆုံး ၂၅ ဦးမှ ၅၀ အထိ ဝင်ထွက်သွားလာ၍ WiFi သုံးစွဲလျက်ရှိကြကြောင်း၊ အချို့လူငယ်များမှာ ညစဉ်လာရောက် သုံးစွဲကြကြောင်း သိရသည်။

ပြည်သူ့စာကြည့်တိုက်တည်ရှိရာ နယ်မြေလုံခြုံရေးတာဝန်ကျ ရဲတစ်ဦးက စာကြည့်တိုက် ပတ်ဝန်းကျင်၌ WiFi သုံးစွဲသူများ များပြားသည့်အပြင် အမျိုးသမီးငယ်များလည်း အဖွဲ့လိုက် လာရောက်သုံးစွဲလေ့ရှိသည့်အတွက် စခန်းမှူး၏တာဝန်ပေးချက်အရ လုံခြုံရေးသတိဖြင့် ညစဉ်လာရောက် ကူညီစောင့်ရှောက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း သုံးစွဲခြင်းဖြစ်ကြောင်း ပြောကြားသည်။

(ပြည်နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် ရဲတပ်ဖွဲ့နှင့် ဒေသခံမြို့မိမြို့ဖများ တွေ့ဆုံဆွေးနွေး

တောင်တွင်းကြီး စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ ရဲရိပ်သာ၌ စက်တင်ဘာ ၂၂ ရက်က ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံမြို့မိမြို့ဖများ အဆိုပါရဲရိပ်သာ၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ မြို့နေပြည်သူများ၏ လိုလားချက်များအပေါ် ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးရန်လိုအပ်သောအချက်အလက်များကို တင်ပြဆွေးနွေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဟန်က မိမိတို့ ရဲတပ်ဖွဲ့အနေဖြင့် အားနည်းချက်အားသာချက်များရှိနိုင်ကြောင်း၊ အားနည်းချက်များရှိပါက မြို့နယ်ရပ်မိရပ်ဖများအနေဖြင့် ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးနိုင်ကြောင်း၊ ထို့ပြင် စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သင့်ရာနည်းဖြင့် တိုက်ရိုက်ဆက်သွယ် တိုင်ကြားနိုင်ကြောင်း၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လိုအပ်ချက်များနစ်နာဆုံးရှုံးမှုများရှိပါက ၎င်းတို့ထံ မည်သည့်အချိန်အခါဖြစ်စေ တင်ပြတိုင်ကြားနိုင်ကြောင်း၊ယင်းသို့တင်ပြ တိုင်ကြားလာမှုများကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးအနေဖြင့် အလေးထား၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ချိတ်ဆက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်များကို အကျယ်တဝင့်ပြောကြားခဲ့သည်။

အထက်ပါဆွေးနွေးပွဲသို့ တောင်တွင်းကြီးမြို့ပေါ် ၁၀ ရပ်ကွက်ရှိ ရပ်ကွက်များမှ ရပ်မိရပ်ဖများနှင့် တပ်ဖွဲ့ဝင်၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေလုပ်ငန်းအသိပညာပေးသင်တန်း (၃/၂၀၁၃) (ပညာဒါန) အခမဲ့ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေလုပ်ငန်းအသိပညာပေးသင်တန်း ပညာဒါန (အခမဲ့)ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၄၂/၅၀)၊ ပထမထပ်၊ ရွှေဘုံသာ(အောက်)လမ်းရှိ၊ အသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့်ပုံစံကို ဖြည့်စွက်ပြီးတက်ရောက်နိုင်သည်။ သင်တန်းကာလမှာ ၆-၁၁-၂၀၁၃ရက်မှ ၁၆-၁၁-၂၀၁၃ ရက်အထိဖြစ်ပြီး နံနက် ၈နာရီမှ ၁၀နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၀၁၇၆၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပို့ချပေးမည့် ဘာသာရပ်များ

၁။ ရွှေတူးဖော်ထုတ်လုပ်ခြင်း
၂။ ရွှေသန့်စင်ခြင်း
၃။ မီးလင်းရွှေ(အခေါက်)ရောင်း/ဝယ်ခြင်း
၄။ ရွှေပန်းထိမ်အပ်နှံခြင်း
၅။ ရွှေဆိုင်ဖွင့်လှစ်ခြင်းနှင့် ရွှေအထည်ပျက်စစ်ဆေးခြင်း
၆။ ရွှေအပေါင်ခံခြင်း
၇။ ရွှေရောင်း/ဝယ် တွက်ချက်ခြင်း
၈။ ဒစ်ဂျစ်တယ်အလေးချိန်ဖြင့် ရွှေထည်စစ်ဆေးခြင်း
၉။ လူသုံးများသော ကျောက်မျက်ရတနာများ

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း

အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲတော်ကျင်းပမည်

အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များသည် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) ၅-၁၀-၂၀၁၃ ရက်မှ ၂၂-၁၀-၂၀၁၃ ရက်အထိ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်သည်။

ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့
ဖုန်း-၀၉-၅၂၁၄၀၃၀၊ ၀၉-၄၂၈၃၆၃၈၄၇

ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့အထိမ်းအမှတ် ကျန်းမာရေးဟောပြောပွဲ

စက်တင်ဘာ ၂၈ရက်တွင် ကျရောက်သည့် ကမ္ဘာ့ခွေးရူးပြန်ရောဂါနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးပြန်ရောဂါကာကွယ်ခြင်းအကြောင်း ပြည်သူလူထုအား ကျန်းမာရေးပညာပေးဟောပြောပွဲကို သက်ပိုင်စိုးကုမ္ပဏီမှ ပံ့ပိုး၍ အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း လေးစားစွာ အသိပေးဖိတ်ကြားအပ်ပါသည်။

အစီအစဉ်(၁) ရန်ကုန်မြို့။

ဟောပြောမည့်ပုဂ္ဂိုလ် - ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
နေ့ရက် - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက် (စနေနေ့)
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီအထိ (ကော်ဖီမုန့်ဖြင့် ဧည့်ခံပါမည်။)
နေရာ - M3 Food Centre၊ ဗဟန်းအားကစားကွင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်ဌေးဌေး ၁၂/ဥကမ(နိုင်)၁၅၉၉၅၅ သိစေရန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရှာင်စုရပ်ကွက်ရှိ ကျွန်တော်၏နေအိမ်ကို ငှားရမ်းနေထိုင်ပြီး ဖန်မီးအိမ်အပ်ချုပ်ဆိုင်ဖွင့်လှစ်ခဲ့သည့် ဦးသန်းရှိန် ၁၂/ဥကမ(နိုင်)၁၁၆၅၀၄ ၏ဇနီး ဒေါ်ဌေးဌေးအား ဤကြော်ငြာဖော်ပြသည့်ရက်မှ ခုနစ်ရက်အတွင်း အိမ်ငှားရမ်းခြင်းကိစ္စအတွက် လာရောက်ဖြေရှင်းပါရန် မလာရောက်ပါက ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးအောင်သန်းထွန်း
၁၃/ကလန(နိုင်)၀၁၅၂၈၄
အမှတ်(၃)ရပ်ကွက်၊ အောင်ပန်းမြို့၊
ဖုန်း-၀၉-၅၂၈၃၂၃၆

ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (7A)တွင် ပညာသင်ကြားနေသော မောင်မင်းသူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်လှ ဖြစ်ပါကြောင်း။

ဦးကျော်လှ
၆/မအရ(နိုင်)၀၁၀၀၀၅၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၉၈၂၃၃ Honda Dream ND.125m ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်း ၆/သရခ(နိုင်)၀၁၇၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး၊ (မြိတ်)**

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နယ်၊ အမှတ် ၃၉၃၊ မဇင်း(၁)လမ်း၊ ကျွန်းသာယာရပ်ကွက်တွင် နေထိုင်သော ကိုဇော်မိုးဦး (ဘ) ဦးတင်မြင့်၏ နိုင်ငံကူးလက်မှတ် PP-၄၆၅၄၅၅ ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။ တွေ့ရှိပါက အထက်ပါလိပ်စာအတိုင်း လာရောက်အပ်နှံပါ၊ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၄၂၈၃၆၆၃၇၃၅**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၈၉၃၁၊ Toyota Rav 4, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလှသန်း ၁၂/ကတတ(နိုင်)၀၀၇၂၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးကျော်ဝင်း ၅/ကလဝ(နိုင်)၀၀၇၁၃၉ နိုင်ငံသားစိစစ်ရေးကတ် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး တိုးလ်ဂိတ်အနီး ပျောက်ဆုံးခဲ့ပါသည်။ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၀၀၆၈၁၊ ၀၉-၃၁၀၂၁၉၆၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်သူများကို ပညာအလင်းရောင်ပေးလျက်ရှိသည့် Mini BookCorner များ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် စာပေရေချမ်းစင်များကို ပြည်သူများ အလွယ်တကူ ဖတ်ရှုနိုင်ရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန်ရည်ရွယ်ပြီး လူစည်ကားသည့် ကားဂိတ်၊ ဈေး၊ ဘူတာရုံ၊ ဆေးရုံ၊ ဘဏ်စသည့်နေရာများတွင် ဖွင့်လှစ်ထားရှိရာ တပ်ကုန်းမြို့တွင်လည်း ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ ပြင်ပလူနာဆောင်နှင့်ကလေးကုသဆောင်တို့တွင် တစ်ခုစီ၊ ဘူတာ၊ ဈေး၊ ဓမ္မာရုံ၊ ဘဏ်နှင့်တရားရုံးတို့တွင် တစ်ခုစီ၊ စုစုပေါင်းခြောက်ခု ထားရှိလျက်ရှိသည်။

အဆိုပါ စာပေရေချမ်းစင်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး အစရှိသည့်အကြောင်းအရာတို့ကို ကဗျာ၊ ဆောင်းပါး၊ ကာတွန်းတို့ဖြင့် ကဏ္ဍစုံလင်စွာ ဖော်ပြထားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများအနေဖြင့် စာပေအသိပညာဗဟုသုတနှင့် ပတ်သက်၍ ပြည်သူတို့၏ သဘောထားအမြင်များကိုရယူလျက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိရာ စာဖတ်သူအချို့၏ အကြံပြုချက်များကို ကောက်နုတ် တင်ပြလိုက်ရပါသည်။

မြဝတီရပ်ကွက်မှ မူလတန်းကျောင်းအုပ်(အငြိမ်းစား) ဦးစိုးမြင့်က ယခင် စာမဖတ်ပြည်သူများ စာဖတ်ဖြစ်၍ ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါကြောင်း၊ ပြည်သူများကလည်း စနစ်တကျပြန်ထားသည့် အလေ့အကျင့်တို့ရှိလာမည်ကို ယုံကြည်ကြောင်း၊ အထက်တန်းရှေ့နေ ဒေါ်တင့်တင့်ကြည်က စာဖတ်ပြီး အချိန်ကုန်တဲ့အတွက် ကုန်သွားတဲ့ အချိန်ကတန်ဖိုးရှိပါကြောင်း၊ အသိအမြင်ဗဟုသုတ မြင့်မားလာရင်း စဉ်းစားဝေဖန်နိုင်တဲ့သူတွေ ဖြစ်လာရင် မှုခင်းတွေလည်း လျော့နည်းသွားမှာဖြစ်ပါကြောင်း၊ လူတိုင်း စာဖတ်လို့ရတဲ့အတွက် စာဖတ်နိုင်အောင် ဆောင်ရွက်ထားတာ ကောင်းတဲ့လုပ်ငန်း ဖြစ်ပါကြောင်း၊ ရွှေစုကျေးရွာမှ တောင်သူ မခင်ဆွေမြတ်က ကျွန်မတို့အနေနဲ့ ကျန်းမာရေးအရ လူနာစောင့်လိုက်ရပေမယ့် အားတဲ့အချိန်မှာ ယခုလိုစာဖတ်ရတဲ့အတွက်အပျင်းလည်းပြေ၊ ဗဟုသုတလည်းရကြောင်း၊ ကြပ်ချောင်းကျေးရွာမှ တောင်သူ ဦးခင်မောင်တင့်က လည်း သွားရင်းလာရင်း ယခုလိုဈေးဝယ်ပြီး သုံးဘီးမထွက်ခင် အားတဲ့အချိန်မှာ စာဖတ်ရလို့ ဝမ်းသာကြောင်း၊ ဈေးရောင်းဈေးဝယ် အလုပ်များကြောင့် ရွာတွင်စာမဖတ်ဖြစ်ကြောင်းနှင့် ယခုလိုစီစဉ်ပေးထားလို့ ကျေးဇူးတင်ကြောင်း။

ညောင်လွန့်ကျေးရွာမှ ခတ်ပုံဆရာ ဦးစိန်ကျော်ဝင်းက အစားအသောက်တွင်ပါဝင်သည့် ဆိုးဆေးအကြောင်းများနှင့် တိုင်းရင်းဆေးဝါးများကို သုံးစွဲရာတွင် သတိပြုရမည့် ပညာပေး အကြောင်းအရာများကိုလည်း ဖတ်ရှုလိုကြောင်း၊ သရက်ပင်ကျေးရွာမှ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကလည်း ကိုယ်တိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးသမားဖြစ်တဲ့အတွက် ယခုလို ခရီးသွားရင်း ကိုယ်သိချင်တဲ့၊ သိရမယ့် ပညာပေးနည်းလမ်းများကို ဖတ်ရလို့ ဝမ်းသာကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ စာများကို ယခုလိုအလွယ်တကူ ဖတ်နိုင်မယ်ဆိုတာ မထင်ခဲ့မိကြောင်း၊ ဒါကြောင့် ကျေးဇူးတင်ပါကြောင်းနှင့် အများပြည်သူနှင့်ဆက်စပ်သည့် နေရာများတွင် အခြေခံလူ့ကျင့်ဝတ်အနေဖြင့် စောင့်ထိန်းလိုက်နာရမည့် အပြုအမူ၊ အပြောအဆိုများကိုလည်း လေ့လာဖတ်ရှုလိုပါကြောင်း၊ ဘူတာမှ ခရီးသွား ပြည်သူတစ်ဦးကလည်း စာစဉ်အဟောင်းများထားရှိပေးသည့်အတွက် အခန်းဆက်ဖော်ပြသည်များကို တစ်ဆက်တည်းဖတ်ရှုနိုင်၍ အဆင်ပြေကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဆောင်းပါးများ၊ ဝတ္ထုတိုများကိုလည်း ဖတ်ရှုလိုပါကြောင်း ၎င်းတို့၏ဆန္ဒများကို ဖော်ပြလိုက်ရသည်။

ဤသည်ကို သုံးသပ်ကြည့်ရှုခြင်းအားဖြင့် စာပေရေချမ်းစင်များသည် ပြည်သူများအတွက် အသိပညာဗဟုသုတများ အမှန်တကယ် တိုးပွားရရှိစေပြီး ပြည်သူဗဟိုပြု ပြည်သူ့ဝန်ဆောင်မှု ပေးလျက်ရှိနေသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ဆန္ဒကိုအလေးထားကာ အစဉ်ဖြည့်ဆည်းပေးနေမည် ဖြစ်ပါကြောင်း။

ပြည်သူ့ထဲကပြန်/ဆက်ဝန်ထမ်းတစ်ဦး

လှိုင်သာယာမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းစဉ်(၅)ရပ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ယု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထိန်စိုးတို့က ရှင်းလင်းဆွေးနွေးခြင်း၊ ဖြည့်စွက်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

တင်ပြဆွေးနွေး

ဒေသဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုဥက္ကဋ္ဌများကလည်း လုပ်ငန်းအတွက် လိုအပ်ချက်နှင့်ဆောင်ရွက်ထားရှိမှုတို့ကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၁၆၄)**

ပလက်ဝသို့ အဆန်ရေယာဉ် ထွက်ခွာချိန် ပြောင်းလဲပြေးဆွဲပေးရန်ဒေသခံပြည်သူတို့လိုလား

ပလက်ဝ - ကျောက်တော် - ပလက်ဝ ရေကြောင်းခရီးကို နေ့စဉ် အစုန် အဆန်လိုင်း ရေယာဉ်တစ်စီးစီးဖြင့် နံနက် ၇ နာရီတွင် စတင်ထွက်ခွာလေ့ရှိသည်။ ဤသို့ထွက်ခွာချိန် သတ်မှတ်ပြေးဆွဲနေမှုကြောင့် အစုန်ခရီးသည်များ ကျောက်တော်သို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိကြသည်။ ကျောက်တော်မှ မွန်းလွဲ ၂ နာရီကားဖြင့် စစ်တွေသို့ နေ့ချင်းခရီးဆက်နိုင်သည်။ ရန်ကုန်၊ မန္တလေးသို့ ခရီးဆက်ကြမည့်သူများ နောက်တစ်နေ့ နံနက် ၆နာရီ စစ်တွေမှ ထွက်လာမည့်ကားဖြင့် ချိတ်ဆက်၍ ခရီးဆက်ရသည်။

ရန်ကုန်၊ မန္တလေးမှ နေ့စဉ် နံနက် ၈ နာရီထွက်သည့် ကားသည် ကျောက်တော်သို့ နောက်တစ်နေ့ နံနက် ၈နာရီ၊ ၉နာရီခန့်တွင် ဆိုက်ရောက်ကြသည်။ စစ်တွေမှ နေ့စဉ် နံနက် ၆နာရီ ထွက်လာမည့် ကားမှာလည်း ဖော်ပြပါအချိန်တွင် ကျောက်တော်သို့ ဆိုက်ရောက်သည်။ ထိုအချိန်မှာ ပလက်ဝသို့ အဆန်ခရီးလိုင်းရေယာဉ် ထွက်ခွာသွားပြီးဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ ခရီးသည်များ ကျောက်တော်တွင် တစ်နေကုန်နေထိုင် ညအိပ်ရပ်နားကြရ၏။ နောက်နေ့ လိုင်းရေယာဉ်ဖြင့်သာ ခရီးဆက်ရသည်။

စာရေးသူ ပလက်ဝသို့ ရောက်ရှိခဲ့စဉ် ခရီးသည်များက ကျောက်တော်၊ ပလက်ဝ ကားလမ်းပိုင်း မပြီးစီးမီကာလ အဆန်ခရီးလိုင်းရေယာဉ် ထွက်ခွာချိန်ကို ရန်ကုန်၊ မန္တလေး၊ စစ်တွေတို့မှ ကားဆိုက်ရောက်ချိန်နှင့် ချိတ်ဆက် ခရီးဆက်နိုင်ရန်လိုလားလျက်ရှိကြောင်း သိခဲ့ရသည်။ ဤသို့ ဒေသခံတို့၏ လိုလားချက်ကို သက်ဆိုင်ရာက စီစဉ်ပေးခြင်းဖြင့် လွယ်မည့်သွားရေး မဖင့်နွှေးသလို စရိတ်စကကုန်ကျမှုလည်း သက်သာပြီး ပလက်ဝသို့ နေ့ချင်းရောက်နိုင်ပါမည်။

သို့ဖြစ်ပါ၍ အဆန်ခရီးရေယာဉ် ထွက်ခွာချိန်ပြောင်းလဲပြေးဆွဲပေးပါက ဒေသခံတို့ ဝမ်းမြောက်စွာ ကြိုဆိုကြမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်ကျော့-ပလက်ဝ

ဂျီအက်စ်အမ်ဖုန်းများ ပန်ဆိုင်း၌ ဖြန့်ဝေပေး

ပန်ဆိုင်း စက်တင်ဘာ ၂၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်း ဆင်းကတ်များကို မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ၌ ပထမအကြိမ် ကတ်၂၀၀၊ ဒုတိယအကြိမ် ကတ်၃၀၀၊ တတိယအကြိမ် ကတ် ၃၀၀၊ စုစုပေါင်း ကတ် ၈၀၀ ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ GSM မိုဘိုင်းဖုန်း ဆင်းကတ်များကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများသို့ လာမည့်လတွင် ဆက်လက်ဖြန့်ဝေပေးဦးမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

အထက(၁)ရွှေပြည်သာ၌ ရေစင်၊ ရေကန်နှင့် ရေသန့်စက်များ ပြင်ဆင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

မုဒိတာအလှူရှင်များအဖွဲ့ (ရွှေပြည်သာ)၏ (၂၅)ကြိမ်မြောက် ဒါနအလှူပွဲကို အဖွဲ့ဝင်ကျောင်းသားဟောင်းကြီးများက မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ သန့်ရှင်းသောရေများ ရရှိသုံးစွဲနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)ရှိ မူလရှိပြီးသား ငါးပေအမြင့်ရေကန်ကို ကွန်ကရစ်ပေါင်နှင့်ဝန်းရံ၍ အမြင့်ကိုးပေ ထပ်ဆင့်တင်ခဲ့ပြီး သောက်ရေများလက်ရှိဖြန့်ဝေပေးနေသည့် စတီးရေသန့်ဖစ်တာများကိုလည်း သန့်ရှင်းဆေးကြောလှူဒါန်းသည့် အခမ်းအနားကို အဆိုပါကျောင်း ရွှေပြည်ရတနာခန်းမ၌ စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မုဒိတာအလှူရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဌေးက အမှာစကားပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးသက်မြင့်က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားပေးခဲ့သည်။ ဆက်လက်၍ စုစုပေါင်း ကုန်ကျငွေကျပ်၁၂၉၆၀၀၀ကို ကျောင်းအကျိုးတော်ဆောင် ဦးအောင်ခင်ထံ ဦးအောင်ကျော်ဌေးက လွှဲအပ်ပေးခဲ့ပြီး အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာကို ကျောင်းအုပ်ဆရာကြီးက အဖွဲ့အတွင်းရေးမှူးဒေါ်အေးအေးအောင်ထံ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)**

ကိုစိုး(ရွှေပြည်သာ)

လူကုန်ကူးသူ တို့ရန်သူ တိုက်ဖျက်ကြမည် တို့ပြည်သူ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ဓောင်ချမ်းတောင်၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မတင်ဇာဝင်း၏ဖခင်အမည်မှန်မှာ ဦးယာမောင် ဖြစ်ပါကြောင်း။
ဦးယာမောင် ၈/ဆပဝ(နိုင်)၀၁၁၈၅၇

ဖခင်အမည်မှန်

ရွှေတောင်မြို့ အထက (ရွှေတောင်) တက္ကသိုလ်ဝင်တန်း(A)မှ မပန်းအိဖြူ၏ဖခင်အမည်မှန်မှာ ဦးသန်းအောင် ၇/ရတန(နိုင်) ၁၃၀၂၄၆ ဖြစ်ပါကြောင်း။
ဦးသန်းအောင်

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၂၃၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဝင်း ၅/ကလထ(နိုင်) ၁၀၈၈၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန(ခရိုင်ရုံး)၊ ကလေးမြို့

အမည်မှန်နှင့်မွေးသက္ကရာဇ်မှန် ပြောင်းလဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကျောက်ဖျာလေးကျေးရွာနေ ဦးနိုင်ဦး၏သမီး မချမ်းမြေ့သရဖီလှိုင်၊ မွေးသက္ကရာဇ် ၂၅-၆-၁၉၉၃ အား မချမ်းမြေ့ဟု ခေါ်ဆိုပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၅-၆-၁၉၉၀ အမှန်တကယ်ဖြစ်ကြောင်း။
မချမ်းမြေ့

အမည်မှန်

ဦးစေရယ်၏သမီး လှိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(L)မှ မလီးမြာ၏အမည်မှန်မှာ မလေးမြာ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၇)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်အောင်လင်းထူး၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၉/သစန(နိုင်)၀၂၀၀၁၀ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကာဘိုး၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရဲဝင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်သိန်း ၅/ကဘလ(နိုင်) ၀၇၅၆၇၅ ဖြစ်ပါကြောင်း။ **ဦးတင်သိန်း**

အမည်ပြောင်း

အထက၊ ကဝမြို့မှ ဒုတိယတန်းနေ ဦးမျိုးမင်းထွဋ်၏သား မောင်မိုးယံထွဋ်အား အိမ်ထောင်စုဇယားအရ မောင်မြတ်မင်းအောင်ဟု ခေါ်ပါရန်။
မောင်မြတ်မင်းအောင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၃၄၁၇၇ စတား (Myanmar 90)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်စုမွန် ၉/သပက(နိုင်)၀၅၈၅၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(B)မှ မကျော့ရှင်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးအုန်းညွန့် ဖြစ်ပါကြောင်း။

အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ကျောက်ဖျာလေးကျေးရွာနေ ဦးအောင်နိုင်ဦး ၁၄/မမန(နိုင်)၁၉၀၀၈၆ အား ဦးနိုင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးနိုင်ဦး

မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့ အလက(၃) ဆဋ္ဌမတန်း(C)မှ ဦးဂိုလန်မိုဟာမက်၏သမီး မမြတ်ဆုမွန်ကျော်၏မွေးသက္ကရာဇ်အမှန်မှာ ၂၁-၃-၂၀၀၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း အခန်း(E)မှ မောင်ပြည့်ဖြိုးသွင်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ဖြစ်ပါသည်။
ဦးခင်မောင်ဌေး

အမည်ပြောင်း

အောင်ပန်းမြို့၊ အထက(၅)၊ ဒုတိယတန်း(A)မှ မငွေဇင်သွန်းအား ယနေ့မှစ၍ မပိုးသီရိချိုဟု ပြောင်းလဲခေါ်ပါရန်။
မပိုးသီရိချို

တစ်ဦးတည်းဖြစ်ကြောင်း

ဦးကွန်းခင်၏သမီး မဖြူနှင့် နန်းဖြူဖြူ ၁၃/ဆဆန(နိုင်)၀၇၆၅၉၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မဖြူ(ခ)နန်းဖြူဖြူ

အမည်မှန်နှင့် ဖခင်အမည်မှန်

ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ အုပ်စု တာမခံ အထက်တန်းကျောင်း သတ္တမတန်းမှ မချောစုကို၏အမည်မှန်မှာ မခင်မိုးမိုးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးသန်းဦး ၁/ဗမန(နိုင်)၀၁၈၇၁၃ ဖြစ်ပါကြောင်း။

အမည်မှန်

လားရှိုးမြို့၊ အလက(၆) ထ/ခွဲ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်နိုင်မျိုးသူ၏ အမည်မှန်မှာ မောင်နေမျိုးသူရိန် ဖြစ်ပြီး မအေးသန္တာထွန်း ဆဋ္ဌမတန်း(က)၊ မမျိုးသန္တာထွန်း ပဥ္စမတန်း(ခ)၊ မောင်ကျော်ဇေယျထွန်း ပထမတန်း(ခ)တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းဆွေ ၅/တဆန(နိုင်)၀၈၁၅၆၆ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၉၇၂၄ (ကမ-၃)စာအုပ်ပျောက် လျှောက်ထားယာဉ် လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/မနတ(နိုင်)၀၄၈၈၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၁၃၁၄၆ Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်း ၅/စကန(နိုင်)၁၄၈၅၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁ယ/၇၆၄၁၄၊ Super-cup 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စမ် ၁၃/နခန(နိုင်)၀၀၆၈၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မူဆယ်)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ကက/၆၄၆၂၊ Toyota Mark II ယာဉ်လက်ဝယ်ရှိသူ နန်းအေးဟွမ် ၁၃/မဆတ(နိုင်)၀၄၈၆၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)**

သီရိမင်္ဂလာဈေးကြီးအတွင်းမှ သီးနှံစုံဈေးကွက်

မြန်မာပြည် တစ်နံတစ်လျားမှ သီးနှံစုံ ကုန်စည်များ နေ့ညမပြတ် အဝင်ရှိနေသကဲ့သို့ လိုအပ်ရာဒေသများဆီသို့ ပြန်လည်စီးမျောရာ ဈေးကြီးဖြစ်သည့်ရန်ကုန်မြို့လှိုင်သာယာမြို့နယ် သီရိမင်္ဂလာဈေးကြီး အတွင်းမှ သီးနှံစုံဈေးကွက်အတွင်း လေ့လာမိသမျှ တင်ပြလိုက်ရသည်။

ဂေါ်ဖီနှင့် ပန်းဂေါ်ဖီ

ရှမ်းပြည်နယ် အောင်ပန်းမြို့ အနီးတစ်ဝိုက်မှ ဂေါ်ဖီနှင့် ပန်းဂေါ်ဖီများ ဈေးအတွင်းအဝင်များပြီး ၁၂ ဘီးကားကြီးနေ့စဉ်အစီးရေ ၂၀ မှ ၂၅ စီးခန့် ဝင်ရောက်နေသည်။ ကုန်ကားကြီးတစ်စီးလျှင် ဂေါ်ဖီ၊ ပန်းဂေါ်ဖီအကြီးအသေးပျမ်းမျှ အထုပ်ရေ ၈၀၀၀ မှ ၉၀၀၀ အထိတင်လာကြပြီး ဈေးကြီးအတွင်း လက်ကားဈေးမှာ ဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၂၀၀ မှ ၂၅၀၊ ပန်းဂေါ်ဖီတစ်ထုပ်လျှင်ငွေကျပ် ၂၅၀ မှ ၃၅၀ အထိ ဈေးရှိနေသည်။

ဩဇာသီး

တစ်ဈေးလုံးနီးပါးခြင်းငယ်လေးများ၊ "တာ" ခေါ်ထင်းရှူးပြားဖြင့် ရိုက်ထားသည့် ပုံးငယ်လေးများဖြင့် ထည့်ထားသော ပြည်-အောင်လံမြို့ထွက် ဩဇာသီးများကို တွေ့ရသည်။ ခြင်းငယ်တစ်လုံးလျှင် ၃၅လုံးဝန်းကျင်ပါဝင်ပြီး ထင်းရှူးပုံးများတွင် အလုံးကြီး ၂၀ ခန့်ပါဝင်သည်ဟု ဩဇာသီးကုန်သည်က ဆိုသည်။ ခြင်းတစ်လုံးလျှင်ငွေကျပ် ၂၀၀၀၊ တာတစ်ပုံးလျှင်ငွေကျပ် ၃၀၀၀ ဈေးရှိနေသည်။

ပီလောပီနံ

ယခုအပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ထွက် ပီလောပီနံများကို အပုံလိုက်တွေ့ခဲ့ရသည်။ လိုက်ထရပ်ကားလတ်များဖြင့်ဝင်လာခြင်းဖြစ်သည်။ တစ်ကားလျှင် ပိဿာချိန် ၄၀ ခန့်ပါ အိတ် ၄၀မျှပါတတ်ကြောင်း၊ တစ်နေ့လျှင် ကားသုံးစီးကျဝင်သည်ဟုဆိုသည်။ ရောင်းဈေးမှာ တစ်ပိဿာငွေကျပ် ၃၀၀ ဝန်းကျင်ဈေးရှိနေသည်။

ဖရဲသီး

ဈေးကြီးအတွင်း၌ အတော်များများတွေ့ခဲ့ရသည်။ ဖရဲသီးရောင်းသည့်ဒေါ်ပုံက "မန္တလေးတိုင်းဒေသကြီး သဲတော၊ ဝမ်းတွင်း၊ မြင်းခြံနှင့် နေပြည်တော်၊ တပ်ကုန်း၊ စစ်ကိုင်းဒေသထွက်ဖရဲသီးများဟု ဆိုသည်။ ဖရဲကျားဖြစ်သည်။ ၎င်း၏ အမည်ကို (855) ဟုအမည်ပေးထားသည်။ ရောင်းဈေးအားဖြင့် တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင် ဈေးခေါ်ရောင်းကြသည်။ ယခုရှိသောဖရဲသီးများမှာ ကွင်းအတွင်း (ထွက်ရာဒေသ)တို့၌ တုံးလာပြီဖြစ်၍ရှေ့လထဲ၌ ပဲခူးတိုင်းဒေသကြီးထွက် ဖရဲသီးများ ဝင်လာတော့မည်ဖြစ်ကြောင်း သိခဲ့ရသည်။

ပန်းသီး

တရုတ်ပြည်ဘက်မှ ဝင်လာသောအကြွပ်သီးများဖြစ်သည်။ တစ်နှစ်ပတ်လုံးနှစ်လ၊ သုံးလမျှသာအဝင်တန့်နေခဲ့ပြီး ကျန်လများ၌ အဆက်မပြတ်ဝင်လျက်ရှိသည်ဟု ပွင့်လန်းသစ်သီးပွဲရုံမှ ကိုထွန်းဝင်းက ဆိုသည်။ အဓိက ရောင်းတန်းမှာ အဝါသီးနှင့်အနီသီး (အကြွပ်သီးများ)သာ ဖြစ်သည်ဟု ဆိုသည်။ အလုံး ၁၂၀ ခန့်ပါ အဝါသီး ဂျပ်စက္ကူ တစ်ဖာလျှင် ငွေကျပ် ၁၁၀၀၀ နှင့် အလုံး ၁၂၀ ခန့်ပါ အနီသီး ဂျပ်ဖာတစ်ပုံးလျှင် ငွေကျပ် ၁၄၅၀၀ မှ ၁၅၀၀၀ အထိ ဈေးရှိနေသည်။

ရှောက်ချိုသီး

ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလအတွင်း အဝင်များပြီး မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် အနီးတစ်ဝိုက်ရှိ ပဒန်း၊ ဂုတ်ကြီးတို့မှဝင်၍ ၎င်းကို ရခိုင်သီးဟု ဆိုကြသည်။ တစ်အိတ်လျှင် အလုံး ၃၀၀ မှ ၄၀၀ အထိ ပါရှိလာတတ်ပြီးနေ့စဉ် အိတ်ရေ ၂၀ မှ ၃၀ မျှသာ အဝင်ရှိကြောင်း သိရသည်။ ရောင်းဈေးအားဖြင့် အလုံးကြီး တစ်လုံးလျှင် ငွေကျပ် ၁၂၀ မှ အသေးဆုံး အလုံးတစ်လုံးလျှင် ငွေကျပ် ၅၀ မျှသာ ဈေးရှိသည်။

တည်သီး

ဈေးကြီးအတွင်းသို့ ယခုအပတ်အတွင်းမှစတင်ကာ မော်လမြိုင်တည်သီးများနှင့်တရုတ်ထွက်တည်သီးများဝင်ရောက်လာပြီကို တွေ့ခဲ့ရသည်။ မော်လမြိုင်တည်သီး၁၀လုံးလျှင် ငွေကျပ် ၂၅၀၀ ဖြစ်သကဲ့သို့ တရုတ်ပြည်မှလာသော တည်သီး ၁၀လုံးလျှင် ငွေကျပ် ၃၅၀၀ ဈေးရှိသည်။ထို့အတူ တရုတ်ထွက် ပျားလိမ္မော်သီးများလည်း မူဆယ်လမ်းကြောင်းမှ ဝင်လာပြီဖြစ်သည်။ ရောင်းဈေးအားဖြင့် ခြောက်ပိဿာငါးဆယ်သားခန့်ပါ စက္ကူဂျပ်ဖာတစ်ပုံးလျှင် ငွေကျပ် ၁၃၀၀၀မှ ၁၄၀၀၀ ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှင့် ၄၀၀၀ ကြားဈေးရှိနေသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

စာဖတ်ရှိန် မြှင့်တင်ရေး ဆောင်ရွက်

ပန်ဆိုင်း(ကြူကုတ်) စက်တင်ဘာ ၂၅

ပြည်သူဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပြည်သူများ အသိပညာဗဟုသုတတိုးပွားပြီး ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေးအတွက် စာဖတ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းကို စက်တင်ဘာ ၂၀ ရက်က မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ၊ အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေမြတ်မိုးမြင့်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမာရွှမ်းတို့ ပူးပေါင်းကျင်းပခဲ့သည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် မြို့နယ်ခွဲပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာဖတ်ခြင်းသည် တစ်ဦးချင်းအသိဉာဏ်တိုးတက်မှုကိုဖန်တီးနိုင်မည့် အခွင့်အလမ်းများပေးခြင်း၊ ကလေးများအား အသက်အရွယ်နုနယ်စဉ်ကပင် စာဖတ်ဝါသနာပါစေသည့် အကျင့်ပါအောင် ဖန်တီးပေးခြင်းဖြစ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ခေတ်မီနည်းစနစ်၊ နိုင်ငံတကာ ဗဟုသုတတိုးပွားရရှိစေကြောင်း ဟောပြောသည်။

အယ်လ်စိုး(Iprd)

ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းခန့်ဇော်၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းနိုင် ၅/ကဘလ(နိုင်)၁၉၀၄၇၆ ဖြစ်ပါကြောင်း။

ဦးဇော်ဝင်းနိုင်

အမည်ပြောင်း

ဦးစိန်အောင်၏သား အောင်ကျော်ဖုံ ၁၁/မအန(နိုင်)၀၀၂၆၀၁အား မောင်နေလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်နေလင်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (CPEC) ကိုယ်ပိုင်သင်တန်းကျောင်း စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ပိုင်ဇေဟိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန် ဖြစ်ပါကြောင်း။

ဦးသိန်းတန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၁၁၈၆၉၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/မထလ(နိုင်)၃၁၇၁၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူဝင်း ၁၃/တခလ(နိုင်)၀၂၇၄၉၀ သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၊ အိမ်အမှတ် ၈၃၊ ဦးပိုင်အမှတ် ၆၊ ဧရိယာ ၀ဒသမ ၁၆၈ဧကရှိ နေအိမ်မြေကွက်အား ဦးအိုက်စီယံ တီစီကေ-၀၀၃၅၈၀ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ချက်အရ-

ဦးဝေယံဦး

အထက်တန်းရှေ့နေ (စဉ်-၂၇၈၂၁)

မှတ်(၄/၁၆၂-ခ)၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ဘူးကိုင်းရွာနေ ဦးတင်အေး၏သား မောင်မျိုး ၅/မမန(နိုင်)၀၆၅၀၂၅ နှင့် အောင်ဇော်မျိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်မျိုး(ခ)အောင်ဇော်မျိုး

ဖခင်အမည်မှန်

ကဝမြို့၊ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်ချစ်ကို၏ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၇/ကဝန(နိုင်) ၁၅၃၄၅၃ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၇၉၃၁၊ Hensim M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးဝင်း MHAMY-၀၀၆၇၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သနပ်ပင်မြို့နယ်၊ စက်ကုံးပိုင်းရပ်ကွက် ဂုံးကျော်နေ ဦးဝင်းလွင်-ဒေါ်ခင်ကြည်တို့၏ သမီး မနီလာ ၇/သနပ(ပြု)၀၀၂၀၈၀ သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ ၂-၄-၂၀၁၃ရက်တွင် နေအိမ်မှ ဆင်းသွားပြီး ခွင့်မလွှတ်နိုင်သည့်ကိစ္စတို့ကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။

ဦးဝင်းလွင် ၇/သနပ(ပြု)၀၀၀၇၅၃

ဖြည့်စွက်ဖတ်ရှု

နေပြည်တော် တပ်ကုန်းမြို့ အထက(၂) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည့်ရက် ၂၉-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)၊ ကျင်းပမည့်အချိန် နံနက် ၈း၀၀နာရီ၊ ကျင်းပမည့်နေရာ အထက(၂) ကျောင်းဝင်း

အမည်ပြောင်း

ဦးသန်းဝင်း၏သမီး ဒဂုံတက္ကသိုလ် အဝေးသင်မှ မရင်ဝင်းခိုင် အား မအင်ကြင်းဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မအင်ကြင်းဖြိုး

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဒုမှူးကြီးမောင်မောင်ကို-ဒေါ်ကြူကြူသန်းတို့၏သား မောင်ညွှန့်မှူးကို ၉/လဝန(နိုင်)၁၆၀၆၇၅သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ၂၁-၉-၂၀၁၃ရက်တွင် နေအိမ်မှထွက်ခွာသွားပါသဖြင့် သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒုမှူးကြီးမောင်မောင်ကို-ဒေါ်ကြူကြူသန်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်မင်းမင်းဦး(မှတ်ပုံတင်မရှိ)သည် မိဘတို့ကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို (လုံး၀)တာဝန်မယူနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းအောင်

၃/ဘအန(နိုင်)၀၄၀၉၅၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၇၈၀-ခ ရရှိသူ အမည်ပေါက်ဒေါ်စန်းစန်းရီ (ဘ) ဦးသိန်းဝင်းထံမှ ဝယ်ယူသူ ဒေါ်မြင့်မြင့်စိုး (ဘ) ဦးချစ်ဝင်း ၁၂/လကန(နိုင်)၀၁၂၅၆၁က မြေချစလစ်ပြားနှင့် ငွေသွင်းချလန်ပျောက်ဆုံးပြီး မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်နယ်သတင်း

ရေကြီးနစ်မြုပ်သည့် ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းများလှူဒါန်း

ဟင်္သာတ စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စစ်ကုန်းအုပ်စု ရေလယ်သောင်ကျေးရွာ ရေကြီးနစ်မြုပ်သည့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့်အစားအသောက်များလှူဒါန်းပေးရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တောသတ္တုဝန်ကြီး ဦးစိုးမြင့်နှင့်အတူ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးဥက္ကဋ္ဌများ၊ အလှူရှင်များ၊ နယ်မြေခံတပ်မှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးဇင်မင်းကိုတို့ လိုက်ပါပြီး ကံကြီးဒါယကာတန်ဆောင်းရေဘေးကယ်ဆယ်ရေးစခန်းနှင့် ဝိဇ္ဇာလင်္ကာရ ဘုန်းတော်ကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတို့ကို စက်တင်ဘာ ၂၂ ရက်က ရောက်ရှိပြီး ပြည်သူများကို တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

စစ်ကုန်းကျေးရွာနှင့်တောင်လုံးစုကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး အိမ်ထောင်စုပေါင်း ၂၄၄ စုအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ လှူဒါန်းပေးအပ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ပစ္စည်းများလှူဒါန်းသည်။ ဆက်လက်၍ ဟင်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဆန်အိတ် ၂၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဆန် ၁၃အိတ်၊ မြို့ပေါ်စေတနာရှင်များမှ ဆန် အိတ် ၃၀၊ မြစ်မခ သတင်းအေဂျင်စီမှ ခေါက်ဆွဲခြောက်များ၊ ရေသန့်ဘူးများ၊ ထမင်းထုပ်များကို သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(အောက်ပုံ) (ခရိုင်ပြန်/ဆက်)**

ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းသား သင်တန်းသူများ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)လေ့လာ

မန္တလေး စက်တင်ဘာ ၂၅

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၃)မှ ဆရာ ဆရာမများ လေ့လာရေးအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ လာရောက်လေ့လာရာ အဆိုပါကျောင်းရှိ သင်တန်းသူ သင်တန်းသားများက အားကစားနည်းများ သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဒုတိယကျောင်းအုပ်ကြီး ဦးမြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ လေ့လာရေးအဖွဲ့အား သင်တန်းသူ သင်တန်းသားများက ပန်ကြပ်၊ အလေးမ၊ တိုက်ကွမ်ဒို၊ စက်ဘီး၊ ဝူရှူး၊ ဂျူဒို၊ ကျွမ်းဘားစသည်တို့ကို လက်တွေ့သရုပ်ပြသသည်။ အမှတ်စဉ် (၅၃) အထူးမွမ်းမံသင်တန်း ဆရာ ဆရာမများက အားကစားနှင့်ကာယပညာသိပ္ပံကျောင်းသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်သီဟ

မှုခင်းသတင်းနှင့်ကြော်ငြာ

သစ်တင်စက်လှေနှစ်စင်း မန်စီမြို့နယ်အတွင်း ဖမ်းဆီးရမိ

မန်စီ စက်တင်ဘာ ၂၅

မန်စီမြို့နယ်တွင် တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် ဧရာဝတီမြစ်ကြောင်းမှတစ်ဆင့် မိုးယူချောင်းအတွင်းသို့ စက်လှေဖြင့် သယ်ဆောင်လာသော ကျွန်းခွဲသား ၂၄၇ ချောင်း ၄ ဒသမ ၇၃၅ တန်နှင့်အတူ စက်လှေနှစ်စင်း ဖမ်းဆီးရမိခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်မှာ မန်စီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်နိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းပါဝင်သော အဖွဲ့သည် မန်စီမြို့ မောရဝတီရပ်ကွက် ကြိုးတံတားအနီးတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် စက်လှေနှစ်စင်းပေါ်တွင် သစ်များတင်ဆောင်မောင်းနှင်လာသူများသည် ပူးပေါင်းအဖွဲ့ကို တွေ့မြင်သည်နှင့် ရေထဲသို့ခုန်ဆင်းထွက်ပြေးသွားသဖြင့် ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်ဟု သိရသည်။**(အပေါ်ပုံ)**

လူပိုး(မန်စီ)

ဂိမ်းစက်များ ထပ်မံသိမ်းဆည်းရမိ

မြဝတီ စက်တင်ဘာ ၂၅

ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး၊ မြဝတီခရိုင် ခေတ္တ ခရိုင်တပ်ဖွဲ့မှူး ရဲမှူးမင်းနောင်၏ ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဌေး၊ စခန်းမှူး ဒုရဲမှူး အောင်နိုင်ရွှေ ဦးစီးသည့် အဖွဲ့နှစ်ဖွဲ့ဖြင့် ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့်စေတနာ နာရေးကူညီမှု အသင်းဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် စက်တင်ဘာ ၂၃ ရက်က မြဝတီမြို့ပေါ်ရှိ ဂိမ်းဆိုင် ၂၁ ဆိုင်၊ သဃ်န်းညီနောင်ကျေးရွာရှိ ဂိမ်းဆိုင်သုံးဆိုင်တို့ကို စိစစ်စစ်ဆေးခဲ့ရာ ဂိမ်းဆိုင် ၂၁ ဆိုင်မှ သရဲဂိမ်း စက်တစ်လုံး၊ ငါးဂိမ်းစက်သုံးလုံး၊ ဖဲချပ်ဂိမ်းစက် ၁၆ လုံး၊ ဂေါ်လီဂိမ်းစက် ၁၁ လုံး၊ သရဖူဂိမ်းစက် ရှစ်လုံး စုစုပေါင်း ၃၉ လုံးကို ထပ်မံသိမ်းဆည်းရမိပြီး စက်တင်ဘာ ၁၇ ရက်မှ လာရောက်အပ်နှံသည့် ဂိမ်းစက်မှာ ၁၂၉ လုံးဖြစ်ပြီး စုစုပေါင်း ဂိမ်းစက် ၁၆၈ လုံးကို သိမ်းဆည်းရမိကြောင်း သိရသည်။

နဒီမြင့်မို(မြဝတီ)

ရွှေထည်ပစ္စည်းများနှင့် ငွေများအခိုးခံရ

ရေး စက်တင်ဘာ ၂၅

ရေးမြို့ မြသီတာဈေး ဆိုင်အမှတ်(ဂ) မမီးငယ်အလှကုန်ပစ္စည်း ရောင်းချသည့်ဆိုင်တွင် စက်တင်ဘာ ၂၂ ရက် နံနက် ၈နာရီခွဲတွင် ဆိုင်ရှင်မခင်စန်းထွေး(ခ)မမီး ငယ် (၄၃နှစ်) သည် ဆိုင်သို့ရောက်ရှိပြီး ရွှေငွေပစ္စည်းများ ထည့်ထားသည့်လွယ်ကြိုးပါ အနက်ရောင်အိတ်ကို အလှကုန်ပစ္စည်းများ ခင်းကျင်းထားသောဘေးတွင် တင်ကာ ဆိုင်အတွင်းဝင်၍ ရေစိုအဝတ်ကိုလဲပြီး ငါးမိနစ်ခန့်အကြာ ပြန်ထွက်လာသည့်အခါ အနက်ရောင်အိတ် ပျောက်ဆုံးနေသဖြင့် ဆိုင်တွင်အတူရှိနေသူ ဆိုင်အလုပ်သမားကို အိတ်ဘယ်ရောက်သွားလဲဟု မေးကြည့်ရာ မတွေ့ကြောင်း ပြောသဖြင့် လိုက်လံရှာဖွေစစ်ဆေးခဲ့ရာမတွေ့ရှိဘဲ လက်ဝတ်ရတနာရွှေအလေးချိန်၁၀ ကျပ်သား သုံးပဲ၊ သုံးရွေးနှင့်ငွေစက္ကူရောရာငွေကျပ်၆၅၀၀၀၀ အပါ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၄၂၀၀၀၀ ထည့်ထားသောအိတ် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်နိုင်ရန် မခင်စန်းထွေး(ခ)မမီးငယ်က စက်တင်ဘာ၂၂ ရက် ညနေ ၆နာရီ ၄၅ မိနစ်တွင် တိုင်တန်းသဖြင့် ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိပြီး အထူး အမှုစစ်အဖွဲ့ဖြင့်ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်-ရေး**

သရက်ကုန်းဘူတာအနီး ဦးခေါင်းပြတ် အမျိုးသမီး အလောင်းတွေ့ရှိ

မော်လမြိုင် စက်တင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင် သရက်ကုန်းဘူတာနှင့် မော်လမြိုင်ဘူတာ ကြားရထားလမ်းမိုင်တိုင်အမှတ် ၁၈၀/၈ နှင့် ၇ကြားတွင် အမျိုးသမီးတစ်ဦး ဦးခေါင်းပြတ်၍ သေဆုံးနေကြောင်း ဦးချိုတူး စက်မှုကျွမ်းကျင်(၅) အချက်ပြနှင့်ဆက်သွယ်ရေး မီးရထားဝန်ထမ်းက စက်တင်ဘာ ၂၀ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မော်လမြိုင်ဘူတာကြီး တာဝန်ကျရုံပိုင်အား အကြောင်းကြားခဲ့သည်။ ဖြစ်ပွားသည့်နေရာသို့ မုပ္ပန်ရဲစခန်းမှူး ရဲအုပ်ဆန်းဝင်းနှင့်အဖွဲ့၊ မြန်မာ့မီးရထားရဲတပ်ဖွဲ့မှ ဒုရဲအုပ်စိုးနိုင်ဝင်းနှင့် သရက်ကုန်းဘူတာရုံပိုင်ကြီးတို့ရောက်ရှိစစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဒေါ်ပြုံး အသက် (၈၃ နှစ်) ကညော်ရွာ ချောင်းဆုံမြို့နယ်နေသူဖြစ်ပြီး ၎င်းမှာလည်ပင်းပြတ်လျက် အနေအထားဖြင့် ဦးခေါင်းမှာ သံလမ်းညာဘက်တွင်လည်းကောင်း၊ ခန္ဓာကိုယ်ကို သံလမ်းနှစ်ခုကြားတွင်လည်းကောင်း တွေ့ရှိ၍ အလောင်းကို ရဲဆေးစာဖြင့် မော်လမြိုင် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ပေးပို့ခဲ့ပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လ/၀၁၂

ဒီဗွီဒီခွေကူးစက်များ သိမ်းဆည်းရမိ

ရန်ကုန် စက်တင်ဘာ ၂၅

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်တစ်ခုအတွင်း နေအိမ်တွင် ဒီဗွီဒီခွေကူးစက်များ သိမ်းဆည်းရမိကြောင်း သိရသည်။

အရေးယူဆောင်ရွက်

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၂ ရက် ည ၁၁ နာရီခွဲခန့်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဧရာဝဏ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဆင်ဆာမဲ့ခွေများခိုးကူးနေကြောင်း သတင်းအရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၅)ရပ်ကွက် ရွှေမဥ္ဇူလမ်းနေ မလှလှရီ၏နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နေအိမ်နောက်ဖေးခန်းအတွင်းမှ e.copy ဒီဗွီဒီခွေကူးစက် ဘောက် ၁၀ ဘောက်ပါ နှစ်လုံး၊ e.copy ဒီဗွီဒီခွေကူးစက် ဘောက်ရှစ်ဘောက်ပါ တစ်လုံးနှင့် ဆက်စပ်ကြိုးများ၊ နိုင်ငံခြား ဒီဗွီဒီဇာတ်လမ်းခွေ ၂၅၄၀ချပ်၊ဒီဗွီဒီခွေအလွတ်အချပ်ရေ ၁၀၀၀၊ ပလတ်စတစ်အိတ်ထုပ်လေးထုပ်၊ ပလတ်စတစ်ခြင်း ခုနစ်ခြင်း၊ SVC စာတန်းပါ အင်ဗာတာတစ်လုံး၊ခိုးကူးခွေစာရင်းရေးမှတ်ထားသည့် ဘောက်ချာစာရွက် လေးရွက်နှင့် စာအုပ်ခုနစ်အုပ်၊ ဘောလ်ပင်တစ်ချောင်း၊ ငွေကျပ် ၂၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် ဒဂုံတောင်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

စိုးဝင်း(SP)

ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ကျောင်းသားတစ်ဦး ရေနစ်သေဆုံး

သနပ်ပင် စက်တင်ဘာ ၂၅

သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာတွင် စက်တင်ဘာ ၁၉ ရက် နံနက်က ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း အလောင်းတစ်လောင်း မှောက်လျက်အနေအထား ပေါ်နေကြောင်း သတင်းရသဖြင့် သနပ်ပင်မြို့ ရဲတပ်ဖွဲ့မှ ဒုရဲမှူးနိုင်ဝင်းနှင့် သက်သေများ အလောင်းပေါ်ရာသို့ သွားရောက်ခဲ့ကြသည်။

စစ်ဆေးဆောင်ရွက်

သေဆုံးသူမှာ သနပ်ပင်မြို့ စက်ကုန်းပိုင်း ရပ်ကွက်နေ မောင်နိုင်အောင်ထွန်း (၁၄ နှစ်) အဋ္ဌမတန်း (အလက-ခွဲ၊သနပ်ပင်မြို့) ကျောင်းသားတစ်ဦးဖြစ်ပြီး စက်တင်ဘာ ၁၇ ရက် ညနေ ၅နာရီခန့်တွင် သနပ်ပင်မြို့ ချောင်းကူးကွန်ကရစ်တံတားအောက်၌ ရေဆင်းကူးစဉ် ရေနစ်မှုဖြစ်ပွားခဲ့ရာ စက်တင်ဘာ ၁၉ ရက် နံနက်ကျမှ သနပ်ပင်မြို့နှင့် သုံးမိုင်ခွဲခန့်ကွာဝေးသော ထောင်မင်းကျေးရွာ ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း အလောင်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် သနပ်ပင်မြို့ရဲစခန်းမှ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရဲထွဋ်(မင်းရွာ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပစ္စည်းများဝယ်ယူရန် ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် ဘိလပ်မြေများ၊ ကွန်ပျူတာပြေစာ စာရွက်များ၊ ပစ္စည်းလက်ခံပြေစာစာအုပ်များ၊ ပစ္စည်းထုတ်ပေးပြေစာစာအုပ်များ၊ ထုတိအနုမောဒနာဂုဏ်ပြုလွှာကတ်ပြားများ (အင်္ဂလိပ်နှင့်မြန်မာ)ဝယ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူပြီး ၂-၁၀-၂၀၁၃ရက် နံနက် ၁၁း၀၀နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဒေါ်လှသွင်ဒိုး+၁	၁၂/ဥကတ(နိုင်)၀၃၈၅၅၂	အမှတ်(၅)၊အောင်ဇေယျာလမ်း၊ ဒဂုံတောင်	ဒဂုံတောင်	၁၄	၅၃၃	ဒေါ်ဝင်းဖော်	အမည်ပြောင်း

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃) (၂၇)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားဖိတ်ကြားခြင်း

တေဇ(၁၃) ကျောင်းဆင်း (၂၇)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မိသားစုနှင့်အတူ တကွ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) **မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ**
နေရာ - M3 စားသောက်ဆိုင်၊ ရန်ကုန်
နေ့ရက် - ၂၈-၉-၂၀၁၃ ရက် (စနေနေ့)
အချိန် - ၁၈း၃၀ နာရီမှ ၂၂း၃၀ နာရီအထိ

(ခ) **အလှူဒါနပြုလုပ်ခြင်း**
နေရာ - နှင်းဆီးကုန်းဘိုးဘွားရိပ်သာ၊ ရန်ကုန်
နေ့ရက် - ၂၉-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - ၀၈း၃၀ နာရီမှ ၁၂း၀၀ နာရီအထိ

(ဖိတ်စာသီးခြားမပို့ပါ)

သာရေးနာရေးကော်မတီ
တေဇ(၁၃)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမောင်မောင်သက် ၁၂/ဒဂမ(နိုင်)၀၁၉၂၄၅ သည် နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၃၈၄၃၈

လူပျောက်

မသီသီစိုး(ခ)မိဂျမ်း ၁၂/ကခက(နိုင်)၀၉၃၈၅၂ အရပ် ငါးပေသည် ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း မိသားစုနှင့် အမြန်ဆက်သွယ်ပေးပါ။ မိသားစုများ စိတ်ပူနေပါတယ်။ တွေ့ရှိသူများ အကြောင်းကြားပေးပါ။

ဒေါ်အေး
ဖုန်း-၀၉-၄၂၀၁၂၀၇၃၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၅၅၇၇ Myanmar Double P/U(4×4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးနန္ဒာ ၁၂/ကတတ(နိုင်)၀၀၄၇၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးခြင်း GENERAL POWER OF ATTORNEY ကို ပြန်လည်ရုပ်သိမ်းခြင်း

မိုးကုတ်မြို့၊ မြို့နယ်စာချုပ်စာတမ်း၊ မှတ်ပုံတင်ဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၏ ၂၀၁၃ခုနှစ် မေ ၁၀ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲအပ်ပေးခြင်း (GENERAL POWER OF ATTORNEY)ကို ဦးမောင်ထွန်း (ဘ) ဦးပေါ်ပေါင်းဖု ၁/ဗမန(နိုင်)၀၃၀၁၂၇ သည် သားဖြစ်သူ ဦးအောင်ထူး (ဘ) ဦးမောင်ထွန်း ၁/ဗမန(နိုင်)၀၆၈၅၁၂ ကိုင်ဆောင်သူအား ဖခင်ဖြစ်သူ ဦးမောင်ထွန်း ခရီးသွားစဉ်တွင် မိသားစုအရေးကိစ္စအဝဝပြုလုပ်နိုင်ရန် ဖော်ပြပါ သားဖြစ်သူ ဦးအောင်ထူးအား အထွေထွေကိုယ်စားလှယ်အဖြစ် ချုပ်ဆိုခဲ့ပါသည်။

ယခုအခါ ကျွန်ုပ် ဦးမောင်ထွန်းသည် ခရီးထွက်ပြီး အိမ်သို့ပြန်ရောက်ခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိသားစု၏အိမ်ထောင်ဦးစီးအဖြစ် ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် သားဖြစ်သူ ဦးအောင်ထူးအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ် (GENERAL POWER OF ATTORNEY)တာဝန်ပေးထားမှုကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း သက်ဆိုင်ရာများသိစေရန် တရားဝင် အသိပေးအကြောင်းကြားပါသည်။

ဦးမောင်ထွန်း (ဘ) ဦးပေါ်ပေါင်းဖု ၁/ဗမန(နိုင်)၀၃၀၁၂၇
မိုးဖိန်းကျေးရွာ၊ ဗန်းမော်မြို့

နယ်သတင်းနှင့်ကြော်ငြာ

လူကုန်ကူးမှုအသိပညာပေး ရက်တိုသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ ဒေသဖွံ့ဖြိုးရေးရုံး၌ စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့အတွင်း ရပ်ကွက်/ကျေးရွာ ၁၁ ရွာတို့မှ စိတ်ပါဝင်စားစွာဖြင့် တက်ရောက်လာကြသော လူငယ်များကို ဝေါလ်ဗွီးရှင်းမြန်မာနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့တို့မှ လူကုန်ကူးမှုစောင့်ကြည့်ရေး လုပ်ငန်းစဉ်များ အသိပညာပေး ရက်တိုသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် သင်တန်းသား ၆၀ ခန့်တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့မှ တပ်စုမှူး ရဲမှူးရိုလန်က လူကုန်ကူးမှုပပျောက်ရေးတွင် လူငယ်လူရွယ်များ ပါဝင်လာခြင်းသည် မျိုးချစ်စိတ်ဓာတ်ကို ပြသနေခြင်းဖြစ်ပြီး တိုင်းရင်းသား ၁၃၅ မျိုး ရင်ဆိုင်ကြုံတွေ့နေရသော လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်မှုအတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ ရပ်ကွက်/ကျေးရွာများအတွင်း လူပွဲစားများမဝင်နိုင်ရန် မျက်ခြည်မပြတ်စောင့်ကြည့်ခြင်း၊ သတင်းပေးခြင်းဖြင့် လူကုန်ကူးမှုကွင်းဆက်များကို ဖော်ထုတ်အရေးယူနိုင်မည်ဖြစ်ကြောင်း၊ မြန်မာပြည်၏လူဦးရေသန်း ၆၀ ကျော်တွင် ပြည်သူ့ရဲအင်အား တစ်သိန်းကျော်သာရှိ၍ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန်လည်းလိုအပ်ကြောင်း၊ မြန်မာပြည်တွင် လူကုန်ကူးမှုကိစ္စရပ်များကို တိုင်ကြားမှုအားနည်းခြင်းကို အခွင့်ကောင်းယူ၍ ရပ်ကွက်များအတွင်း ဝင်ရောက်လာသော၊ ဆက်သွယ်လာသော လူပွဲစားများကို လူငယ်များက မျက်ခြည်မပြတ် စောင့်ကြည့်၍ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုပပျောက်ရေးကို လက်တွဲဆောင်ရွက်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

(အပေါ်ဝဲပုံ) (၁၆၄)

မြေကြီးကရွှေသီးသည့် မကျီးကုန်းရွာတောင်သူများ

နေပြည်တော်၏ မနီးမဝေး မကျီးကုန်းကျေးရွာက လယ်ဝေးမြို့နယ်အတွင်းရှိနေ၏။ ရွာအဝင်ဘေးတစ်ဖက်တစ်ချက်ကား ပြောင်းခင်းလေးများ စိမ်းလန်းလျက်။

အုတ်သဲဖြူ သျှစ်လိုင်၊ ပုလွေချောင်းသုံးချောင်းကြောင့် စိုက်ပျိုးရေးကောင်းလှ၏။

မကျီးကုန်းရွာတွင်သာမက နီးစပ်ရာကျေးရွာများတွင် အဆင့်မြင့် နိုင်ငံခြားမျိုးစေ့များကို ဖြန့်ဖြူးပေးရုံမျှမက ပန်းဂေါ်ဖီစိုက်ခင်း၊ ဂေါ်ဖီစိုက်ခင်းများကို စိုက်ပျိုးရောင်းချလျက်ရှိသည်။ ယခုလတ်တလော ပန်းဂေါ်ဖီစိုက်ခင်းအတွက် ပံအမှတ်တံဆိပ် ပန်းဂေါ်ဖီမျိုးကို ဒေသအသီးသီး၌ ရာသီဥတုအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းကို တောင်သူ ဦးကျော်ညွန့်အား တွေ့ဆုံမေးမြန်းခဲ့သည်။

ချောင်းမငယ်ဆည်မှ စီးဆင်းလာသည့်ရေများ ချောင်းငယ်သုံးချောင်းမှ ခွဲဖြာစီးဆင်းသည့်အတွက် ဦးကျော်ညွန့်တို့ မကျီးကုန်းကျေးရွာ အိမ်ထောင်စုပေါင်း ၂၀၀ကျော်မျှ ရှိသော ကျေးရွာတွင် ဟင်းသီးဟင်းရွက်များ၊ ပြောင်းဖူး၊ ပန်းဂေါ်ဖီများကို တစ်ရွာလုံး အောင်မြင်စွာ စိုက်ပျိုးကြောင်း၊ ဟင်းသီးဟင်းရွက်များလည်း စိုက်ကြောင်းပြောပြသည်။

တောင်သူဦးကြီး ဦးကျော်ညွန့်က (၆၁)နှစ်ရှိပြီ ဖြစ်သော်လည်း အားကောင်းတုန်းပင်။ ၂၀၀၄ ခုနှစ်က ပန်းဂေါ်ဖီ အိုကီမျိုးစေ့ကို အပင် ၆၀ စတင်၍ စိုက်ပျိုးခဲ့သည်။ မိုး တွင်း၊ မိုးနှောင်း၊ ဆောင်းရာသီတွင် အကောင်းဆုံးစိုက်ချိန်ဖြစ်သည်။ ပျိုးသက်ရက် ၂၀၊ ရွှေ့စိုက် ၅၅ ရက်မျှသာ၊ ရေဆင်းမြောင်းနှင့် အကျအနစိုက်ပျိုးခဲ့သည်။ ယင်း နှစ်က ၃၈ သိန်းကျော်မျှရ၍ မိသားစု ရှစ်ယောက်စလုံး ဝမ်းသာပီတိ ဖြစ်ခဲ့ကြသည်။ နီးစပ်ရာလက်တို့၍ အပင်မှန်၊ အားကောင်း၍ ပန်းသား ကျစ်လျစ်ကြောင်း မောင်းတီး၍ တစ်ရွာပြီး တစ်ရွာ ပြောပြခဲ့သည်။ ကားကြီး ကားငယ်များဖြင့်တင်၍ ပွဲရုံများကို ရောင်းချခဲ့သည်။

ဝယ်သူများက ကောင်းပြီဟေ့ဆိုလျှင် တောင်သူဦးကြီးများ အသည်းစွဲအောင် မျိုးစေ့ကောင်းရခဲ့သည်။ ပို၍သိသာသည်က ဈေးကောင်းရစေရန် စိုက်ခင်းထဲမှ ဖုန်းတစ်ချက်ဆက်ရုံမျှသာ၊ စိုက်ပြီး ဖွံ့ဖြိုးသည့် ပန်းဂေါ်ဖီများကို ရက်သတ္တပတ်အထိ ဈေးကွက်စောင့်၍ ရောင်းနိုင်သည်။

အိုကီပံမျိုးက ရေငတ်ခံနိုင်၏။ အပူဒဏ်ခံနိုင်၍ ဒေါင်းနီရွက်ခြောက်ပင်မည်းပုပ်ရောဂါဒဏ်ခံနိုင်သည်ဟု ပျဉ်းမနား၊ နေပြည်တော်နှင်းဆီအဝိုင်းအနီး သဇင်စိုက်ပျိုးရေးမှ ဆရာဦးအေးမင်းကလည်း ပြောပြသည်။

ပြောင်းဖူးပင် စိုက်ခင်းက ချောင်းနံဘေးရွာနှင့်သိပ်၍ မဝေးလှပေ။ ရက် ၆၀စိုက်ပြီးလျှင် ပံပတ္တမြားမျိုး ပြောင်းခင်းက အမြင်လှ၏။ ၇၅ ရက်ပြည့်လျှင် ပံပတ္တမြားပြောင်းခင်းအရောင်က ရွှန်းလဲ့စိုအိနေသည်အထိ လှပနေ၏။ ပံရွှေမျိုးက မိုးတွင်းထက်ဆောင်းတွင်းက ပို၍ စိုက်အားကောင်းလျှင် ပံပတ္တမြားရွှေတစ်ခင်းနဲ့ ဧကများများသာစိုက်၊ ဆိုင်ကယ်နဲ့ကား ဘယ်ဟာရွေးမလဲလို့ ဆိုရသည်အထိ စိုက်ပျိုးသူတောင်သူများစကားက အားရစရာကောင်းလှသော ကျေးလက်မြင်ကွင်းလို့ ဆိုရမည်ဖြစ်ပါသည်။

ကျော်မြင့်သန်း(လမ်းမတော်)

မိတ္ထီလာကန်ပတ်လမ်းပျက်စီးမှုကြောင့် ကျန်းမာရေးအတွက် လမ်းလျှောက်သူ ဒေသခံများအခက်တွေ့

မိတ္ထီလာ စက်တင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ကန်ပတ်လမ်းအား အထက(၁)ကျောင်းအနီးမှ ဝန်ဇင်းဟိုတယ်တောင်ဘက်ထိ ဖောက်လုပ်ထားကာ သံဆန်ခါများ၊ သံကူကွန်ကရစ်တိုင်များ စိုက်ထူကာရံခြင်း၊ မြေသားလမ်းဖို့ ပြုပြင်ခြင်းများကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်းက တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာကပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ကန်ပတ်လမ်းတချို့နေရာများတွင် ဒေသခံကျန်းမာရေးလိုက်စားသူများအတွက် အားကစားလေ့ကျင့်အထောက်အကူပြု ကိရိယာများ တပ်ဆင်ပေးသဖြင့် နံနက်စောစောတွင် ကျန်းမာရေးလေ့ကျင့်ပြုလုပ်သူများ၊ လမ်းလျှောက်သူများအတွက် များစွာအကျိုးပြုပါသည်။

ယခုအခါ မိုးရွာသွန်းမှုကြောင့် ကန်ပတ်လမ်း(အထက-၁ အနီး)တွင် မိုးရေများဝပ်နေခြင်း၊ ကန်ပတ်လမ်း၏ တစ်ဖက်ရှိ ဗေဒါပင်များရှိရာ မြောင်းထဲတွင် မိုးရေများဖြင့်ပြည့်ကာ မြောင်းဧရိယာ ကျယ်ပြန့်လာပြီး ကန်ပတ်လမ်းဧရိယာ တဖြည်းဖြည်း ကျဉ်းမြောင်းလာနေခြင်းများ ဖြစ်ပေါ်နေရာ ဒေသခံကျန်းမာရေးလိုက်စားသူများအတွက် များစွာအခက်တွေ့လျက်ရှိသည်။

"အရင်တုန်းကတော့ ကန်ပတ်လမ်းမှာ လမ်းလျှောက်ရတာကောင်းတယ်။ ကန်ပတ်လမ်းမှာ နံနက်စောစောပိုင်း နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး လမ်းလျှောက်သူ၊ လေ့ကျင့်ခန်းလုပ်သူတွေ ရှိနေတတ်တယ်။ ဝန်ဇင်းဟိုတယ်မှာ တည်းခိုတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တချို့လည်း ကန်ပတ်လမ်းမှာ လမ်းလျှောက်တယ်။ အခုတော့ ကန်ပတ်လမ်းက အရင်လိုလမ်းလျှောက်လို့ မကောင်းတော့ဘူး၊ ကန်ပတ်လမ်းဧရိယာလည်း ကျဉ်းလာပြီ။ ကန်ပတ်လမ်း ဘေးမှာလည်း မြက်ပင်တွေ ထူထပ်နေတယ်။ မိုးတွင်းဆိုလမ်းပေါ်ရေဝင်နေတယ်။ ဒါပေမယ့် လမ်းတော့နေ့တိုင်းလျှောက်ဖြစ်ပါတယ်" ဟု မြို့မရပ်ကွက်နေ ဒေသခံအမျိုးသား တစ်ဦးက ပြောပြသည်။

မိတ္ထီလာကန်ပတ်လမ်းတစ်လျှောက် မိုးရေဝပ်ခြင်းများ၊ လမ်းဧရိယာကျဉ်းမြောင်းလာခြင်းများနှင့် မြက်ပင်များထူထပ်လာခြင်းများကို **(အောက်ပုံ)** သက်ဆိုင်ရာ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံကျန်းမာရေး လိုက်စားသူများက မျှော်လင့်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။

(ထီလာသား)

အမည်မှန်

ကဝမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ ဦးစန်းသွင်၏သမီး မချောစု၏ အမည်မှန်မှာ မချောစုလှိုင် ဖြစ်ပါသည်။

မချောစုလှိုင်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပြည်ခရိုင်တရားရုံး

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄ နှင့် ဆက်သွယ်သည့်

၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၈

၁။ ဒေါ်ကြည်ကြည်ဝင်း	**နှင့်**	၁။ ဒေါ်နီနီဝင်း
၂။ ဒေါ်ရီရီမြင့်		၂။ ဒေါ်ကြူကြူလင်း
၃။ ဒေါ်ဥမ္မာ		၃။ ဒေါက်တာလှဦး
၄။ ဒေါ်စန္ဒာ		၄။ ဒေါ်မာလာ
၅။ ဒေါ်သီတာ		၅။ ဦးမင်းမင်း
၆။ ဒေါ်ခင်သန္တာထွေး		၆။ ဒေါ်စပယ်ဖြူ
တရားနိုင်များ		**တရားရှုံးများ**

ဒေါ်မာလာ အမှတ် ၁၁၉၊ လမ်းမတော်လမ်းနှင့် ထီးစုလမ်းထောင့်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်မြောက်ပိုင်း၊ ပြည်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကြည်ကြည်ဝင်း ပါ(၆)တို့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၂၄ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသိမ်း)
ဒုတိယခရိုင်တရားသူကြီး
ပြည်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ တိုက်အမှတ် ၉၊ အခန်းအမှတ်(၃/ဘီ)၊ သုံးလွှာခြေရင်း၊ ညာဘက်ခန်း၊ (၁၃×၅၀)ပေခန့်ရှိ ရေမီးအစုံပါဝင်သော တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်လင်းလင်း ၉/လဝန(နိုင်)၁၆၀၆၇၉ နှင့် ဒေါ်နီနီအောင် ၁၄/ဘကလ(နိုင်)၁၅၂၂၅၇ တို့ နှစ်ဦးထံမှ ဝယ်ယူရန်စရန်ငွေအချို့ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းငွေ LL.B
ဗဟိုတရားလွှတ်တော်ရှေ့နေကြီး(စဉ်-၃၀၇၃)
ဝင်းသစ္စာ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၈၀၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၃၈၈၀၀၊ ၀၉-၅၀၂၆၂၁၀၊ ၀၁-၅၁၆၈၆၃

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ အကွက်အမှတ် ၃၂၊ အကွက်အမည်(ကြက်မင်းတွန်တောင်)၊ ဦးပိုင်အမှတ် ၁၃၅၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်သည် မြို့မြေဂရန်အမှုအမှတ် ၂၅၉/၁၉၉၀-၉၁ အရ ၃၀-၉-၂၀၁၀ ရက်ထိ နှစ် ၂၀ ဂရန် ဦးတင်လှအမည်ပေါက်မြေကွက်ဖြစ်ပြီး အဆင့်ဆင့်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းဌေး ၉/ကဆန(နိုင်)၀၉၃၄၂၂ က ၎င်းအမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ကြော်ငြာစာထုတ်ပြန်သည့်ရက်မှ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက မြေငှားဂရန်အမည်ပြောင်းသက်တမ်းတိုးဆောင်ရွက်ခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဌေး ၉/ကဆန(နိုင်)၀၉၃၄၂၂

ဖခင်အမည်မှန်

ကဝမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင် ၇/ကဝန(နိုင်)၀၉၈၈၁၇ ဖြစ်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

အင်းစိန်မြို့နယ်တရားရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၈

ဒေါက်တာနော်ဘေဘီသန်း	**နှင့်**	ဒေါ်အေးမိစံ(ခ)နော်ရှယ်လီသန်း
တရားလို		**တရားပြိုင်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၁၉၇၂နေ တရားပြိုင် ဒေါ်အေးမိစံ(ခ)နော်ရှယ်လီသန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျင့်ဇကပ်)
မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၄)ရုံ ၄ားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၄)ရုံတို့အား ၄ားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များသို့ ၃၁-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)
(ခ) အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)
(ဂ) အမှတ်(၅) အထည်စက်ရုံ (ပခုက္ကူ)
(ဃ) အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊
အပြည့်အစုံ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၈၁၅၆၊ ၄၀၈၃၃၈၊ ၄၀၈၁၈၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၇/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ ခုနှစ် တော်သလင်းလဆန်း (၇)ရက် (၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၁ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးသည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၀)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၄င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး (မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် ၁၆၁၊ မြေအကျယ်အဝန်း ပေ၄၀×ပေ၆၀၊ ၀ ဒသမ ၅၅ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်၏ အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးငြိမ်းမောင်၁၂/စခန(နိုင်)၀၃၂၀၀၁က ၄င်းပိုင်မူလမြေကွက်၏တစ်ဝက် [မြေကွက်ဧရိယာ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ မြောက်ဘက်လမ်းခြားအခြမ်း]မြေကွက်ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးသိန်းထွန်း LL.B၊ အထက်တန်းရှေ့နေ(စဉ်-၆၉၅၃)
မြို့နယ်အခွန်ဦးစီးဌာနမှူး(ငြိမ်း)(ပ.တ.ခ)
အိမ်အမှတ် ၇၇၅၊ ကေတုမတီလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၆၅၀၄၈၊ ၀၉-၅၁၈၀၇၆၇

သံဝေဇနီယလေးဌာနဘုရားဖူးခရီးစဉ်

ဒေါ်နန္ဒာဝင်း ဦးစီးသော သံဝေဇနီယလေးဌာန ဘုရားဖူးခရီးစဉ်များကို ၁၈-၁၀-၂၀၁၃ရက်၊ ၄-၁၂-၂၀၁၃ရက်၊ ၁၅-၂-၂၀၁၄ရက် ခရီးစဉ်များကို စရန်ငွေတစ်သိန်းပေးသွင်းပြီး စာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ခရီးစဉ်တိုင်းကို လူခြောက်ဦးလျှင် ကားတစ်စီးနှုန်းဖြင့် အထူးစီစဉ်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ

အမှတ် ၆၁၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်းနံပါတ်...

၀၁-၃၈၆၅၈၅၊ ၀၁-၃၈၇၂၇၆၊ ၀၉-၅၅၀၀၁၃၁၊
၀၉-၃၃၃၆၄၇၇၇၊ ၀၉-၇၃၁၅၉၈၇၁၊
၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၄၄၄၀၂၈၃၇၈၊ ၀၉-၅၀၂၆၂၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၉၄၁၊ (အလျား ပေ ၄၀ × အနံ ပေ ၆၀) အကျယ်အဝန်းရှိ ဒေါ်သေးသေး အမည်ပေါက် ပါမစ်မြေကွက်ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ၄ ရပ်ကွက်၊ အိုးဝေလမ်း၊ အမှတ် ၉၄၁ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးသန်းလွင် ၁၁/မပတ(နိုင်)၀၀၇၂၁၇ နှင့် ဦးမျိုးချစ် ၁၁/မပတ(နိုင်)၀၃၀၉၉၄ တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ (မြောင်းမြ)
LL.B,A.G.T.I (EP), D.B.L, D.M.L
WIPO (SWITZERLAND)
တရားလွှတ်တော်ရှေ့နေ (၈၁၀၈)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၈၅၇၂၉၃၄

မိခင်အမည်မှန်

အထက(၁) ကျိုက်ထို တက္ကသိုလ်ဝင်တန်း 7(A) မှ မသင်းအိအိလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်သိန်းသိန်းမြင့် ဖြစ်ပါသည်။

ဒေါ်သိန်းသိန်းမြင့်

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် တိုးချဲ့ ၄၊ မြေကွက်အမှတ် ၁၇၅၊ မြေကွက်တည်နေရာအမှတ် ၁၇၄၊ ပုလဲလမ်း၊ ထောက်ကြန့်မြို့သစ်၊ ဦးငွေလွင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ် ကတိစာချုပ် အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးကိုကိုငွေ ၇/သကန(နိုင်) ၀၈၂၆၉၃ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

သန်လျင်မြို့ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ ပဥ္စမတန်း(A)မှ မောင်ဖြိုးတင့်နိုင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လှိုင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သန်လျင်မြို့ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ ပဥ္စမတန်း(B)မှ မောင်ပိုင်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကုလား ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သန်လျင်မြို့ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ ပဥ္စမတန်း(A)မှ မောင်သီဟအောင်၏ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သန်လျင်မြို့ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ တတိယတန်း(B)မှ မောင်ဝဏ္ဏ၏ဖခင်အမည်မှန်မှာ ဦးသက်လွင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

သန်လျင်မြို့ အထက(ခွဲ)၊ ပျဉ်ထောင်ကျောင်း၊ ဒုတိယတန်း(B)မှ မောင်ခိုင်လင်းထွန်း၏ဖခင်အမည်မှန်မှာ ဦးသိန်းဦး ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၂၂/က-၃၊ မြေကွက်တည်နေရာအမှတ် ၃၂၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ် ဦးတင်ထွန်းအမည်ပေါက် ဘီ-၃/ခ အိမ်ရာမြေအား အမည်ပေါက် ဖခင်ဦးတင်ထွန်းနှင့် မိခင်ဒေါ်ခင်လှသန်း ကွယ်လွန်သဖြင့် ဦးရဲညွန့်ထွန်း ၁၂/လမန(နိုင်)၀၂၆၆၂၄ နှင့် ဒေါ်ပွင့်မာထွန်း ၁၂/လမန(နိုင်)၀၂၆၅၅၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ မြေအမည်ပေါက်စာချုပ်နှင့် စွန့်လွှတ်စာချုပ်အမှတ် ၁၁၅၁/၂၇-၇-၁၉၉၄ မိတ္တူမှန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် -၃၄၊ မြေကွက်အမှတ် ၁၈၁၊ မြေကွက်တည်နေရာအမှတ်-၁၈၁၊ ပျဉ်းကတိုးလမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးကျော်ဟိုး AD-၀၅၁၄၉၇အမည်ပေါက် နှစ်၆၀ဂရန် မြေအားအမည်ပေါက်ဦးကျော်ဟိုးနှင့် ဇနီး ဒေါ်အေးသိန်းတို့ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့် ၁၂/အလန(နိုင်)၀၂၃၄၆၃၊ ဦးကျော်ကျော်ဝင်း ၁၂/အလန(နိုင်)၀၂၄၄၇၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊မြေကွက်အမှတ် ၁၈၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၈၄/ခ၊ မိဂသီ (၂၁)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမျိုးမြင့်အောင်၊ ဒေါ်စိုးတင့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့်အောင်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိုးတင့် ၁၂/ဥကတ(နိုင်) ၁၁၈၅၅၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းကြားစာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
ဇီးကုန်းမြို့နယ် တရားရုံးတော်၌
၂၀၀၇ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၆၃၁၆
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၅၅

မန်နေဂျာ	နှင့်	၁။ ဦးထင်အောင်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်လှဲ့ဝင်းချို
ဇီးကုန်းမြို့။		
ဒီကရီအနိုင်ရသူ		တရားရှုံးများ

ဦးထင်အောင်၊ ဒေါ်လှဲ့ဝင်းချို အေးမြသာယာမြို့သစ်(၆)လမ်း၊ အမှတ်(၁)ရပ်ကွက် ဇီးကုန်းမြို့ သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးပိုင်နေအိမ်နှင့်ခြံမြေအား ကြမ်းခင်းဈေး ငွေကျပ်သိန်း ၄၀၀ (ကျပ်သိန်းလေးရာတိတိ)ဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရရှိသူ မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ချိန်းဆိုထားပြီးဖြစ်သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

လှဝင်း
မြို့နယ်တရားသူကြီး၊ ဇီးကုန်းမြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

သီတဂူဆရာတော်ကြီး ... စက်တင်ဘာ (၂၉) (၂၅) ကြိမ်မြောက် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

၂၉-၉-၂၀၁၃ ရက်တွင် ဦးဇေ (၃၃၃၃)မြည် ၂၅ ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါနအဖြစ် ကိုယ်တိုင်လာရောက်၍ဖြစ်စေ ဘဏ်စာရင်းသို့ ထည့်သွင်း၍ ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

... KBZ Bank (Account No. 0071220029870)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထက(၄)ယခင် အလက(ပမ္မတီး)၏ ပထမအကြိမ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရန် ဖိတ်ကြားခြင်း

မြစ်ကြီးနားမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၈၁ ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ယခင်အလက(ပမ္မတီး)ကျောင်းတွင် ၁၉၇၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဂါရဝပြု ပူဇော်နိုင်ရန်အတွက် ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို မြစ်ကြီးနားမြို့၊ အထက (၄)၊ အောင်ဆန်းခန်းမတွင် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၃ရက်(စနေနေ့) နံနက် ၉း၀၀နာရီ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ကျန်ရှိနေသေးသော အငြိမ်းစားဆရာကြီး ဆရာမကြီးများအားလည်း အခမ်းအနားသို့ တက်ရောက်အပူဇော်ခံနိုင်ရန် အတွက် အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်ပေးကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဦးခင်မောင်လွင်(မြစ်ကြီးနား)	ဖုန်း-၀၉-၅၀၂၉၆၀၇	ဒေါ်ခင်သန်းနု(ရန်ကုန်)	ဖုန်း-၀၉-၅၁၈၅၁၅၄
ဦးသိန်းထွဋ်လွင်(မြစ်ကြီးနား)	ဖုန်း-၀၉-၄၀၀၀၃၉၂၀၆	ဦးစောထွန်းဦး(ရန်ကုန်)	ဖုန်း-၀၉-၇၃၁၀၈၄၉၂
ဦးရဲဝင်းအောင်(မြစ်ကြီးနား)	ဖုန်း-၀၉-၆၄၀၁၀၉၇	ဦးခိုင်ဇော်ဝင်းမြိုင်(မန္တလေး)	ဖုန်း-၀၉-၄၄၄၀၁၈၁၀၉
ဒေါ်ရီရီမြ(မြစ်ကြီးနား)	ဖုန်း-၀၉-၅၀၃၅၄၄၁	ဒေါ်ယုယုဝေ(မန္တလေး)	ဖုန်း-၀၉-၂၀၁၉၅၉၂

ဗေဒင်ပညာဒါန သင်တန်းဖွင့်မည်

မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်း ပညာဒါနသင်တန်းအမှတ်စဉ်(၁၄)ကို ၅-၁၀-၂၀၁၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း (နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀နာရီအထိ) လက်ရိုး၊ လက်ဆန်း၊ လက္ခဏာပညာရပ်ကို ဟောပြောနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။

တက်ရောက်လိုသူများ- သိမ်ကြီးဈေး(စီ)ရုံ၊ ပထမထပ်၊ အဆောင်(၄)သို့ဖြစ်စေ ဖုန်း-၀၉-၄၂၁၁၃၃၆၇၉၊ ၀၉-၅၁၄၀၁၂၄၊ ၀၉-၇၃၀၈၁၀၄၀၊ ၀၉-၄၂၅၃၄၇၄၉၇ တို့သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ငှားရန်ရှိသည်

(လမ်းမတော် Down Town Office Area)

၁။ နှစ်ထပ်လုံးချင်းတိုက် (၂၅'×၅၀')
ကိုင်းတန်းလမ်းကျယ် (ကမ်းနားလမ်းနှင့်အနော်ရထာလမ်းကြား)
1.MBR , 3.BR ,ဧည့်ခန်းကျယ်၊ ကြွေပြား၊ ပါကေးခင်း၊ အခန်းဖွဲ့ပြင်ဆင်ပြီး
7.AC၊ ဖုန်း၊ ရေ၊ မီး ၂၄နာရီ၊ 30 KVA မီးစက်ပါ။

၂။ ကွန်ဒို(နေသီဟ)(၅၀'×၅၀') ရောင်း/ငှားရန်ရှိသည်။
ဗိုလ်ချုပ်လမ်းနှင့်ဝါးတန်းလမ်းထောင့် 9th Floor, 2.MBR , 2.BR , ဧည့်ခန်းကျယ်၊ ပါကေးခင်း၊ အခန်းဖွဲ့ပြင်ဆင်ပြီး 5.AC၊ ဖုန်း၊ ရေ၊ မီး၊ ဓါတ်လှေကား၊ လုံခြုံရေး ၂၄ နာရီရှိ။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၆၈၉၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၈၂၊ မြေကွက်တည်နေရာအမှတ် ၂၈၂၊ သီရိနန္ဒာ ၂၉လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဝမ်းလှိုင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝမ်းလှိုင်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၆၀၇ (၂၂-၇-၁၁)ဖြင့် လွှဲအပ်ခံရသူ အထူးကိုယ်စားလှယ် ဦးစိုင်းသီဟအောင် ၁၂/ပဇတ(နိုင်)၀၁၂၁၂၅ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၉၁၆၂(၂၂-၅-၁၃)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၂၂

မန်နေဂျာ **နှင့်** ၁။ ဦးညွန့်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဝင်းဝင်းမော်
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၄ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၇)ရပ်ကွက်၊ ကွင်း(၁၈/ခ)ကျွဲလည်ပင်း၊ ဦးပိုင်အမှတ် ၃၇၁၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၄×၂၄)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ လူနေနှစ်ထပ်တိုက်၊ (၁၇×၁၀)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ မီးဖိုချောင်၊ ထမင်းစားဆောင်၊ရေချိုးခန်း၊ ရေအိမ်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၁၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင့်လွင်
တွဲဖက်မြို့နယ်တရားသူကြီး၊ သာစည်မြို့နယ်တရားရုံး

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၆၄

မန်နေဂျာ **နှင့်** ၁။ ဦးငွေမောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်သိဂီဝင်း
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၄၀ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ (၃-ရ/သာယာအေး)၊ ဦးပိုင်အမှတ် ၁၇၊ မြေကွက်အမှတ် ၆၁၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၆×၂၈)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေတစ်ထပ်တိုက်၊ (၁၈×၁၂)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ မီးဖိုချောင်၊ (၉×၆)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ ရေချိုးခန်း၊ ရေအိမ်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၉၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
